ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 7 February 2017 (၈၈၃၀)

**အကြားအမြင်သုတဆည်းပူး**

အကြားအမြင်နည်းသော ယောကျ်ားသည် အသားကို တိုးပွားစေသော နွားလားကြီးနှင့်တူ၏။ သူ၏ဘဝသည် အချည်းနှီးဖြစ်၏။ (အကြားအမြင် ဗဟုသုတဟူသည် လူ၏အဆင်တန်ဆာသဖွယ် ရယူဆည်းပူးအပ်သော အရာဖြစ်၍ အကြားအမြင်ဗဟုသုတတို့ကို ဆည်းပူး စုဆောင်းရာ၏။)

ဇရာဝဂ်(ဓမ္မပဒ-၁၅၂)



## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေးခရီးမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

သတင်း
စာမျက်နှာ - ၃

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာမှာ တိုင်းရင်းသား ပြည်သူအားလုံးကလည်း ပင်လုံစိတ်ဓာတ်အရင်းခံပြီး ညီညွတ်စွာ ပူးပေါင်းလက်တွဲဆောင်ရွက်

**နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့်သဝဏ်လွှာ**

**၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်**

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။**

ဒီကနေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ကျရောက်တဲ့ နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရတဲ့အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

မြန်မာနိုင်ငံဟာ နှစ်ပေါင်းများစွာကတည်းက သမိုင်းအထောက်အထား အခိုင်အမာနဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများ ထွန်းကားခဲ့ပြီး တိုင်းရင်းသားလူမျိုးစုအားလုံးတို့ အေးအတူ ပူအမျှ အခြေချနေထိုင်လာခဲ့ကြတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ထင်ရှားစွာ ရပ်တည်ခဲ့ပါတယ်။ မြေပေါ်မြေအောက် သယံဇာတများကြွယ်ဝခဲ့တဲ့ မိမိတို့နိုင်ငံဟာ ၁၈၈၅ ခုနှစ်မှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါတယ်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်ရေးရရှိဖို့အတွက် ဗြိတိသျှကိုလိုနီအစိုးရနဲ့ ဆွေးနွေးပြီး လွတ်လပ်ရေးကို ပြည်မ၊ တောင်တန်း အတူတကွရယူလိုကြောင်း ဆန္ဒဖော်ထုတ်ဖို့ ရှမ်းပြည်လူထုခေါင်းဆောင်များနဲ့ တောင်တန်းဒေသမှ ခေါင်းဆောင်များကို စုစည်းကာ ရှမ်းပြည်နယ် ပင်လုံမြို့မှာ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှုရရှိအောင် ကြိုးပမ်းခဲ့ပါတယ်။ ရှမ်းတိုင်းရင်းသားများဟာ တောင်တန်းဒေသ တိုင်းရင်းသားများဖြစ်ကြတဲ့ ချင်း၊ ကချင်တို့နဲ့အတူ ပြည်မနဲ့အတူတကွ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



# အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ လက်နက်ကိုင်တိုက်ခဲ့သည့် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းမဟုတ်ဘဲ မတူကွဲပြားသည့် သဘောထားများ သင့်မြတ်စေရန်ဖြစ်

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး၌ UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၆

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒



# ကြေးမုံ

## သစ်တောသယံဇာတဝိုင်းဝန်းထိန်းသိမ်း

မြန်မာနိုင်ငံ၏အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ ရှိသည့်အနက် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကျော်က နိုင်ငံဧရိယာတစ်ဝက်ကျော်(၅၄ ဒသမ ၁၅ ရာခိုင်နှုန်း)သစ်တောကြီးများ ဖုံးလွှမ်းခဲ့သည်။ ၎င်းသစ်တောကြီးများတွင် စတုရန်းမိုင် ၃၄၇၈၉ မှာ ကြိုးဝိုင်းတောများဖြစ်ပြီး စတုရန်းမိုင် တစ်သိန်းကျော်မှာ ကြိုးပြင်တောများဖြစ်သည်။ ထို့နောက် ပြီးခဲ့သည့် နှစ် ၂၀ ခန့်တွင် ကြိုးဝိုင်းတောများမှာ တိုးတက်လာပြီး ကြိုးပြင်တောများမှာ တစ်ဝက်နီးပါးလျော့နည်းသွားသည်ကို တွေ့ရသည်။

ကြိုးဝိုင်းသစ်တောများကို ထိန်းသိမ်းနိုင်မှုကြောင့် တိုးတက်လာသော်လည်း ကြိုးပြင်တောများမှာမူ တစ်စတစ်စ လျော့နည်းသွားသည်။ ကြိုးပြင်သစ်တောများတွင် စနစ်မကျခုတ်လှဲခြင်း၊ နှစ်စဉ်သစ်ခိုးထုတ်မှုများရှိနေခြင်းတို့ကြောင့် ကြိုးပြင်သစ်တောများ လျော့နည်းလာခြင်းဟုဆိုနိုင်သည်။ မကြာသေးမီရက်ပိုင်းကပင် ဝိသမစီးပွားရေးသမားများ ပြည်ပသို့ သစ်ခိုးထုတ်၍ ဖမ်းဆီးရမိသည့်ဖြစ်စဉ်အချို့ကို မြင်တွေ့ရသည်။

သစ်တောကြီးများမှာ အပူအအေး လေမိုးစသည့် ရာသီဥတုတို့ကို ညီညွတ်မျှတကောင်းမွန်စေရန် ကူညီသည်။ မိုးရေကို အလဟဿအကျိုးမဲ့ စီးဆင်းမသွားစေဘဲ ထိန်းသိမ်းထားနိုင်သည်။ ရေစီးတွင် အဖိုးတန်မြေဆီလွှာများ ကြေပျက်မျောပါသွားခြင်းမရှိစေရန်လည်း ကာကွယ်ပေးသည်။ တိုင်းပြည်ဘဏ္ဍာငွေသာမက ပြည်သူများ နေထိုင်အသုံးပြုနိုင်အောင် အထောက်အကူပြုသည့်အပြင် ဂေဟစနစ်ကောင်းမွန်ပြီး သတ္တဝါများ အသက်ရှင်နေထိုင်နိုင်သည့် ရပ်ဝန်းများဖြစ်သည်။

မြန်မာနိုင်ငံ၏သစ်တောပြုန်းတီးမှုသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးအဆင့်ရောက်နေသည်။ သစ်တောများ ပြုန်းတီးမှု၏ဆိုးကျိုး၊ သစ်တောများ ဖြစ်ထွန်းမှု၏ကောင်းကျိုးကို လူအများ သိရှိနားလည်ကြသော်လည်း အသိတရားနှင့် လောဘတို့ကြောင့် ဆက်လက်လျော့နည်းနေခြင်းဖြစ်သည်။ သစ်တောသစ်ပင်များဟူသည်မှာ နိုင်ငံအကျယ်အဝန်းအလိုက် ကြီးမားကျယ်ပြန့်သဖြင့် သစ်တောဝန်ထမ်းများနှင့် ထိန်းသိမ်းစောင့်ရှောက်၊ ကာကွယ်ရန်မှာ မလွယ်ကူချေ။

ကြိုးဝိုင်း၊ ကြိုးပြင်သစ်တောများကို သက်ဆိုင်ရာဌာနက ထိန်းသိမ်းစောင့်ရှောက်နေသလို တစ်ဖက်ကလည်း ရှာဖွေဖမ်းဆီးရေးအပိုင်းကို ဘက်ညီအောင်ဆောင်ရွက်ကြရသည်။ အရေးအကြီးဆုံးမှာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ သတင်းပေးအကြောင်းကြားမှု လိုအပ်သည်။ ပြည်သူလူထုထိထိရောက်ရောက် ပူးပေါင်းပါဝင်လျှင် နိုင်ငံအတွက် အကျိုးများပြီး သားစဉ်မြေးဆက် သစ်တောသယံဇာတများကို လက်ဆင့်ကမ်းအမွေရရှိနိုင်မည်ဖြစ်သည်။

ယခုအခါ သစ်တောပြုန်းတီးမှုမှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ် ကမ္ဘာနှင့်အဝှမ်း ဖြစ်ပေါ်နေသဖြင့် ရာသီဥတုဖောက်ပြန်မှုများကို ဆိုးဆိုးရွားရွားခံစားနေရသည်။ ကမ္ဘာကြီးတွင် သစ်တောများပျက်စီးလာလေ ရာသီဥတု၏ ထိခိုက်မှုဒဏ်ကို ပိုမိုခံရလေဖြစ်သည်။ ထို့ကြောင့် တစ်ဖက်တွင် သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးကို ဆောင်ရွက်သလို တစ်ဖက်တွင် ရှာဖွေဖမ်းဆီးရေးကိုဆောင်ရွက်ကြရပြီး အသိပညာပေးရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ကြရသည်။

သစ်ပင်တစ်ပင်၏တန်ဖိုးမှာ ကြီးမားလှသည်။ သစ်ပင်မှဖြစ်သော အကျိုးများမှာ များလှသည်။ သစ်ပင်တစ်ပင်ဖြစ်လာရန် နှစ်ရှည်လများ စောင့်စားရသဖြင့် သစ်ပင်တစ်ပင်ကို အလွယ်တကူမခုတ်လှဲမိဖို့လိုမည်။ သစ်ပင်နှင့် ပတ်သက်၍ အကြောင်းကိစ္စတစ်ရပ်ရှိလာလျှင် ထိုသစ်ပင်အား ဖြစ်နိုင်သမျှ မခုတ်လှဲနိုင်သည့် နည်းလမ်းတစ်ရပ်ကို ရှာဖွေသင့်သည်။ အထူးသဖြင့် လမ်းဖောက်လုပ်ရေး၊ မြို့ပြလုပ်ငန်းထူထောင်ရေးတွင် သစ်ပင်၏အကျိုးကျေးဇူးကိုမကြည့်ဘဲ မိမိတို့၏အကျိုးစီးပွားကိုသာ ကြည့်ရှုဆောင်ရွက်မှုများမှာ စိတ်မကောင်းစရာပင်။ ဆိုင်ရာလုပ်ငန်းတစ်ခုတည်းက ဆောင်ရွက်ခြင်းမပြုဘဲ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သင့်သည်။

မည်သို့ပင်ဖြစ်စေ သစ်ပင်ကိုချစ်ကြဖို့၊ သစ်ပင်ကိုမြတ်နိုးကြဖို့ လိုပေပြီ။ သစ်ပင်ကိုမချစ်လျှင် ကမ္ဘာလောကကြီးကလည်း မိမိတို့ကိုချစ်လိမ့်မည်မဟုတ်ချေ။ သစ်ပင်ကျိန်စာဟုတင်စားရမည့် လူသားများအပေါ် ကျရောက်လာမည့် ဘေးဆိုးများနှင့်ကင်းဝေးအောင် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

## ဇီဝမျိုးစုံမျိုးကွဲများနှင့် သယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးကြပ်မတ်စစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဖေဖော်ဝါရီ ၄ ရက်က မကွေးမြို့ 'က'အဆင့် အကျဉ်းထောင်သစ်တည်ဆောက်မည့် ဒေါင်းနေကြိုးပြင်ကာကွယ်တောအတွင်း မြေနေရာအား ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက အပူပိုင်းဒေသဖြစ်သည့်အားလျော်စွာ သစ်ပင်ဖြစ်ထွန်းရန် ခဲယဉ်းသည့်အတွက် သစ်ပင်များကို တတ်နိုင်သမျှမခုတ်ဘဲ ပြုစုထိန်းသိမ်း ဆောင်ရွက်ရန်၊ ဆောက်လုပ်မည့် အဆောက်အအုံပုံစံပေါ်မူတည်၍ လိုအပ်သည့်နေရာများတွင် သစ်ပင်များ ထပ်မံဖြည့်စွက်စိုက်ပျိုးရန်တို့ကို ဆွေးနွေးမှာကြားသည်။ ယင်းနောက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက တည်ထောင်စိုက်ပျိုးခဲ့သည် ၂၀၁၆ ခုနှစ် ကျေးရွာသုံးစိုက်ခင်းဧက ၁၀၀ ရှင်သန်အောင်မြင်မှုအခြေအနေနှင့် ၂၀၁၇ ခုနှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးမည့် ကျေးရွာသုံးစိုက်ခင်းဧက ၁၂၀ အတွက် စိုက်ခင်းအကြိုလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဉယျာဉ်ရုံးသို့ ရောက်ရှိ၍ ရှားပါးမျိုးစိတ်ဖြစ်သည့် မြန်မာ့ကြယ်လိပ်များအား မျိုးမသုဉ်းစေရေး ခြံလှောင်မွေးမြူထိန်းသိမ်းစောင့်ရှောက်၍ တိုးပွားလာသော ကြယ်လိပ်များအား သဘာဝတောအတွင်း ပြန်လည်စေလွှတ်မှု အခြေအနေများကိုလည်းကောင်း၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ရွှေသမင်မွေးမြူရေးခြံအား လည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေမူကြမ်းအား သဘောထားအမြင်ရယူခြင်း အလုပ်ရုံဆွေးနွေး

**အမ်း ဖေဖော်ဝါရီ ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ ရခိုင်ပြည်နယ် စည်ပင်သာယာရေး ဥပဒေမူကြမ်းအား အရပ်ဘက်အဖွဲ့အစည်းများထံမှ သဘောထားအမြင် ရယူခြင်း အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။



အလုပ်ရုံ ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမင်းအောင်က ရခိုင်ပြည်နယ် စည်ပင်သာယာရေး ဥပဒေမူကြမ်း ရေးဆွဲထားရှိမှုအခြေအနေ ဆွေးနွေးပြောကြားခဲ့ပြီး YANGON WATCH အဖွဲ့မှ ဒေါ်ညိုညိုသင်းက ရခိုင်ပြည်နယ် စည်ပင်သာယာရေး ဥပဒေနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို နိုင်ငံတကာ အတွေ့အကြုံ၊ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စည်ပင်သာယာရေးဥပဒေရေးဆွဲမှု အတွေ့အကြုံများကို နှိုင်းယှဉ်ဆွေးနွေးသည်။ ယင်းနောက် မြို့နယ် ၁၇ မြို့နယ်မှ စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များနှင့် စုစုပေါင်း ၈၈ ဦးတို့က ရခိုင်ပြည်နယ် စည်ပင်သာယာရေး ဥပဒေမူကြမ်းအား သဘောထားအကြံပြုချက်များကို ဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

■

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်(ရွှေဈေး) ၈၈၁၀၀၀ - ၈၈၁၀၀၀ မန္တလေး(ရွှေဈေး) ၈၈၁၀၀၀ - ၈၈၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၆. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၅၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၅၄၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၂၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၉၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၁. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၆၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၈. ၆၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၀. ၁၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့တွင်းရှိ ဘန္တေဆရီကျောင်းတော်ကြီးကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ရေးရာဝန်ကြီးနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဆီရမ်ရိ(ပ်)မြို့အတွင်းရှိ ကျေးလက်ဒေသလူနေမှုဘဝများနှင့် ခမာအတတ်ပညာ၏ ရတနာတစ်ပါးဖြစ်သည့် ဘန္တေဆရီကျောင်းတော်ကြီးကို သွားရောက်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် နံနက်ပိုင်းတွင် ဆီရမ်ရိ(ပ်)မြို့နယ် ကျေးလက်ဒေသရှိ ကျေးလက်လူနေမှုဘဝပုံစံများ၊ ၎င်းတို့၏ ရိုးရာလက်မှုပညာထုတ်ကုန်များနှင့် မိရိုးဖလာလုပ်ငန်းထုတ်ကုန်များ ထုတ်လုပ်ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် ခမာရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများအနက် ကျောက်ဆစ်ပညာဖြင့်တန်ဆာဆင်မှု ရာနှုန်းအများဆုံးအဖြစ် စံတင်ထားသည့် ဘန္တေဆရီကျောင်းတော်ကြီးကို သွားရောက်ကြည့်ရှုလေ့လာသည်။

ဘန္တေဆရီကျောင်းတော်ကို ၁၉၁၄ ခုနှစ်က ပြင်သစ်အရှေ့အလယ်ပိုင်း ဘာသာလေ့လာရေးသိပ္ပံမှ သုတေသနပြုပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့်အတွက် အန်ကောဒေသတွင် ပထမဦးဆုံး ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည့် အဆောက်အအုံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဘန္တေဆရီကျောင်းတော်ကို ဒုတိယမြောက် သူရိယာဝါမန်မင်းအုပ်စိုးစဉ် အေဒီ ၉၄၄-၉၆၈ အတွင်း အပြီးဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဘန္တေဆရီကျောင်းတော်သည် ခမာရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများအနက် ကျောက်ဆစ်ပညာဖြင့် တန်ဆာဆင်မှု ရာနှုန်းအများဆုံးအဖြစ် စံတင်ထားသည်။ ထို့ကြောင့် ခမာမြို့ဟောင်း အန်ကောသုန်ဝန်းကျင်ရှိ ရှေးဟောင်းအဆောက်အအုံများကို ကျော်လွန်၍ အတန်အလှမ်းကွာဝေးသော ဘန္တေဆရီသို့ သုတေသီနှင့် ကမ္ဘာလှည့်ခရီးသည်များ မဖြစ်မနေသွားရောက်လေ့လာရသောနေရာအဖြစ် ဝင့်ထည်လျက်ရှိသည်။

ထို့ပြင် ဘန္တေဆရီကျောင်းတော်ကို "ခမာအမျိုးသမီးတို့၏ ရဲတိုက်"ဟု တင်စားခြင်းခံရသည့်အပြင် ၎င်း၏ ဗိသုကာလက်ရာနှင့် အနုပညာလက်ရာများသည် ပြိုင်ဘက်ကင်း၍ ထူးခြားသောဝိသေသကို ပိုင်ဆိုင်ထားသည့်အတွက် "ခမာအတတ်ပညာ၏ ရတနာတစ်ပါး"ဟုလည်း တင်စားကြသည်။

ယင်းအဆောက်အအုံကို အတွင်းအုတ်တံတိုင်း အပါအဝင် တံတိုင်းသုံးထပ်ဖြင့် ဝန်းရံထားပြီး ကျုံးဖြင့် ကာရံထားသည်။ မုခ်ဦး ငါးခုပါဝင်ပြီး အတွင်းမုခ်ဦး၊ အလယ်မုခ်ဦး၊ မဟာရံတံတိုင်း သုံးခုအတွက် မုခ်ဦး သုံးခု စုစုပေါင်း မုခ်ဦး ငါးခုရှိသည်။ ဒုတိယနှင့် တတိယမဟာရံတံတိုင်းအတွင်း ပိဋကတ်တိုက် အပါအဝင် သျှိုဝနှင့်၊ ဗိဿနိုးနတ်မင်းကြီးများဆိုင်ရာ ဟိန္ဒူအယူဝါဒအတွက် ရည်ရွယ်တည်ဆောက်ထားသည့် အဆောက်အအုံများဖြင့် ဖွဲ့စည်းထားပြီး ထိုအဆောက်အအုံများကို ဒူးတစ်ဖက်ထောင်လျက်ရှိသော လူကိုယ်နှင့် တိရစ္ဆာန်ဦးခေါင်းပုံ စိတ်ကူးယဉ်သတ္တဝါများက စောင့်ရှောက်နေဟန် ထုလုပ်ထားသည်။

နံရံများရှိ ဂျီဩမေထရီဒီဇိုင်းပုံ ကျောက်ကနုတ်ပန်းများ၊ မုခ်ဆောင်များ၏ မကန်းခံတွင်းတွင် ခြသေ့်နှင်းနေဟန်ပုံများ၊ ရာမယဏဆိုင်ရာ ရုပ်လုံးများနှင့် ဒဿဂီရိက ကေလာသတောင်ကို လှုပ်ခါနေပုံများကို တွေ့ရသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဆီရမ်ရိ(ပ်)မြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာရာ နေပြည်တော်သို့ မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ရောက်ရှိပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့နယ် ကျေးလက်ဒေသရှိ ရိုးရာလက်မှုပညာထုတ်ကုန်များကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့မှ ပြန်လည်ထွက်ခွာရာ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

## မက္ကဆီကိုပြည်ထောင်စုဆိုင်ရာ သံအမတ်ကြီး ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မက္ကဆီကိုပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီး ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးဝင်းနိုင်အား ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအပ်ချုပ်သင်တန်းဖွင့်

**ကျိုက်မရော ဖေဖော်ဝါရီ ၆**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံ မော်တာအပ်ချုပ်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်ကပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးကြည်၊ ခရိုင်ဦးစီးမှူး ဦးရဲဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၂၅ ဦး တက်ရောက်၍ သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဂျပန်-အမေရိကန် မဟာမိတ်ဆက်ဆံရေးခိုင်မာမှုကို ပြသလိုသည့် အာဘေး

**တိုကျို ဖေဖော်ဝါရီ ၆**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်နှင့် တွေ့ဆုံသည့်အခါ ဂျပန်-အမေရိကန်နှစ်နိုင်ငံ မဟာမိတ်ဆက်ဆံရေး၏ခိုင်မာအားကောင်းမှုကို ကမ္ဘာသို့ ချပြသွားလိုကြောင်း ပြောကြားသည်။ အာဘေးသည် သောကြာနေ့တွင် ထရန့်နှင့် တွေ့ဆုံရန် စီစဉ်ထားသည်။

ဂျပန်နိုင်ငံနှင့် ဒေသတွင်း၌ ငြိမ်ချမ်းရေးနှင့် တည်ငြိမ်မှုကို အထောက်အကူပြုနိုင်မည့် သတင်းစကားတစ်ခု ဆောင်ကြဉ်းနိုင်မည်ဟုယုံကြည်ကြောင်း အာဘေးကပြောကြားသည်။ အာရှ-ပစိဖိတ်ဒေသအပါအဝင် ကမ္ဘာ့တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် ထရန့်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန်လည်း ဆန္ဒရှိကြောင်း အာဘေးက ပြောကြားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်စ်က အမေရိကန်-ဂျပန် လုံခြုံရေးသဘောတူစာချုပ် အပိုဒ်ခွဲ ၅ အရ အရှေ့တရုတ်ပင်လယ်ရှိ ရှင်ကာကူကျွန်းကို အကာအကွယ်ပေးရမည်ဖြစ်ကြောင်း လွန်ခဲ့သည့်သီတင်းပတ်တွင် အာဘေးနှင့် တွေ့ဆုံစဉ် ရှင်းရှင်းလင်းလင်းအသိပေးခဲ့သည်။ အဆိုပါအပိုဒ်ခွဲပြဋ္ဌာန်းချက်သည် ဂျပန်နိုင်ငံကို အမေရိကန်က ကာကွယ်ပေးရန် တာဝန်ရှိသည်။

ရှင်ကာကူကျွန်းစုကို ဂျပန်နိုင်ငံကထိန်းချုပ်ထားပြီး အဆိုပါကျွန်းစုနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံသည် တရုတ်၊ ထိုင်ဝမ်တို့နှင့် ပိုင်နက်နယ်မြေအငြင်းပွားမှုများဖြစ်ပွားလျက်ရှိသည်။ အာဘေးနှင့် ဂျင်မက်တစ်စ်တို့သည် အာရှ-ပစိဖိတ်ဒေသတွင် ဂျပန်-အမေရိကန်လုံခြုံရေးဆိုင်ရာ မဟာမိတ်ဆက်ဆံရေး၏ အရေးပါမှုကို အသိအမှတ်ပြုခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ။**



# ပြင်သစ်လက်ယာအစွန်းရောက်ခေါင်းဆောင် မာရင်းလီပန်း သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးစတင်

**လီယွန် ဖေဖော်ဝါရီ ၆**

ပြင်သစ်နိုင်ငံ၌ လက်ယာအစွန်းရောက်ခေါင်းဆောင်မာရင်းလီပန်းသည် သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို စတင်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။




အမျိုးသားတပ်ဦး (အက်ဖ်အင်န်) အမည်ရှိ ပါတီ၏အကြီးအကဲဖြစ်သူ လီပန်းသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့် မဲဆွယ်စည်းရုံးရေးကာလတွင် ဟောပြောခဲ့ပုံမျိုးဖြင့် မဲဆွယ်လျက်ရှိသည်ဟု ဝေဖန်မှုပေါ်ထွက်လျက်ရှိသည်။ အမျိုးသမီးသမ္မတလောင်းတစ်ဦးဖြစ်သူ လီပန်းက ပြင်သစ်သည်သာ ပထမနေရာတွင်ရှိရမည်ဟု ထရန့်နည်းတူ ကြွေးကြော်ထားသည်။

အလုံးအရင်းဖြင့် ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှု၊ ကမ္ဘာလွှမ်းခြုံပေါင်းစည်းလှုပ်ရှားမှုနှင့် ဘာသာရေးအစွန်းရောက် လှုပ်ရှားမှုတို့နှင့်ပတ်သက်၍ လီပန်းက ဝေဖန်ထိုးနှက်ကာ ပြောကြားလျက်ရှိသည်။

သမ္မတရွေးကောက်ပွဲကြီး မကျင်းပမီ သုံးလခန့်သာလိုတော့ချိန်တွင် မဲဆွယ်စည်းရုံးမှုကို လီပန်းက စတင်ခဲ့သည်။ ပြင်သစ်နိုင်ငံအလယ်ပိုင်း လီယွန်မြို့၌ဖေဖော်ဝါရီ ၅ ရက်က နိုင်ငံရေးတရားဟောရာတွင် လီပန်းက ဗြိတိန်နိုင်ငံကို ထုတ်ဖော်ချီးကျူးခဲ့သည်။ ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် ရွေးချယ်ခြင်းမှာ မှန်ကန်သည်ဟု ထောက်ခံပြောဆိုသည်။ နိုင်ငံတစ်နိုင်ငံအတွက် အမျိုးသားရေးအကျိုးစီးပွားသည်သာလျှင် ပထမဖြစ်ရမည်ဟူ၍ မဲဆန္ဒရှင်များကို ဆွဲဆောင်စည်းရုံးကာ ထရန့်က ရွေးကောက်ပွဲအောင်ပွဲခံခဲ့ကြောင်း၊ ပြင်သစ်မဲဆန္ဒရှင်များသည်လည်း ထရန့်အား ထောက်ခံသည့်မဲဆန္ဒရှင်များကို အတုယူသင့်ကြောင်း လီပန်းက တိုက်တွန်းခဲ့သည်။

အသက်(၄၈)နှစ်ရှိ လီပန်း၏ လူထုဟောပြောပွဲသို့ ပရိသတ် ၃၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ပြင်သစ်နိုင်ငံသမ္မတရွေးကောက်ပွဲ၏ ပထမအကျော့မဲပေးပွဲကို ဧပြီ ၂၃ ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့မဲပေးပွဲကို မေ ၇ ရက်တွင်လည်းကောင်း ကျင်းပရန် စီစဉ်ထားသည်။ လီပန်း၏ အဓိကပြိုင်ဘက်အဖြစ် ဘဏ်လုပ်ငန်းရှင်ဟောင်း အီမာနျူယယ် မေခရွန်က ယှဉ်ပြိုင်မည်ဖြစ်သည်။

**ရိုက်တာ။**

## ရုရှားထံမှ ယူရေနီယမ် ၁၄၉ တန် ဝယ်ယူတင်သွင်းမှု အီရန်ထုတ်ဖော်ပြောဆို

**တီဟီရန် ဖေဖော်ဝါရီ ၆**

အီရန်နိုင်ငံသည် ရုရှားနိုင်ငံထံမှ ယူရေနီယမ် ၁၄၉ တန်တင်သွင်းသည့် အစီအစဉ်အရ ဒုတိယနှင့်နောက်ဆုံးအသုတ်ယူရေနီယမ်ကို ဖေဖော်ဝါရီ ၇ ရက်တွင် ရရှိမည်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့အကြီးအကဲ အလီအက္ကဘာ ဆာလေနီက ပြောကြားသည်။

ရုရှားနိုင်ငံက ပထမအသုတ်အဖြစ် လေယာဉ်ဖြင့် ပေးပို့ခဲ့သော ယူရေနီယမ်ကို ဇန်နဝါရီ ၂၆ ရက်တွင် လက်ခံရရှိခဲ့ပြီး ထပ်မံပေးပို့မည့် ယူရေနီယမ်ကို ဖေဖော်ဝါရီ ၇ ရက်တွင် လက်ခံရရှိမည်ဟု ဆိုသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် လက်မှတ်ရေးထိုးခဲ့သော နျူကလီးယားသဘောတူညီချက်အရ အီရန်နိုင်ငံသည် ယူရေနီယမ်သန့်စင်ခွင့်ရှိပြီး ပြည်ပသို့ရောင်းချခွင့်လည်းရှိကြောင်း အက္ကဘာက ပြောကြားသည်။ အီရန်နိုင်ငံသည် အရပ်ဘက်သုံးနျူကလီးယားအစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

အီရန်သို့ ယူရေနီယမ်တင်ပို့မှုကို သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် အမေရိကန်နှင့်အခြားနိုင်ငံများက ခွင့်ပြုပေးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် နျူကလီးယားသဘောတူညီချက်ရရှိခဲ့ပြီးနောက်ပိုင်း အီရန်နိုင်ငံသည် ယူရေနီယမ် ၃၅၉ တန်ကို တင်သွင်းခဲ့ပြီးဖြစ်ကြောင်း အက္ကဘာက ပြောကြားသည်။

အီရန်နိုင်ငံသည် အိုင်အာရ်-၈ အမျိုးအစား ဗဟိုခွာအားစက်ကို အောင်မြင်စွာ စမ်းသပ်ခဲ့သည်ဟု အီရန်တာဝန်ရှိသူများက လွန်ခဲ့သည့်လတွင် ပြောကြားခဲ့ကြသည်။ **ပီတီအိုင်။**



## ကရာချိမြို့ရှိ အာဖဂန်ကောင်စစ်ဝန်ရုံးတွင် သေနတ်ပစ်ခံရ၍ သံတမန်တစ်ဦးသေဆုံး



**ကရာချိ ဖေဖော်ဝါရီ ၆**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့ရှိ အာဖဂန်ကောင်စစ်ဝန်ရုံးအတွင်း ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက အာဖဂန်သံတမန်ဝန်ထမ်းတစ်ဦး သေနတ်ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရကြောင်း၊ ယင်းဖြစ်ရပ်မှာ ပုဂ္ဂိုလ်ရေးအရ အငြင်းပွားမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ကောင်စစ်ဝန်ရုံးမှ တတိယအတွင်းဝန်အဆင့်ရှိသူတစ်ဦးကို ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်းတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ အဆိုပါသံတမန်မှာ သေဆုံးရပြီး သေနတ်ဖြင့် ပစ်ခတ်သူကိုလည်း ဖမ်းဆီးထားကြောင်း ပါကစ္စတန်ရဲအရာရှိ ဆာအိ အစ္စမေးလ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

လုံခြုံရေးအစောင့်ဝန်ထမ်းသည် ၎င်းကိုင်ဆောင်ထားသည့် အလိုအလျောက်စနစ်သုံး လက်နက်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့ကြောင်း အစ္စမေးလ်က ပြောကြားသည်။ ယင်းလုံခြုံရေးဝန်ထမ်းမှာ အာဖဂန်လူမျိုးဖြစ်သည် ဆို၏။

အာဖဂန်နစ္စတန်သံတမန်ဝန်ထမ်းသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရပြီးနောက်တွင် ပါကစ္စတန် စစ်ရဲများက ကောင်စစ်ဝန်ရုံးရှေ့၌ ဓာတ်ပုံရိုက်ကူးမှုမပြုနိုင်အောင် တားမြစ်ခဲ့သည်။

သေဆုံးသွားသည့် အာဖဂန်သံတမန်နှင့် လုံခြုံရေးဝန်ထမ်းတို့ ပုဂ္ဂိုလ်ရေးအရ အငြင်းပွားမှုကြောင့် ယင်းသို့ ပစ်ခတ်သတ်ဖြတ်မှုဖြစ်ပွားခဲ့ရကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့ ဒုတိယစစ်ဆေးရေးမှူးချုပ် အဇစ်ခန်က ပြောကြားသည်။

**ရိုက်တာ။**

# ပြည်သူများ ဒီမိုကရေစီအလေ့အကျင့်ရရှိရေးနှင့် အသိအမြင်မှန်ကန်ရေး အထောက်အကူပြုစေရန် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထမြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပျော်ဘွယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး၏ **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းရေးဆိုင်ရာဥပဒေအား ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ရှင်းလင်းဖြေကြားရာတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့အား ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များကို လေ့လာသုံးသပ်ပြီး လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည့်ပြည့်စုံစုံရေးဆွဲ၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရန် လမ်းညွှန်တာဝန်ပေးအပ်ခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်များနှင့် ပူးပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးပါက ၎င်းဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး၏ **ရွှေတောင် အမှတ်(၁)အထည်စက်ရုံ၏ အနာဂတ်စီမံကိန်းကို အကောင်အထည်ဖော်သည့်အချိန်နှင့် စီမံကိန်းပြီးစီးချိန်တို့တွင် ဒေသခံပြည်သူလူထုအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်မှု အခြေအနေများကို ပြည့်စုံစွာ သိရှိလိုခြင်း** မေးခွန်းကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပထမအဆင့်အနေဖြင့် အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်)ကို ပြောင်းလဲလာသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နည်းပညာနှင့် စက်ပစ္စည်းများ အဆင့်မြှင့်တင်၍ အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန် စက်ရုံရှိ အချောကိုင်ဌာနအား ဂျပန်နိုင်ငံ ဆုယမိုတိုကုမ္ပဏီလီမိတက်နှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်လျက်ရှိကာ ကုမ္ပဏီအနေဖြင့် Feasibility Study ပြုလုပ်လျက်ရှိပြီး မကြာမီ စီမံကိန်းဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်နှင့် စီမံကိန်းကာလတို့ကို ညှိနှိုင်းသတ်မှတ်နိုင်မည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် စက်ရုံဧရိယာရှိ မြေလွတ်(၁၂၇)ဧကအား Specialized Textile and Garment Zone ( STGZ) အဖြစ် ဆက်လက်ဖော်ထုတ်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါစက်မှုဇုန်တွင် ချည်မျှင်နှင့် အထည်လုပ်ငန်း၏ Supply Change အတွက် ဒေသခံလုပ်ငန်းရှင်များအပါအဝင် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များကိုဖိတ်ခေါ်၍ ဆောင်ရွက်သွားမည်ဖြစ်ရာ စက်ရုံကိုအမှီပြု၍ ရွှေတောင်ဒေသတွင် အထည်အလိပ်လုပ်ငန်းဆိုင်ရာ စက်မှုဇုန်တစ်ခုဖြစ်ပေါ်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရုံသာမက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေမည် ဖြစ်ပါကြောင်း၊



ဦးဝင်းမြင့်(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်)

ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်)နှင့်အတူ ပေါ်ထွန်းလာမည့် အထည်အလိပ်လုပ်ငန်းဆိုင်ရာ စက်မှုဇုန်ရှိ ပြည်တွင်း၊ ပြည်ပနှင့် ဒေသခံလုပ်ငန်းများအကြား ကုန်ထုတ်လုပ်မှုကွင်းဆက်များ ချိတ်ဆက်မိပြီး မြန်မာနိုင်ငံ၏ အထည်အလိပ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး၏ **ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် နိုင်ငံသားများ ဒီမိုကရေစီအလေ့အကျင့်ရစေရန်နှင့် ပြည်သူလူထု အသိအမြင်မှန်စေရန်၊ လုပ်ဆောင်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် နိုင်ငံသားတိုင်း ဒီမိုကရေစီအလေ့အကျင့်ရှိရန်လိုအပ်ပါကြောင်း၊ ယင်းအလေ့အကျင့်ရရှိစေရန် နိုင်ငံသားတိုင်းတွင် အသိ၊ ဉာဏ်ပညာ အခြေခံရှိရန်လိုအပ်ပါကြောင်း၊ ယခုအစိုးရသစ်၏ ပြည်သူကို မျက်နှာမူခြင်း မူဝါဒအရ ပြည်သူများထံသို့ အသိပညာနှင့် သတင်းအချက်အလက်များ မှန်ကန်စွာရောက်ရှိရန် စတုတ္ထမဏ္ဍိုင်က ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးရပါကြောင်း၊ ဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် ပြည်သူအားလုံးပါဝင်လာစေရန်အတွက် ပြည်သူများကိုယ်တိုင် ဒီမိုကရေစီအလေ့အကျင့်နှင့် မှန်ကန်သည့် သတင်းအချက်အလက်၊ အသိပညာများ ရရှိစေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ပညာပေးရန်၊ ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ရည်မှန်းချက်တာဝန်သုံးခုကို ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရှိဖြင့် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် ပြည်သူအားလုံးက လွတ်လပ်မှုကို အဓိပ္ပာယ်ကောက်လွဲပြီး တလွဲဖော်ဆောင်မှု မရှိစေရန်နှင့် ဒီမိုကရေစီ၏ ကျင့်စဉ်နှင့် အလေ့အထကို ပြည်သူလူထုကသိရှိပြီး ပူးပေါင်းပါဝင်လာမှသာလျှင် ထိရောက်အောင်မြင်မည် ဖြစ်ပါကြောင်း၊ ယင်းသို့ လုပ်ဆောင်ရာတွင် လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းအသီးသီးတို့အကြား မတူသည့်သဘောထားအမြင်များ ရှိနိုင်သည်ဟူသည့်အချက်ကို လက်ခံနားလည်ပြီး အများစု၏အားဖြင့် ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်မီဒီယာများကို အစိုးရဘက်မှ တစ်ဖက်သတ်ပြောနေခြင်းမျိုးမဟုတ်ဘဲ အများပြည်သူဘက်က ပြန်လည်ပြောဆိုသည့် အသံများ၊ အထင်အမြင်များ၊ ရေးသားချက်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပြီး ပြည်သူများ ဒီမိုကရေစီအလေ့အကျင့် ရရှိရေးနှင့် အသိအမြင်မှန်ကန်ရေးတို့မှာ အထောက်အကူပြုစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဥပမာအားဖြင့် ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် ဒီမိုကရေစီစိတ်ထားအစီအစဉ်၊ ပြည်သူ့နီတိအစီအစဉ်နှင့် ဥပဒေရေးရာအဖြာဖြာ အစီအစဉ်များကို ပုံမှန်အစီအစဉ်များဖြင့် ထုတ်လွှင့်ပြသပေးခြင်း၊ သတင်းစာများတွင် ပြည်သူ့သဘောထားစင်မြင့် အပါအဝင် ပြင်ပဆောင်းပါးရှင်များ၏ အာဘော်များကို ထည့်သွင်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပနိုင်ရေးအတွက် ဒီမိုကရေစီလမ်းကြောင်းကို အထောက်အပံ့ဖြစ်စေမည့် ရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ရိုက်ကူးနိုင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် တွေ့ဆုံခဲ့ပြီး စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးမေးမြန်းသည့် နိုင်ငံသားများ ဒီမိုကရေစီအလေ့အကျင့်ရရှိရေးနှင့် ပြည်သူလူထုအသိအမြင်မှန်စေရေး၊ သတင်းအချက်အလက်နှင့် အသိပညာဖြန့်ဝေခြင်းများကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပင်မလုပ်ငန်းတာဝန်အဖြစ် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်က **ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက် ထည့်သွင်းလျာထား၍ စနစ်တကျ ပညာပေးအစီအစဉ်များ ပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို** တင်သွင်းရာ မကွေးတိုင်းဒေသကြီး ထီးလင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လင်းဦးက ထောက်ခံသဖြင့် အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်၏ သဘောတူညီမှုကိုရယူရာ လွှတ်တော်က သဘောတူညီသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန်** လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က သဘောတူသဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**အောင်နိုင်(သတင်းစဉ်)**

# ဌာနတွင်းပြောင်းရွှေ့ခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်နှင့် အများအယွင်းမဖြစ်စေရန် ထိန်းကျောင်းထားပြီးဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ၏ **နိုင်ငံ့ဝန်ထမ်းခန့်ထားရေး၊ အလုပ်နေရာပြောင်းရွှေ့ရေးနှင့် ရာထူးတိုးမြှင့်ရေးကိစ္စများတွင် အဂတိကင်းစင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းက အထက်ပါအတိုင်း ဖြေကြားသည်။

ထို့ပြင် ဌာနတွင်း ပြောင်းရွှေ့ခြင်းများနှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ လုပ်ငန်းသဘောသဘာဝများ တူညီမှုမရှိ၍ ဌာနအကြီးအကဲများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် စီမံခန့်ခွဲမှုနည်းလမ်းများနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ တစ်ဦးတစ်ယောက်တည်း၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရန်မဟုတ်ဘဲ အရည်အချင်း စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၇ တို့တွင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်သကဲ့သို့ အလုပ်နေရာ အရွှေ့အပြောင်းနှင့်စပ်လျဉ်း၍လည်း ဌာနတွင်း ပြောင်းရွှေ့ခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ရခြင်းဖြစ်၍ အမှားအယွင်းမဖြစ်စေရန် ထိန်းကျောင်းထားပြီး ဖြစ်ပါကြောင်း ပြန်လည် ရှင်းလင်းဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ကျောက်တော်မြို့နယ် ကျောက်တော်-သရက်အုပ်- ငါးယောက်ကိုင်း-စံသာပြင်-သလူချောင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျောက်တော်-သရက်အုပ်-ငါးယောက်ကိုင်း-ဆန်းသစ်ပြင်-သလူးချောင်း ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိ၍ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအေးချို၏ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ရေးဆိုင်ရာ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားသည်။

ထို့နောက် **မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အစီရင်ခံစာတွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ၁၉၉၅ ခုနှစ်တွင် ပုဒ်မ ၅၄ ခုဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ပြင်ဆင်ချက် ၉ ချက်ပါ ပြင်ဆင်သည့် ဥပဒေ၊ ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ချက် ၉၄ ချက်ပါ ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ လက်ရှိတွင် မူလဥပဒေနှင့် ထပ်ဆင့်ပြင်ဆင်သည့် ဥပဒေနှစ်ရပ် စုစုပေါင်း တည်ဆဲဥပဒေ ၃ ခုရှိပြီး ယခု တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေကို လေ့လာခြင်း၊ လိုက်နာကျင့်သုံးခြင်း ပြုရာတွင် ဥပဒေများ အများအပြားကို တစ်ပြိုင်နက် လေ့လာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မူလဥပဒေတွင်ပါရှိပြီး မျက်မှောက်ကာလအထိ အတည်ဖြစ်နေသော ပုဒ်မများ၊ ပြင်ဆင်သည့် ဥပဒေနှင့် ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေများပါရှိသောပုဒ်မများ၊ တတိယအကြိမ် ပြင်ဆင်ရန် တင်ပြထားသော အပိုဒ်များကို



မန်းဝင်းခိုင်သန်း(ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်)

**စာမျက်နှာ ၆ သို့»»»**

# ငြိမ်းချမ်းပျော်ရွှင် အနာဂတ်နိုင်ငံတော်သစ်ဆီသို့

## လှလေးစိန်(ရွှေလုံမြေ)

မြန်မာ့မြေ၊ မြန်မာ့ရေတွင် မှီတင်းနေထိုင်ကြကုန်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားပြည်သူအပေါင်းသည် ရှေးနှစ်ပေါင်းများစွာမှစ၍ ချစ်ကြည်စွာ အေးအတူ၊ ပူအမျှ ဥမကွဲ၊ သိုက်မပျက် လက်တွဲနေထိုင်လာခဲ့ကြသော သွေးရင်းသားရင်းများဖြစ်ကြသည်။ ပဒေသရာဇ်ခေတ်အတွင်း ရံဖန်ရံခါ ပဒေသရာဇ်အချင်းချင်းပြိုင်ဆိုင်မှုများကြောင့် ပဋိပက္ခများ၊ စစ်ပွဲများ ဖြစ်ပွားလေ့ရှိသော်လည်း တိုင်းရင်းသားအချင်းချင်းမှာမူ စည်းလုံးညီညွတ်မြဲ စည်းလုံးညီညွတ်ခဲ့ကြသည်။

ဗြိတိသျှနယ်ချဲ့တို့က ၁၈၂၄၊ ၁၈၅၂ နှင့် ၁၈၈၅ ခုနှစ်တို့တွင် မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ် ဆင်နွှဲခဲ့ရာတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားတို့က ဗြိတိသျှနယ်ချဲ့ကျူးကျော်သူများကို သွေးစည်းညီညွတ်စွာ တံ့ပြန်ခုခံတိုက်ခိုက်ခဲ့ကြသည်။ သို့သော် လက်နက်အင်အားမမျှ၍ အရေးနိမ့်ခဲ့ရပြီး ဗြိတိသျှတို့၏သိမ်းပိုက်မှုကို ခံခဲ့ရသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ပြည်မနှင့် တောင်တန်းဒေသများကို အုပ်ချုပ်ရေးခွဲခြားခဲ့သည့်အပြင် မြန်မာနှင့် တိုင်းရင်းသားများအကြား သွေးခွဲစနစ်ကျင့်သုံးခဲ့သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိမ်းယိုင်လာခဲ့သည်။

ဗြိတိသျှတို့က ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ရှမ်း၊ ကချင်နှင့် ချင်းတောင်တန်းဒေသတို့ကို ဆက်လက်သိမ်းသွင်းခဲ့ပြီး ၎င်းဒေသတို့တွင် ဗြိတိသျှတို့ကြီးကြပ်မှုဖြင့် အစဉ်အလာပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ကို ဆက်လက်ထားရှိခဲ့သည်။ ဗြိတိသျှတို့သည် တိုင်းရင်းသားတို့နေထိုင်ရာ တောင်တန်းဒေသများကို မတိုးတက်၊ မဖွံ့ဖြိုးသေးသောဒေသများ၊ ခြွင်းချန်ဒေသများ၊ ဇယားဝင်ဒေသများ စသည်ဖြင့် အမည်အမျိုးမျိုးပေးကာ အဆင့်အတန်းသတ်မှတ်သကဲ့သို့ အုပ်ချုပ်ရေးတွင်လည်း မြန်မာပြည်မနှင့် ခွဲခြား၍ အုပ်ချုပ်စေခဲ့သည်။ ထိုသို့ တောင်တန်းနှင့် ပြည်မ ခွဲခြား၍အုပ်ချုပ်ခဲ့သဖြင့် ၁၉၂၃ ခုနှစ်တွင် ဗြိတိသျှတို့ မြန်မာနိုင်ငံကိုပေးအပ်ခဲ့သည့် ဒိုင်အာခီအုပ်ချုပ်ရေးကိုလည်းကောင်း၊ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ (စီရင်အုပ်ချုပ်မှု) ဥပဒေအရ ၁၉၃၇ ခုနှစ်တွင် မြန်မာပြည်မ၌ကျင့်သုံးခဲ့သည့် ၉၁ ဌာန အုပ်ချုပ်ရေးကိုလည်းကောင်း တောင်တန်းဒေသများ မခံစားရဘဲ တောင်တန်းဒေသများသည် ပဒေသရာဇ်နွံအတွင်း၌သာ ကျင်လည်နေခဲ့သည်။

ဗြိတိသျှတို့သည် မြန်မာနိုင်ငံတွင် ပထဝီနိုင်ငံရေးအရ လူမျိုးကိုယ်စီ ဒေသသီးခြားနေထိုင်ခဲ့ကြသည့် တောင်တန်းသားနှင့် မြေပြန့်သားတို့အကြား အုပ်ချုပ်ရေးခွဲခြားခဲ့သည့်အပြင် သွေးခွဲစနစ်ကိုပါ ကျင့်သုံးသည့်အတွက် တောင်တန်းသားနှင့် မြေပြန့်သားများအကြား သွေးကွဲမှုများရှိလာကာ အချင်းချင်း သံသယစိတ်များပေါ်ပေါက်ခဲ့ရသည်။ ဗြိတိသျှတို့၏ နယ်မြေဖြတ်သန်းရေးဥပဒေကြောင့် တစ်နယ်နှင့်တစ်နယ် ကူးသန်းသွားလာရာတွင် အဟန့်အတားဖြစ်သည်သာမက တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံခွင့်မရသည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုလည်း တားဆီးရာရောက်စေခဲ့သည်။

ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့သည့် မြန်မာတို့သည် လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ ၁၉၃၉ ခုနှစ် ဥရောပ၌ ဒုတိယကမ္ဘာစစ်မီးတောက်လောင်ချိန် ဗြိတိသျှတို့ စစ်ဘေးဒဏ်ကို အလူးအလဲခံနေရရာ မြန်မာပြည်သူတို့က ဤအချိန်သည် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရန် အခွင့်အခါကောင်းဟု ယူဆခဲ့ပြီး မြန်မာမျိုးချစ်လူငယ်တို့သည် အင်္ဂလိပ်အခက်၊ ဗမာအချက်ဟု ကြွေးကြော်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်အကူအညီယူကာ အင်္ဂလိပ်တို့ကို မြန်မာ့မြေမှ တိုက်ထုတ်ခဲ့သည်။

သို့သော် ဖက်ဆစ်တို့က မြန်မာတို့အား နိုင်ငံရေးအရ ဖိနှိပ်အုပ်ချုပ်ခြင်း၊ စီးပွားရေးအရသွေးစုပ်ခြင်း၊ လူမှုရေးအရ ချိုးနှိမ်ခြင်းများ ပြုလုပ်သည့်အတွက် မဟာမိတ်တို့နှင့် ဆက်သွယ်ကာ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ထုတ်ခဲ့ရပြန်သည်။ ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၅ ခုနှစ် မေ ၃ ရက်နေ့တွင် ဗြိတိသျှတပ်များက ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် စစ်အုပ်ချုပ်ရေးဖြင့်အုပ်ချုပ်ခဲ့သည်။ ၁၉၄၅ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဗြိတိသျှအစိုးရက စက္ကူဖြူစာတမ်းကို ထုတ်ပြန်စေခဲ့သည်။ စက္ကူဖြူစာတမ်းပါ ဗြိတိသျှတို့၏ လျာထားချက်များသည် မြန်မာနိုင်ငံ၏နိုင်ငံရေးအဆင့်အတန်းကို ဒုတိယကမ္ဘာစစ်မဖြစ်မီအခြေအနေထက် များစွာယုတ်လျော့အောင် ဆွဲချထားသည်။ မြန်မာပြည်သူတို့မျှော်မှန်းထားသည့် လွတ်လပ်ရေးနှင့်လည်း အလှမ်းဝေးကွာနေပေသည်။

လွတ်လပ်ရေးကိုလိုချင်နေကြသည့် မြန်မာပြည်သူတို့သည် စက္ကူဖြူစာတမ်းကို မကြိုက်နှစ်သက်ကြချေ။ မြန်မာနိုင်ငံကို ဖက်ဆစ်ဂျပန်လက်အောက်မှ လွတ်မြောက်ရန် ဦးစီးရှေ့ဆောင်ခဲ့သည့် ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖတပလ)သည် မြန်မာ့လွတ်လပ်ရေးအတွက် သမိုင်းပေးတာဝန်တစ်ရပ်ကို ဆက်လက်ထမ်းဆောင်ခဲ့ရာ ဗြိတိသျှတို့ လွတ်လပ်ရေးကို မဖြစ်မနေပေးရတော့မည့်အခြေအနေ ဆိုက်ရောက်ခဲ့ပေသည်။ သို့အတွက်ကြောင့် ဗြိတိသျှအစိုးရက မြန်မာကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်သို့ ဖိတ်ခေါ်ဆွေးနွေးပြီး အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။

အောင်ဆန်း-အက်တလီစာချုပ်အရ တောင်တန်းသားတို့၏ဆန္ဒကို ရယူရန် နည်းလမ်းနှစ်သွယ်ရှိသော်လည်း ဖဆပလအဖွဲ့ချုပ်က တစ်နှစ်အတွင်း လွတ်လပ်ရေးရရမည်ဟူသော အချိန်ကန့်သတ် ကြွေးကြော်ထားရာ ကန့်သတ်ချိန်အတွင်း လွတ်လပ်ရေးရယူရန် အလွန်အရေးကြီးသည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းသည် အထူးညီလာခံတစ်ရပ်ခေါ်၍ တောင်တန်းသားများဆန္ဒခံယူမည်ဆိုပါက အချိန်ပိုကြာမည်ဟုတွေးပြီး လက်ရှိ ရှမ်းစော်ဘွားများစီမံထားသည့် ပင်လုံညီလာခံတွင်ပင် တောင်တန်းသားတို့၏ ဆန္ဒကိုခံယူကာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဆွေးနွေးကြပြီး လွတ်လပ်ရေးကို အရယူဖို့ဆုံးဖြတ်ခဲ့ကြသည်။

ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကချင်၊ ချင်း၊ ရှမ်း အမျိုးသားကိုယ်စားလှယ်ကြီးများသည် ခွင့်တူညီမျှ တစ်လုံးတစ်ခဲတည်း နေထိုင်ကြတော့မည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ဤနေ့မှစ၍ တိုင်းရင်းသားပြည်သူအားလုံး ဗြိတိသျှနယ်ချဲ့လက်အောက်ခံဘဝတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေးအပါအဝင် အစစအရာရာ၌ တသီးတခြားစီဖြစ်ခဲ့ရသော မြန်မာတိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ချစ်ကြည်စွာ ဥမကွဲ၊ သိုက်မပျက် ပြန်လည်ပေါင်းစည်းမိခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပေသည်။

ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ၊ ကိုယ့်အမျိုးကို ကိုယ်ချစ်မြတ်နိုးသော ဝံသာနုရက္ခိတစိတ်ဓာတ်များ၊ ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာကိုစတေးပြီး ရယူခဲ့သည့် စည်းလုံးညီညွတ်မှုကို ခိုင်မြဲသည်ထက်ခိုင်မြဲအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် တိုင်းရင်းသားအားလုံး ဥမကွဲ၊ သိုက်မပျက် ရှေ့ဆက်သွားမည့် အနာဂတ်နိုင်ငံတော်ကြီး၊ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ ငြိမ်းချမ်းပျော်ရွှင်စွာ အတူလက်တွဲ၍လျှောက်လှမ်းကြပါစို့ဟု ဂုဏ်ပြုရေးသားလိုက်ရပါတော့သတည်း။ ။

**နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ၊ ကိုယ့်အမျိုးကို ကိုယ်ချစ်မြတ်နိုးသော ဝံသာနုရက္ခိတစိတ်ဓာတ်များ၊ ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာကိုစတေးပြီး ရယူခဲ့သည့် စည်းလုံးညီညွတ်မှုကို ခိုင်မြဲသည်ထက်ခိုင်မြဲအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် တိုင်းရင်းသားအားလုံး ဥမကွဲ၊ သိုက်မပျက် ရှေ့ဆက်သွားမည့် အနာဂတ်နိုင်ငံတော်ကြီး၊ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ ငြိမ်းချမ်းပျော်ရွှင်စွာ အတူလက်တွဲ၍ လျှောက်လှမ်းကြပါစို့။**

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ်နှီးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊

## ငြိမ်းချမ်းသောပြည်ထောင်စု တို့ရှေးရှု

(အိုင်ချင်း)

ချစ်တဲ့ သူငယ်ဆွေ၊ ညီနောင်သားချင်း၊
သွေးရင်းတို့လေ. . .။
ရေကိုတားလည်း၊ အကြားမထင်၊ ရှင်သန်နှီးကြား ပြည်ထောင်ဖွားခပင်း
သွေးချင်းစုရုံး၊ စည်းလုံးချစ်ပန်း၊ အစွမ်းကုန်လန်းသည်. . .
ပြည်ထောင်စုစိတ်များ၊ နှီးကြားရှင်သန်စေရမယ်. . .(၁)
ပြည်ခွင်တစ်လွှား၊ ညီနောင်များ နှလုံးသားသည်းပွတ်၊ ညီညွတ်ပိုင်ပိုင်
အပြုံးပြိုင်ပွား၊ အကျိုးများအကြီးဆုံး၊ အမျိုးသားစည်းလုံးမှု
မယိုင်ပြည်တစ်လျှောက်၊ ခိုင်မာအောင် တည်ဆောက်ကြရမယ်. . .(၂)
ညီအစ်ကိုမသွေဖည် မပျက်ရှယ်၊ တည်ထောင်ပြုလို့
ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်စေရမယ်. . .(၃)
ပြည်သူများရဲ့၊ လူမှုစီးပွားဘဝများ၊ တန်ခိုးတက်ဝင့်ကြွား၊
တိုးတက်မြင့်မားစေရမယ်. . .(၄)
ဦးတည်ချက်(၄)ပါး၊ အမျိုးသားရေးရည်၊ ရေရှည်တည်တံ့ပိုင်၊
ခိုင်မာရေးရှု၊ (၂၁)ရာစု၊
ပင်လုံလည်းအောင်မြင်စေရာ၊ မေတ္တာစနစ်၊
အနှစ်ကြာရှည်၊ ပဝေသဏီကလေ၊
ညီနောင်တစ်တွေ၊ နွယ်လိုရစ်ပါတဲ့၊ ချစ်တို့တင်လေး. . .။ ။

အောင်မွန်(မြန်မာစာ)

[၂၀၁၇ ခုနှစ်၊ နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်]

စာမျက်နှာ ၅ မှ »»»»

တစ်ဆက်တစ်စပ်တည်း ထုတ်နုတ်စုစည်း၍ သီးခြားဥပဒေကြမ်းတစ်ရပ်အဖြစ် လွှတ်တော်သို့ ထပ်မံတင်ပြရန်မလိုအပ်သည့်အတွက် ဥပဒေများကို ရုပ်သိမ်းသင့်ပါကြောင်းဖြင့် ပါရှိသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၏ **နိုင်ငံတော်၏ သား၊ ငါးကဏ္ဍ တိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန်စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်ဆိုသော MICA (Myanmar International Cooperation Agency)သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင် ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့ စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ယနေ့အစည်းအဝေးတွင် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းတို့က အဆိုအား ထောက်ခံဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်းက နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ချက်အနက် နံပါတ် ၆ ၌ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာ၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်ဟု ဖော်ပြပါရှိပါကြောင်း၊ ထို့ပြင် ကမ္ဘာ့ဘဏ်မှလည်း မြန်မာနိုင်ငံ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အကောင်းဘက်မှ ရှုမြင်သုံးသပ်ထားပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းတွက်ချက်မှုအတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အဆိုရှင်တင်သွင်းသည့် MICA အား စာရင်းစစ်ဖျက်သိမ်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအောက်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် အကြံပြုတိုက်တွန်းပါကြောင်းဖြင့် အဆိုကို ထောက်ခံ ဆွေးနွေးသည်။

**သူရဇော်(သတင်းစဉ်)**

❐

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မုံရွာတက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းနှီးစွာတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မုံရွာတက္ကသိုလ် ရုက္ခဗေဒဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မုံရွာစီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ လွှတ်တော်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ ရင်းနှီးစွာတွေ့ဆုံပြီး ပညာရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မုံရွာတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါ်ခင်သန်းဌေး ဦးဆောင်သည့် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၄၀ နှင့် မုံရွာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်ခင်ထွေး ဦးဆောင်သည့် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၄၀ တို့အား သီးခြားစီ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယင်းတက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအဖွဲ့သည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပနေမှုကို လာရောက်ကြည့်ရှုလေ့လာကြခြင်းဖြစ်ပြီး အစည်းအဝေး ပြီးဆုံးချိန်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား လာရောက်ဂါရဝပြု တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

**(သတင်းစဉ်)**





# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဖျာပုံမြို့ ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုဖွင့်ပွဲနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ နာယက သူရဦးတင်ဦး၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေတို့နှင့်အတူ ဖျာပုံခရိုင် ဖျာပုံမြို့၌ ကျင်းပသည့် မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခဲ့ကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ နာယကသူရ ဦးတင်ဦးတို့က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိနှင့်စပ်လျဉ်း၍ မြင့်မြတ်သည့် စိတ်ဓာတ်နှင့် မှတ်သားဖွယ်ရာအမူအကျင့်ကောင်းတို့အပေါ် ဂုဏ်ပြုအမှာစကားများ ပြောကြားခဲ့ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းဟန်က ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားပြီး အထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် အဖွဲ့သည် နံနက် ၁၀ နာရီတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အတွက် တကယ်စေတနာထား လုပ်ဆောင်နေတယ်ဆိုတာ မြင်တွေ့ခဲ့ရ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၆ ရက်တွင် မုံရွာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ လွှတ်တော်သို့ လာရောက်လေ့လာခဲ့ကြသည်။

မုံရွာတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါ်ခင်သန်းဌေးက "အခုလို လွှတ်တော်ကြီးကို လာရောက်လေ့လာခွင့်ရလို့ အလွန်ဝမ်းမြောက်မိပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ တွေ့ဆုံခွင့်ရရှိခဲ့လို့လည်း ဝမ်းသာပါတယ်။ နေပြည်တော်ကို အရင်ကတည်းက ရောက်ဖူးပါတယ်။ စာစစ်မှူးချုပ်ဘဝနဲ့ လွှတ်တော်လမ်းတွေကို ဖြတ်သွားဖြတ်လာနဲ့ သွားလာခဲ့ဖူးတယ်ဆိုတော့ နေပြည်တော်လမ်းတွေနဲ့ သိပ်မစိမ်းပါဘူး။ လွှတ်တော်ကိုတော့ ဒီတစ်ကြိမ်ဟာ ပထမဆုံးအဖြစ် ရောက်ဖူးတာပါ။ မုံရွာအနေနဲ့ကတော့ သိပ်ပြီးအသစ်အဆန်းတွေ မရှိတာကြောင့် ကျွန်မတပည့်လေးတွေ ကလေးတွေကို ဗဟုသုတ အသစ်အဆန်းရရှိစေချင်ပါတယ်။

လွှတ်တော်မှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းဆောင်တာတွေ၊ ဆောင်ရွက်ချက်တွေကို ကလေးတွေအားလုံး မြင်တွေ့ပြီး သူတို့ကတစ်ဆင့် ပြည်သူအားလုံးဆီကို ပျံ့နှံ့စွာ ရောက်ရှိ၊ သိရှိသွားစေချင်ပါတယ်။ ဒီအတွက်ကြောင့်လည်း လေ့လာရေးခရီးအတွက် ကလေးတွေကို သေသေချာချာ ခေါ်လာခဲ့တာဖြစ်ပါတယ်။"

"နိုင်ငံတော်အတွက် တကယ်စေတနာထား လုပ်ဆောင်နေတယ်ဆိုတာ ခုနက အစည်းအဝေးမှာ ကျွန်မတို့ ကောင်းကောင်းမြင်တွေ့ခဲ့ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ကျွန်မအနေနဲ့ မုံရွာကို ပြန်ရောက်တဲ့အခါ အခုလို သိရှိလေ့လာခဲ့ရသမျှ အားလုံးကို ကလေးတွေကို ပြန်လည်ဖြန့်ဝေပေးမှာပါ"ဟု ပြောသည်။

မုံရွာတက္ကသိုလ် ရုက္ခဗေဒ မဟာတန်း ပထမနှစ်မှ မအိမ့်မွန်ကျော်က "လွှတ်တော်ကြီးကို လာရောက်လေ့လာခွင့်ရတဲ့အတွက် အလွန်ပဲ ဂုဏ်ယူပါတယ်။ နေပြည်တော်ကို လေ့လာရေးခရီးလာရောက်ရတာလည်း အလွန်ပျော်ပါတယ်။ လမ်းတွေကအစ အခု ဒီလွှတ်တော်ကြီးထဲ ရောက်တဲ့အထိ စိတ်ကြည်နူးဖို့ကောင်းပါတယ်။ သမီးတို့ ဇာတိမှာ ဒီလောက်ခမ်းနားတဲ့ အဆောက်အအုံမျိုးလည်း မရှိတဲ့အတွက် မြင်တွေ့ရတာတွေကို အံ့သြကျေနပ်မိပါတယ်"ဟု ပြောသည်။

မုံရွာတက္ကသိုလ် ရုက္ခဗေဒ ဂုဏ်ထူးတန်းမှ မောင်မြင့်ဇော်အေးက



ဒေါ်ခင်သန်းဌေး



မအိမ့်မွန်ကျော်



မောင်မြင့်ဇော်အေး

"လွှတ်တော်ကြီးကို လာရောက်လေ့လာခွင့်ရတဲ့အတွက် အလွန်ပဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီလိုမျိုး လာရောက်လေ့လာခွင့်ရဖို့ဆိုတာ အိပ်မက်တစ်ခုလိုပါပဲ၊ ရောက်ခွင့်ရရှိခဲ့တဲ့အတွက်လည်း အလွန်ကျေနပ်ပါတယ်။ ရောက်ရောက်ချင်းမှာကိုပဲ ပြည်သူ့လွှတ်တော်အခမ်းအနားကျင်းပဖို့ ပြင်ဆင်နေပုံကို ကြည့်ပြီး ရင်သပ်ရှုမော ဖြစ်မိပါတယ်။ အလွန်လည်းဝမ်းသာပါတယ်။"

"ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တွေ့တဲ့အခါမှာ ကျွန်တော်တို့ အရင်တုန်းက သေသေချာချာ အသေးစိတ်မသိခဲ့တဲ့အရာတွေ၊ ကိစ္စတွေကို သိလာရပါတယ်။ နိုင်ငံတော်တိုးတက်ဖို့အတွက် အလုပ်လုပ်ရတာ ဒီလိုပါလားလို့လည်း နားလည်လာမိတယ်။ ပြောင်းလဲမှုတွေဆိုတာလည်း တဖြည်းဖြည်းနဲ့မှ ပြောင်းလဲရမယ်၊ ချက်ချင်းကြီးတော့ အကောင်အထည်ဖော်ဖို့ မလွယ်ဘူးဆိုတာလည်း သိခဲ့ရပါတယ်။ ကျွန်တော်တို့အားလုံး တစ်တပ်တစ်အားအနေနဲ့ ကျောင်းသားထုရော၊ ပြည်သူလူထုကပါ ပါဝင်ပြီးတော့ ကူညီဆောင်ရွက်မှသာ နိုင်ငံတော်ကြီး တိုးတက်မယ်ဆိုတာကို ပိုပြီးသိရှိခဲ့ရပါတယ်။"

"နေပြည်တော်ကို အရင်ကတည်းက ခဏခဏ ရောက်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ လွှတ်တော်ထဲကို ရောက်ရှိခဲ့တာမျိုး မရှိပါဘူး။ အခုလို လွှတ်တော်ထဲ ရောက်လာတဲ့အခါ ဝမ်းသာမိတယ်"ဟု ပြောသည်။

တောက်ပသည့်အပြုံး၊ စိတ်ဝင်တစားရှိသည့် မျက်နှာနှင့် လွှတ်တော်ပရဝဏ်အတွင်း မြင်မြင်သမျှကို လေ့လာစူးစမ်းနေကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ၏ စူးစမ်းလေ့လာမှုနှင့် အားတက်သရောရှိမှုတို့ကြောင့် လွှတ်တော်အဆောက်အအုံ၏ ခမ်းနားမှုသည် ပိုမိုအသက်ဝင်လျက် ရှိနေခဲ့ပါကြောင်း။

**အောင်နိုင်(သတင်းစဉ်)**

## လယ်ယာမြေရှုခင်းအလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသော "လယ်ယာမြေရှုခင်းအလှ" ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၂၀၉ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံ ၈၉၆ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ရဲလင်းထွန်း(လှသာရဖူ)၊ ဒုတိယဆု ကိုကိုဆန်း၊ တတိယဆု မင်းမင်းထွန်းတို့က ရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ရန်မျိုးအောင်(T.G.I)၊ ခန့်ဇော်၊ ကိုကိုဇော်၊ ဌေးဝင်း(ရမ္မာဝတီ)၊ ပြည့်စုံ(နန်းတော်ရှေ့)တို့က အသီးသီးရရှိကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများ ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

### ❖ ဒီမိုကရေစီမှ

လွတ်လပ်ရေးကို အရယူမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ချမှတ်နိုင်ခဲ့ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဟာ ပင်မမဏ္ဍိုင်ဖြစ်တယ်ဆိုတာကို ထင်ရှားစေခဲ့တဲ့ပင်လုံစာချုပ်ကို ချုပ်ဆိုပြီး လွတ်လပ်ရေးရယူရန် ဆုံးဖြတ်နိုင်ခဲ့တဲ့ ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ်သတ်မှတ်ကာ အထိမ်းအမှတ် အခမ်းအနားများ ပြုလုပ်ကျင်းပလာခဲ့တာဟာ ယခုဆိုလျှင် နှစ်ပေါင်း(၇၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ပြည်ထောင်စုလွတ်လပ်ရေးအတွက် အရေးကြီးလှတဲ့ ရှမ်းပြည်နယ်နေ့ဟာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး မြန်မာတစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့နေ့ဖြစ်ကြောင်း အလေးအနက် ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လွတ်လပ်ရေးရရှိပြီးနောက် အတိတ်သမိုင်းမှာ မိမိတို့တိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် သံသယများ၊ ပဋိပက္ခများပေါ်ပေါက်ခဲ့ရတဲ့အတွက် နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းတည်ငြိမ်မှုများကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။ လွတ်လပ်ပင် လွတ်လပ်သော်ငြား လက်နက်ကိုင်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံရဲ့ ဒေသအချို့မှာ လွတ်လပ်ရေးရဲ့အသီးအပွင့်ကို တင်းပြည့်ကျပ်ပြည့်ခံစားနိုင်ခြင်းမရှိဘဲ အနာဂတ်ပျောက်ဆုံးခဲ့ရပြီး အေးငြိမ်းမှုကင်းဝေးခဲ့ရတာဟာ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ပါတယ်။

ယနေ့အချိန်အခါမှာ တိုင်းရင်းသားသွေးချင်းများအနေနဲ့ သံသယများနဲ့ ပဋိပက္ခများချုပ်ငြိမ်းပပျောက်ပြီး ရေရှည်တည်တံ့တဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးရရှိဖို့နဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပခြင်းဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံဖွံ့ဖြိုးမှုများလည်း ဆယ်စုနှစ်များစွာ နောက်ကျကျန်ရစ်ခဲ့ရတာကိုလည်း အထင်အရှားတွေ့မြင်ခဲ့ကြရပြီးဖြစ်ပါတယ်။ ဒါကြောင့် စုပေါင်းတွေ့ဆုံ၊ စုပေါင်းဆွေးနွေး၊ စုပေါင်းအဖြေရှာကြမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို တိုင်းရင်းသားပြည်သူအားလုံးက မျက်မှောက်ပြုကြဖို့ အထူးအရေးကြီးလှပါတယ်။

မြန်မာနိုင်ငံရဲ့ နယ်မြေဒေသအသီးသီးမှာ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ စားဝတ်နေမှုပြည့်စုံရေး၊ လုံခြုံမှုရှိရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် တောင်ပေါ်မြေပြန့်၊ ပြည်နယ်ပြည်မ မခွဲခြားဘဲ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုအစိုးရနဲ့အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာမှာ တိုင်းရင်းသားပြည်သူအားလုံးကလည်း ပင်လုံစိတ်ဓာတ်အရင်းခံပြီး ညီညွတ်စွာပူးပေါင်းလက်တွဲဆောင်ရွက်သွားကြဖို့ တိုက်တွန်းရင်းနဲ့ ရှမ်းပြည်နယ်နေ့အခါသမယမှာ ရှမ်းတိုင်းရင်းသားအားလုံးသာမက မြန်မာတစ်နိုင်ငံလုံးက တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

### ❐ ရှေ့ဖုံးမှ

UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အရင်ရှိပြီး MPC မှ NRPC သို့ ပြောင်းလိုက်ရသည့် အခြေခံအကြောင်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးသည် မည်သို့မှခွဲ၍ မရပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ လက်နက်ကိုင်တိုက်ခဲ့သည့် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ရုံမဟုတ်ပါကြောင်း၊ ထို့ထက်ပိုပြီး ကျယ်ပြန့်ပါကြောင်း၊ မိမိတို့နိုင်ငံ တစ်နိုင်ငံလုံး ပြန်လည်သင့်မြတ်ရေးဆိုသည်မှာ မတူကွဲပြားသည့် သဘောထားများကို သင့်မျှစေရန် လိုပါကြောင်း။

မတူကွဲပြားသည့် သဘောထားဆိုသည်မှာ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရအကြားမှာသာ ပြဿနာရှိခြင်းမဟုတ်ပါကြောင်း၊ မတူကွဲပြားသည့် သဘောထားများဆိုသည်မှာ မိမိတို့ နိုင်ငံတစ်ဝန်းတွင် ပုံစံအမျိုးမျိုးနှင့် ရှိပါကြောင်း၊ နိုင်ငံရေးအရ မတူကွဲပြားသည့် သဘောထားများ၊ တိုင်းရင်းသားများအရေးအရ မတူကွဲပြားသည့် သဘောထားများ၊ ဘာသာရေးအရ မတူကွဲပြားသည့်သဘောထားများ၊ လူမှုရေးအရ မတူကွဲပြားသည့် သဘောထားများဆိုသည့် မတူကွဲပြားသည့်သဘောထား အမျိုးမျိုးရှိပါကြောင်း။

အမှန်တကယ် မိမိတို့ ဒီမိုကရေစီကိုလိုလားလျှင် မတူကွဲပြားသည့်သဘောထားများကို ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းနိုင်သည်ကို ယုံကြည်ရန်လိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခုလို ပြောရခြင်းမှာ စကားသက်သက်အရ ပြောခြင်းမဟုတ်ပါကြောင်း၊ အလုပ်နှင့် သက်သေထူခဲ့ပြီးပြီဖြစ်ပါကြောင်း၊ နှစ် ၃၀ နီးပါး ဒီမိုကရေစီအတွက် လှုပ်ရှားခဲ့သည့်အချိန်တွင် မိမိတို့ ဆွေးနွေးတိုင်ပင်ပြီး အချင်းချင်းအကြား မတူကွဲပြားသည့် ပြဿနာများကို၊ သဘောထားများမှ ထွက်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းနိုင်မည်ဆိုသည့် ယုံကြည်ချက်ဖြင့် မိမိတို့ရပ်တည်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းယုံကြည်ချက်မှ လုံးဝမသွေဖည်ခဲ့ပါကြောင်း၊ တစိုက်မတ်မတ်ဆွေးနွေးပွဲကိုသာ တောင်းဆိုခဲ့ပါကြောင်း။

မိမိတို့အဖွဲ့ချုပ်အနေဖြင့် အတိုက်အခံအဖွဲ့ဟုပြောပြော၊ လူနည်းစုအဖွဲ့ဟုပြောပြော မည်သို့ပင်ပြောစေကာမူ ရပ်တည်ခဲ့သည့် အချိန်တစ်လျှောက်လုံးတွင် ညှိနှိုင်းအဖြေရှာရန်သာ တောင်းဆိုခဲ့ပါကြောင်း၊ မည်သည့်အခါကမျှ ဘယ်လိုပုံစံမျိုးနှင့်မျှ အကြမ်းဖက်မှုလုပ်ရန် မစဉ်းစားခဲ့ပါကြောင်း၊ အင်အားသုံးပြီး လုပ်ရန်လည်း မစဉ်းစားခဲ့ပါကြောင်း၊ မိမိတို့ သုံးမည့်အင်အားမှာ စိတ်ဓာတ်အင်အားသာဖြစ်ပါကြောင်း၊ စိတ်ဓာတ်အင်အားဖြင့် ပြည်သူလူထု၏ ထောက်ခံမှုအင်အားကိုသာ အားကိုးခဲ့ပါကြောင်း၊ မိမိတို့၏ ပြည်ထောင်စုကြီးကို တကယ်ငြိမ်းချမ်းစေချင်ပါကြောင်း၊ ငြိမ်းချမ်းရေးကို မည်သည့်အတွက် လိုချင်တာလဲဆိုလျှင် မိမိတို့ နိုင်ငံသူ နိုင်ငံသားများ စိတ်လုံခြုံရန်အတွက် လိုချင်ခြင်းဖြစ်ပါကြောင်း၊ စိတ်လုံခြုံမှုမရှိဘဲ မည်သို့မျှချမ်းသာမှုရနိုင်မည် မဟုတ်ပါကြောင်း၊ စိတ်မလုံခြုံဘဲနှင့် စိတ်ချမ်းသာရန် မဖြစ်နိုင်ပါကြောင်း၊ စိတ်လုံခြုံမှုရှိရန် ငြိမ်းချမ်းရေးလိုအပ်ပါကြောင်း၊ တိုးတက်ရေးလည်း လိုအပ်ပါကြောင်း၊ ဘာဖြစ်လို့လဲဆိုလျှင် စိတ်လုံခြုံပြီး ကိုယ်မှာ မလောက်မငြဖြစ်နေလျှင် စိတ်ချမ်းသာမှု၊ တကယ့်လုံခြုံမှုဆိုသည်မှာ မဖြစ်နိုင်ပါကြောင်း။

မိမိတို့က စစ်မှန်သည့်လုံခြုံမှုဆိုသည်မှာ ကိုယ့်ဘဝအတွက် မလိုအပ်သည့် စိုးရိမ်ပူပန်မှုများမှ ကင်းဝေးနိုင်မှုဖြစ်ပါကြောင်း၊ လူတိုင်းလူတိုင်း စိုးရိမ်ပူပန်မှုများ ရှိမည်ဖြစ်ပါကြောင်း၊ ယင်းမှာ အစိုးရတစ်ခုအနေဖြင့် ဖယ်ရှားပေးနိုင်မည် မဟုတ်ပါကြောင်း၊ ဒီမိုကရေစီစနစ်အောက်တွင် အစိုးရသည် တတ်နိုင်သမျှ အခြေခံအားဖြင့် ပြည်သူများ၏ စိတ်လုံခြုံမှုကို ပေးရပါကြောင်း၊ ထို့ကြောင့် စိတ်လုံခြုံမှုကို ထိခိုက်စေသည့် ကိစ္စရပ်များကို ဖယ်ရှားပေးရန်သည် အစိုးရ၏ တာဝန်ဖြစ်ပါကြောင်း၊ တစ်ဦးချင်းစီ၏ စိတ်ချမ်းသာမှုအတွက် မိမိတို့အနေဖြင့် မည်သို့မျှ အာမခံနိုင်မှာ မဟုတ်ပါကြောင်း၊ ယင်းမှာ လူလောကကြီးတွင် မဖြစ်နိုင်ပါကြောင်း၊ ယခု မိမိတို့ UPDJC သည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး အဓိကကျသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ဒီငြိမ်းချမ်းရေးဖြစ်စဉ်သည် အင်မတန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ၏ တည်ငြိမ်ရေး၊ တိုးတက်ရေးနှင့် ပြည်သူပြည်သားများ၏ စိတ်လုံခြုံရေး၊ ကိုယ်လုံခြုံရေးအတွက် အင်မတန်အရေးကြီးသည့် လမ်းစဉ်ဖြစ်၍ မိမိတို့ ယခုလို အစည်းအဝေးများလုပ်သည့်အခါ ဒီဟာကို စိတ်ထဲတွင် နှလုံးသွင်းထားစေလိုပါကြောင်း။

မိမိတို့ လုပ်နေတာသည် တစ်စုတစ်ဖွဲ့အတွက် လုပ်နေခြင်းမဟုတ်ပါကြောင်း၊ အစုအဖွဲ့အများကြီးကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ ရောက်နေပါကြောင်း၊ မိမိ ဒီမှာ လုပ်နေခြင်းသည် NLD အတွက် လုပ်နေခြင်း မဟုတ်ပါကြောင်း၊ အစိုးရအတွက်လည်း လုပ်နေခြင်းမဟုတ်ပါကြောင်း၊ မိမိတို့၏ ပြည်ထောင်စုကြီးပေါ်ထွန်းလာရန် လုပ်နေခြင်းဖြစ်ပါကြောင်း၊ ဒီအတိုင်း စိတ်ထဲတွင် ထားပါကြောင်း၊ အားလုံး ဒီအထဲမှာ စေတနာနှင့် ရောက်လာသည့် ကိုယ်စားလှယ်များသည်လည်း ဒီအတိုင်း နှလုံးသွင်းထားကြမည်ဟု ယုံကြည်ပါကြောင်း။


ပဒိုစောကွယ်ထူးဝင်း


ဦးသုဝေ

မိမိတို့သည် ယခုလိုဆွေးနွေးပွဲများ တက်ရောက်သည့်အခါ ကိုယ့်ဘက်ကဘာများပေးနိုင်မလဲ၊ ကိုယ့်ဘက်ကနေပြီး အဆင်ပြေရန်အတွက် ဘယ်လိုနည်းဖြင့် ပံ့ပိုးနိုင်မလဲဆိုသည်ကို အဓိက စဉ်းစားကြပါဟု မိမိအမြဲတမ်းတိုက်တွန်းပါကြောင်း၊ ငါတို့ဘက်က ဒီကနေ ဘယ်လောက်ရအောင် ယူလိုက်မလဲဆိုသည့် စိတ်ဓာတ်ဖြင့် ချဉ်းကပ်၍ မရပါကြောင်း၊ အားလုံးက လိုချင်စိတ်ရှိကြပါကြောင်း၊ ပထမပေးကြည့်ရန် လိုပါကြောင်း၊ ပေးကြည့်တော့မှ ပေးသည့်အတွက် ပေးရကျိုးမနပ်ဘူးလား၊ နပ်သလားဆိုသည်ကို မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏အတွေ့အကြုံအရ ပေးရကျိုးနပ်မည်ဖြစ်ပါကြောင်း။

တကယ်စေတနာနှင့် ပေးလျှင် ပေးရကျိုးနပ်ပါကြောင်း၊ ကိုယ့်ကိုပြန်လိုချင်သဖြင့် ပေးလျှင်တော့ ကိုယ်မျှော်မှန်းသလို ဖြစ်ချင်မှ ဖြစ်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆိုလျှင် ပေးရကျိုးမနပ်ဘူးဟု စိတ်ထဲတွင် ဖြစ်နိုင်ပါကြောင်း၊ အစကတည်းက မျှော်မှန်းချက်က တစ်ခုခုလိုချင်၍ မဟုတ်ဘဲ ကိုယ့်ယုံကြည်ချက်အရ ကိုယ့်မှာ တတ်နိုင်သလောက် ကိုယ်ကနေပြီး ပေးဆပ်ချင်၍၊ ပံ့ပိုးချင်၍ဆိုသည့် စိတ်ဓာတ်ဖြင့် လုပ်မည်ဆိုလျှင် မအောင်မြင်နိုင်ဘူးဆိုသည်မှာ မရှိပါကြောင်း။

မိမိတို့ ဆွေးနွေးသည့်အခါ အားလုံးသည် အပြုသဘောဆောင်သည့် စိတ်ဓာတ်ဖြင့် ဆွေးနွေးပေးကြပါဟု တိုက်တွန်းလိုပါကြောင်း၊ အခု ဒီအစည်းအဝေးစသည့်အချိန်နှင့် အစည်းအဝေးပြီးသွားသည့်အချိန် ကြားထဲတွင် မိမိတို့သည် ငြိမ်းချမ်းရေးအတွက် တိုးတက်မှုဖြစ်စေမည့် ခြေလှမ်းတချို့ကို တိတိကျကျ ပြတ်ပြတ်သားသားလှမ်းရန် ဆုံးဖြတ်ချက်များချပြီးပြီဆိုသည့် အဖြစ်မျိုးကို ဖြစ်စေချင်ပါကြောင်း၊ အားလုံးကိုလည်း ဒီအတိုင်းပဲ၊ ဒီလို စိတ်ဓာတ်ဖြင့် ဒီအစည်းအဝေးကိုဝိုင်းပြီး ပံ့ပိုးပေးကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် UPDJC ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပဒိုစောကွယ်ထူးဝင်းနှင့် ဦးသုဝေတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဒုတိယအစည်းအဝေး ရက်သတ်မှတ်ခြင်း၊ ကိုယ်စားလှယ်ကိစ္စ၊ အခြေခံမူများ ဖော်ထုတ်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံဒုတိယအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၈ ရက်မှာ ကျင်းပနိုင်ဖို့ ရည်မှန်းဆောင်ရွက်မယ်ဆိုတာ အားလုံးသဘောတူပါတယ်။ နောက် သဘောတူဆုံးဖြတ်တာကတော့ ညီလာခံကိုယ်စားလှယ်နဲ့ ပတ်သက်လို့ မူလနိုင်ငံရေးဆွေးနွေးမှု မူဘောင်မှာ ပါဝင်တဲ့အတိုင်း ၇၀၀ နဲ့ ကျင်းပသွားဖို့ သဘောတူတယ်။ လက်မှတ် မထိုးရသေးတဲ့ အဖွဲ့တွေ၊ လက်မှတ်ရေးထိုးခြင်း မပြုသေးတဲ့အဖွဲ့တွေ ညီလာခံမှာ လက်မှတ်ထိုးလာနိုင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်သွားဖို့ သဘောတူတယ်။ ပထမရည်မှန်းချက်ကတော့ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ လက်မှတ်ထိုးလာဖို့၊ ညီလာခံတက်ရောက်နိုင်ဖို့ကို ဒီကာလမှာ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတာ အားလုံးက သဘောတူပါတယ်"ဟု ပြောသည်။

ကရင်အမျိုးသားအစည်းအရုံးမှ ပဒိုမန်းငြိမ်းမောင်ကလည်း "လူမျိုးအလိုက် ဆွေးနွေးပွဲမှာ ကရင်ကတော့ ပြီးသွားပြီ။ ကရင်ကထွက်ရှိလာတဲ့ အခြေအနေကို အကုန်လုံးလက်ခံအောင် ကျွန်တော်တို့ ကရင်အမျိုးသားတွေက ကြိုးပမ်းခဲ့တဲ့အတွက် အကုန်လုံးတော်တော်လေး ကျေနပ်မှုရှိတယ်လို့ ပြန်ကြားရတယ်။ အခု မကြာခင်မှာဆိုရင် ပအိုဝ်းနဲ့ ရှမ်းမှာလုပ်မယ်။ တိုးတက်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးမှု အကုန်လုံးကောင်းပါတယ်။ ငြိမ်းချမ်းရေးအတွက် ပြည်သူတွေကို ပြောချင်တာကတော့ ငြိမ်းချမ်းရေးက တကယ်လိုချင်ရင် လွယ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ ကရင်တွေက နှစ်ပေါင်း ၆၀ ကျော် စစ်တိုက်ခဲ့တဲ့ လူမျိုးတစ်မျိုးဆိုတော့ ငြိမ်းချမ်းရေးက စစ်မြေပြင်မှာ အဖြေရှာလို့ မရပါဘူး။ အခုကျွန်တော်တို့ စားပွဲဝိုင်းမှာ ရောက်လာတာ သုံးနှစ်ရှိပါပြီ။ အခုလူမျိုးအလိုက် ဆွေးနွေးပွဲကို ကျွန်တော်တို့ ကျင်းပနိုင်ခဲ့ပြီ။ ငြိမ်းချမ်းရေးတကယ်လိုချင်ရင် တိုင်းပြည်ကို ပြောချင်တာကတော့ စစ်မြေပြင်မှာမရှိပါဘူး။ ငြိမ်းချမ်းရေးက တကယ်လိုချင်ရင် စားပွဲဝိုင်းမှာပဲ ရှိပါတယ်" ဟု ပြောသည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်မှ ခွန်မြင့်ထွန်းက "ကျွန်တော်တို့ ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို လာမယ့် ဖေဖော်ဝါရီ ၁၆ ရက်ကနေ ၂၀ ရက်အထိ ကျင်းပပါမယ်။ နေရာကိုတော့ ဟိုပုံးမြို့မှာ ငါးရက်တာ ကျင်းပဖို့ သတ်မှတ်အတည်ပြုနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေက "ဒီနေ့မနက်ပိုင်းမှာ လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပနိုင်ဖို့ကိစ္စတွေနဲ့ စပ်လျဉ်းပြီး အဓိက ဆွေးနွေးတာဖြစ်ပါတယ်။ အဓိကတော့ လက်ရှိသွားနေတဲ့ လုပ်ငန်းစဉ်ဟာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ပြဋ္ဌာန်းချက်အတိုင်းပဲ သွားတာဖြစ်ပါတယ်။ ဇန်နဝါရီလထဲမှာ ကရင်ပြည်နယ်မှာ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ လူမျိုးအလိုက် ကျင်းပခဲ့ပါတယ်။ အဲဒီကနေပြီးတော့ ခေါင်းစဉ်ကြီး လေးခု ထွက်လာပါပြီ။ တနင်္သာရီတိုင်းဒေသကြီးမှာ ဒေသအလိုက်ကို ခေါင်းစဉ် လေးခုဆွေးနွေးတာ ထွက်လာပါပြီ။ ဆက်ကျင်းပနိုင်မယ့် အဆင့်သင့်ဖြစ်မယ့် နေရာတွေကို ဒီနေ့မှာ ဆုံးဖြတ်တာရှိပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဟာ တစ်နှစ်ကို နှစ်ကြိမ်ပြုလုပ်ဖို့ရှိပါတယ်။ ဒါကြောင့်မို့ အခုညီလာခံကတော့ ဖေဖော်ဝါရီလ ၂၈ ရက် သတ်မှတ်ထားတယ်။ အားလုံးပါဝင်ညှိနှိုင်းတဲ့အတွက် အဲဒီရက်ဝန်းကျင်ပေါ့။ ညီလာခံလို့ပြောတဲ့အတွက် ညီလာခံရဲ့ အင်္ဂါရပ်နဲ့ညီဖို့ဆိုရင် ညီလာခံကိုယ်စားလှယ်ဆိုတာရှိပါတယ်။ ညီလာခံကိုယ်စားလှယ်တွေကတော့ NCA လက်မှတ်ရေးထိုးထားတဲ့ သူတွေနဲ့ သတ်မှတ်ပြဋ္ဌာန်းထားတဲ့သူတွေထဲကပဲ ဖြစ်ပါတယ်။ အဆုံးအဖြတ်ပေးမယ်ဆိုရင်လည်း ညီလာခံကိုယ်စားလှယ်တွေကပဲ အဆုံးအဖြတ်ပေးရမယ့်အနေအထားမှာရှိပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံအနေနဲ့လည်း လက်မှတ်မထိုးရသေးတဲ့သူတွေ အမြန်ဆုံးလက်မှတ်ထိုးပြီး ပါဝင်နိုင်ဖို့ကိုလည်း အားသွန်ခွန်စိုက်လုပ်ဖို့ ပြောထားတာရှိတဲ့အတွက် ငြိမ်းချမ်းရေးကော်မရှင်ဘက်ကလည်း ဒါကိုဆက်ပြီး ဆောင်ရွက်သွားမှာပါ" ဟု ပြောခဲ့သည်။

**ညီညီထွန်း၊ အောင်ရဲသွင် (သတင်းစဉ်)**

# ပြည်တွင်းရေးရာ

## ○ ကျောက်ဖြူမှ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယသမ္မတက ဆရာတော်ကြီးများ၏ကျန်းမာရေးကို Medical Check Up ပြုလုပ်ပေးရန်၊ အခန်းများတွင် လိုအပ်သော တိုင်းရင်းဆေးဝါး၊ အနောက်တိုင်းဆေးဝါးများ ထည့်ထားပေးရန်၊ အရေးပေါ် လူနာတင်ယာဉ်များ စီစဉ်ထားရှိရန် ပတ်ဝန်းကျင်တွင် ခြင်၊ ယင်များ မရှိအောင် ဆေးဖျန်းပေးရန် တို့ကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားများသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဆရာတော်ကြီးများ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ကြွရောက်နိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် အထူးလေယာဉ်ရရှိရေး၊ ဆရာတော်ကြီးများ လိုက်ပါစီးနင်းသည့်အခါ အဆင်ပြေချောမွေ့စေရေးတို့ကို ဆောင်ရွက်ပေးစေလိုကြောင်း။

နေပြည်တော်၌ ခေတ္တသီတင်းသုံးမည့် ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ စိတ်နှလုံးချမ်းမြေ့စွာဖြင့် သီတင်းသုံးနေထိုင်ရန်အတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည် သာယာလှပစေရေးတို့ကို အထူးဂရုပြုဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့ပြင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးစေလိုကြောင်း။

ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ စနစ်တကျဆက်လက်လှူဒါန်းနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်လိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိရအောင် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ အလိုက် စနစ်တကျစီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများလည်း ပြုလုပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဘွဲ့ဆက်ကပ်မည့်အခြေအနေ၊ သံဃာ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်အရေအတွက်၊ အခမ်းအနားကျင်းပမည့်နေ့၌ ဆောင်ရွက်မည့်အစီအစဉ်များ၊ အခမ်းအနားကျင်းပမည့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ဆရာတော်ကြီးများပင့်ဆောင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ နေရာချထားမည့်အစီအစဉ်များနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက လုံခြုံရေးအစီအမံများကိုလည်းကောင်း၊ အခမ်းအနားပြင်ဆင်ရေးနှင့် အခမ်းအနား ကျင်းပရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးဆပ်ကော်မတီ၊ ကြိုဆိုပင့်ဆောင်နေရာချထားရေးနှင့် အခမ်းအနားသို့ ပင့်ဆောင်ရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဆွမ်းဆန်စိမ်း လောင်းလှူရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီးများက အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်ချက်များကိုမှာကြားပြီး အခမ်းအနားကျင်းပမည့်နေ့မတိုင်မီ လုပ်ငန်းများအားလုံး စနစ်တကျ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**(သတင်းစဉ်)**

## ❒ ဟားခါးမှ

ထို့နောက် ဟားခါးမြို့မြို့ကွက်သစ်နေရာချထားမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးအိုင်ဇက်ခင်က မြို့ကွက်သစ်ဖော်ထုတ်ခဲ့မှု၊ မြို့ကွက်သစ်လမ်းများ အဆင့်မြှင့်တင်ရန် လိုအပ်နေမှုနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက မြို့ကွက်သစ်အနီး ထင်းရှူးပင်များကို ခုတ်ယူခြင်း မပြုရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ယင်းနောက် ဆုတောင်းပြည့်တောင်သို့ရောက်ရှိပြီး တောင်အနီးသဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဒေသနှင့်သင့်လျော်သည့် သစ်ပင်များ စိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် ဟားခါးမြို့ ရှုခင်းသာ (View Point) သို့ ရောက်ရှိကြပြီး ဟားခါးမြို့ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဟားခါးမြို့ ရှုခင်းသာသို့ လာရောက်ကြသူများ လေ့လာနိုင်ရန် ချင်းရိုးရာတူရိယာများ ပြသထားမှု၊ အပန်းဖြေနားနေနိုင်ရန် ထိုင်ခုံများနှင့် အားကစားပစ္စည်းများ ထားရှိမှု၊ View Point မှ မြင်တွေ့နိုင်သည့် ဟားခါးမြို့အလှ မြင်ကွင်းများနှင့် ရှုခင်းသာမျှော်စင်ဆောက်လုပ်ရန် သတ်မှတ်ထားသောမြေနေရာတို့ကို ပြသကြပြီး ဒုတိယသမ္မတက ပြည်သူများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်ဝင်တစား လာရောက်အပန်းဖြေ လေ့လာနိုင်သည့် နေရာတစ်ခု ဖြစ်အောင် ဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံသူနိုင်ငံသားများအတွက် ဟားခါးခရစ်ယာန် ဂိုဏ်းပေါင်းစုံအဖွဲ့က ကောင်းချီးမင်္ဂလာတောင်းခံပေးသည့် အထူးဆုတောင်းပွဲသို့ တက်ရောက်ကြပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥက္ကဋ္ဌထံ အလှူငွေများ လှူဒါန်းခဲ့သည်။

ထို့နောက် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြိုကျခဲ့သည့် ရုန်းတောင်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရုန်းတောင်ပြိုကျမှုကြောင့် တော်လှန်ရေးကန်နှင့် လူနေအိမ်များ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရုန်းတောင်စိမ်းလန်းစိုပြည်ရေးနှင့် ရေဝေရေလဲဧရိယာ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် ရေရှည်လုံခြုံစိတ်ချရေးအတွက် ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ အလေအလွင့်မရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသခံများအတွက် အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းများ ဖြစ်ရန်လိုကြောင်း၊ ရုန်းတောင်မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်ပင်များနှင့် ဩစတြေးလျမြက်များကိုပါ စိုက်ပျိုးကြရန်လိုကြောင်း မှာကြားသည်။



ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသလျက်ရှိသည့် လူနာများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟားခါးနည်းပညာတက္ကသိုလ် တည်ဆောက်ရန် လျာထားသည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဟားခါးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြကာ တိုးချဲ့လူနာဆောင်များ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေသော လူနာများအား နွေးနွေးထွေးထွေး လိုက်လံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်နှင့်တပ်မတော်အပေါ် တာဝန်ကျေပွန်ခဲ့သည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(ရန်ကုန်) လွှဲပြောင်းပေးအပ်



စစ်မှုထမ်းဟောင်းအိမ်ရာတွင်နေထိုင်ကြမည့် မိသားစုများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး လိုက်လံကြည့်ရှုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(ရန်ကုန်) အိမ်ရာများ ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအိမ်ရာ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း(အငြိမ်းစား)နှင့် စစ်မှုထမ်းဟောင်းမိသားစုများ၊ အရာရှိ၊ စစ်သည် မိသားစုများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်နှင့် တပ်မတော်အပေါ် တာဝန်ကျေပွန်ခဲ့သည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအပေါ် တပ်မတော်အနေဖြင့် လိုအပ်ချက်များကို မျက်ခြည်မပြတ် စောင့်ကြည့်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာများ ဆောက်လုပ်ရာတွင် လျှပ်စစ်မီးနှင့်ရေ ကောင်းစွာရရှိပြီး အလုပ်အကိုင်၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစား၍ အဆင်ပြေဆုံးဖြစ်အောင် လုပ်ဆောင်ပေးနေကြောင်း၊ စစ်မှုထမ်းဟောင်းများအားလုံးအတွက် ပြည့်စုံလုံလောက်မှု မရှိသေးသော်လည်း ပြည့်စုံလုံလောက်သည်အထိ ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောင်တော်စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ၏အကျိုးကို လက်ရှိတပ်မတော်တွင် တာဝန်ထမ်းဆောင်ဆဲ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်မှုထမ်းများနှင့် မိသားစုဝင်များက ဆတက်ထမ်းပိုး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက အိမ်ရာနေထိုင်ခွင့်လက်မှတ်များနှင့် အခန်းသော့များကို စစ်မှုထမ်းဟောင်းများနှင့် မိသားစုကိုယ်စားလှယ်များထံ ပေးအပ်သည်။

ဆက်လက်၍ အိမ်ရာတွင်နေထိုင်မည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်တို့က စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ကျော်ဇောက မီးဖိုချောင်သုံးပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။ ထို့နောက် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်ခဲ့ကြသည့် ဆောက်လုပ်ရေးကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယနေ့ ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်သည့် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ တိုက်ခန်းစုစုပေါင်း ၈၅ ခန်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ်လ၌ ပထမအကြိမ်အဖြစ် အခန်း ၁၃၈ ခန်းကို နေရာချထားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၉)ကြိမ်မြောက်အစည်းအဝေး သုံးရက်ကြာပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ (၉)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံး၌ ကျင်းပလျက်ရှိပြီး ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင် နှစ်ဖက်တပ်များနှင့် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း (SOP)နှင့် JMC အတွက် လိုအပ်သည့်ဘတ်ဂျက်အကြောင်း ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။


ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၉)ကြိမ်မြောက်အစည်းအဝေး ကျင်းပစဉ်။ (ဖိုးထောင်)

အစည်းအဝေးတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာ၌ JMC-U အနေဖြင့် NCA ပါအတိုင်း စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ၊ ပစ်ခတ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သဘောတူစာချုပ်တွင်ပါသော ကတိကဝတ်များအား လိုက်နာဆောင်ရွက်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုသွားရန်၊ တပ်ဖွဲ့ဝင်များ နယ်မြေဒေသအတွင်း ခရီးသွားလာမှုကို NCA အခန်း(၃) အပုဒ် ၈ ပါ အတိုင်း တပ်ဖွဲ့ဝင်များ ခရီးသွားလာမှုနှင့်ပတ်သက်ပြီး လွတ်လပ်စွာခရီးသွားလာခွင့်အား လိုက်နာရန်နှင့်တည်ဆဲဥပဒေကို လေးစားလိုက်နာရန်၊ ယခုအခါတွင် NCA အခြေခံမူ နံပါတ်(၁)ပါအတိုင်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ဆွေးနွေးနေပြီဖြစ်ကာ ယင်းဆွေးနွေးပွဲများမှတစ်ဆင့် ခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားများလိုအပ်နေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုဆီသို့ တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားရန်၊ ထိုသို့ဆောင်ရွက်ရာတွင် အချင်းချင်းအကြား ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်ပွားအောင်စောင့်ထိန်းကြရန်၊ JMC အနေဖြင့်လည်း တာဝန်ယူရသောနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်မှုများအား ပူးပေါင်းဆောင်ရွက်သွားရန်။

အဓိကအနေဖြင့် နှစ်ပေါင်း ၆၀ ကျော်တိုက်ပွဲများ ဖြစ်ပွားခဲ့သည့် အချို့နယ်မြေဒေသများတွင်မြေမြှုပ်မိုင်းများရှိသည့်အပြင် မငြိမ်းချမ်းသေးသော နယ်မြေဒေသများလည်းရှိနေကြောင်း၊ ယင်းတို့အား နှစ်ဖက်ညှိနှိုင်းဆွေးနွေးပြီး မြေမြှုပ်မိုင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ နှစ်ဖက်ညှိနှိုင်းကာ တည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား ဆောင်ရွက်ရန်၊ မကြာမီကာလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်ကျင်းပတော့မည်ဖြစ်သဖြင့် ထိုအစည်းအဝေးကြီး အောင်မြင်စွာကျင်းပနိုင်စေရန် JMC အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများမရှိအောင် ပူးတွဲဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးနှင့် ဆက်လက်၍ အရပ်သားကိုယ်စားလှယ်များအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးမောင်မောင်ငြိမ်းတို့က နှုတ်ခွန်းဆက်အမှာစကားများပြောကြားသည်။

စောအိုင်းဇက်ဖိုးက ယခုအခါတွင် JMC-U အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S)တို့ကို ဖွဲ့စည်းနေပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA)၊ ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၊ နှစ်ဖက်တပ်များလိုက်နာရမည့် ကျင့်ဝတ်(COC)တို့နှင့်ပတ်သက်သည်များကို နယ်မြေဒေသများတွင် ရှင်းလင်းပွဲများကျင်းပကာ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုရှင်းလင်းပွဲများတွင် ဒေသခံ JMC-S အဖွဲ့များအပြင် အရပ်သားအဖွဲ့များပါ ပါဝင်သည့်အတွက် ပြည်သူလူထုအနေဖြင့် JMC / NCA /COC တို့အား သဘောပေါက်နားလည်မှုများ ရှိလာပြီဖြစ်ကြောင်း။

တစ်ဖက်နှင့်တစ်ဖက် အဖွဲ့အစည်းများအကြား ယုံကြည်မှုပျက်ပြားစေသည့် အကြောင်းအရာများကို ရှောင်ကြဉ်ကြရမှာဖြစ်ပြီး ယုံကြည်မှုတည်ဆောက်ရန်အတွက် NCA ပါ အချက်အတိုင်း ညှိနှိုင်းသွားရန်လိုကြောင်း၊ လက်ရှိတွင် JMC ၌ စိန်ခေါ်မှုများရှိနေပြီး အချို့ကိစ္စများတွင် နယ်မြေပိုင်းခြားသတ်မှတ်မှု ရရှိပြီးသော်လည်း သဘောထားကွဲပြားမှုများ ရှိနေသေးသည်ဟု ယူဆရကြောင်း၊ နှစ်ဖက်အဖွဲ့အစည်းကြားတွင် ပုံမှန်ဆက်သွယ်ရေးကိုတိုးမြှင့်ပြီး တစ်ဖက်နှင့်တစ်ဖက် နားလည်ယုံကြည်မှုရှိလာအောင် ကြိုးစားကြရမှာဖြစ်ကြောင်းနှင့် JMC တာဝန်ဖြစ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနေချိန်တွင် တိုက်ပွဲများမဖြစ်အောင် ထိန်းသိမ်းကြရမှာဖြစ်သောကြောင့် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကို လက်နက်ကိုင်အကြမ်းဖက်ပြီးမဖြေရှင်းဘဲ ပူးတွဲပြီးညှိနှိုင်းဖြေရှင်းသွားကြရမှာဖြစ်ကြောင်း ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ အစည်းအဝေးတွင် JMC ၏ မူဝါဒ လမ်းညွှန်ချက်အတိုင်း ရေးဆွဲထားသည့် ဘတ်ဂျက်ကိစ္စအား အတည်ပြုခြင်း၊ တပ်ပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (SOP)ကိစ္စအား ဆွေးနွေးအတည်ပြုခြင်း၊ နော်ဝေနိုင်ငံ၏ စီစဉ်မှုဖြင့် JMC အဖွဲ့ဝင်များ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်လေ့လာမည့် ကိစ္စရပ်များအား ဆွေးနွေးခြင်း၊ နော်ဝေပြည်သူများထောက်ပံ့ရေးအဖွဲ့ (NPA)၏ အစီအစဉ်ဖြင့် မိုင်းရှင်းလင်းရေးသင်တန်းပြုလုပ်မည့်ကိစ္စ ဆွေးနွေးခြင်း၊ နှစ်ဖက်တပ်များအကြား နယ်မြေသက်မှတ်မှုနှင့် မိုင်းရှင်းလင်းမည့် ကိစ္စရပ်များအား ဆွေးနွေးခြင်းတို့ကို ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာ ကျင်းပဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)အတွင်းရေးမှူး (၂)ဗိုလ်မှူးကြီးဝဏ္ဏအောင်က "အဓိကထားဆွေးနွေးမှာက တပ်ပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (SOP)နဲ့ ဘတ်ဂျက်အကြောင်း ဆွေးနွေးမယ်။ ဒီနေ့တော့ မပြတ်သေးဘူး။ SOP က ဆယ်ခုလောက်တော့ အတည်ပြုပြီးပြီ။ နောက်ထပ် သုံးဆယ်၊ လေးဆယ်လောက်ရေးရမယ်။ နောက်ထပ် အလုပ်အဖွဲ့ ရေးထားတဲ့ အတည်ပြုရမယ့် SOP တွေရှိမယ်။ ဘတ်ဂျက်နဲ့ဆိုင်တဲ့ ကိစ္စလေးတွေဆွေးနွေးမယ်"ဟု ပြောသည်။

**ရဲခေါင်ညွှန့်**

# လှိုင်မြစ်ကမ်းဘေး၌ သဲတင်စက်လှေတစ်စင်း အိတ်ဇောအပူရှိန်ကြောင့် မီးလောင်နစ်မြုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၄)ရပ်ကွက် လှိုင်မြစ်ကမ်းဘေး၌ ယနေ့ မွန်းလွဲပိုင်းက သဲတင်စက်လှေတစ်စင်း အိတ်ဇောအပူရှိန်ကြောင့် မီးလောင်နစ်မြုပ်သွားကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့်က အဆိုပါနေရာတွင် စက်လှေမောင်း ဦးဇော်ကြီး မောင်းနှင်သည့် သဲဆယ်ကျင်းဆုံ့ အလျား ၂၅ ပေ၊ အနံ ၁၀ ပေခန့်ရှိ သဲတင်စက်လှေ မီးလောင်နေကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ် Command & Control Center မှ မီးခိုးများကို တွေ့မြင်ရသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ လှိုင်သာယာ၊ အင်းစိန်မြို့နယ်တို့မှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့က မီးငြိမ်းသတ်ယာဉ် လေးစီး၊ အထောက်အကူပြုယာဉ် သုံးစီးတို့ဖြင့် သွားရောက်ခဲ့ရာ သဲတင်စက်လှေမှာ မီးလောင်မှုကြောင့် မွန်းလွဲ ၂ နာရီခန့်တွင် လှိုင်မြစ်ကမ်းဘေး၌ နစ်မြုပ်သွားကြောင်း သိရသည်။



မီးလောင်မှု အကြောင်းရင်းမှာ အဆိုပါ စက်လှေရှိ အိတ်ဇောအပူရှိန်မှ ရေနံသုတ်လိမ်းထားသည့် သစ်သားပေါင်သို့ ကူးစက်ပြီး ၎င်းမှတစ်ဆင့် စက်သုံးရန်ထားရှိသော ဒီဇယ်ပုံးသို့ ကူးစက်ရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် သဲဆယ်ကျင်း၊ အမိုး၊ အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများ မီးလောင်ခံရ၍ ငွေကျပ် ခုနစ်သိန်းသုံးသောင်းခန့် ဆုံးရှုံးခဲ့ပြီး ယင်းဖြစ်စဉ်ကြောင့် စက်လှေမောင်း ဦးဇော်ကြီး (၃၇)နှစ်အား လှိုင်သာယာမြို့မ ရဲစခန်းက(ပ)၃၀၉/၂၀၁၇၊ ပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့်လှစ်၍ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **သတင်း- ဇာနည်မောင်**

**ဓာတ်ပုံ- ဇော်ကြီး(ပဏီတ)**

# ပြည်ထောင်စုနေ့အကြို လုံခြုံရေးတိုးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားမကျင်းပမီ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ညွှန်ကြားချက်ဖြင့် ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဝင်း အနီးကပ်ကြီးကြပ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကျော်ညွန့် ဦးဆောင်သော အဖွဲ့ဝင်များသည် မြို့နယ်အတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းတွင် ရန်ကုန်-မန္တလေးကားလမ်း ကျောက်ချက်ကျေးရွာ၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ပိတ်ဆို့စစ်ဆေးရှာဖွေမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုသို့စစ်ဆေးရှာဖွေရာတွင် လူ့အသက်ကို အန္တရာယ်ဖြစ်စေတတ်သော တုတ်၊ ဓား၊ လက်နက်သယ်ဆောင်ခြင်းရှိ/မရှိ၊ တရားမဝင်ကုန်ပစ္စည်းများ သယ်ယူခြင်းရှိ/မရှိတို့ကို အဓိကထားစစ်ဆေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိသော ယာဉ်များကိုလည်း ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

**မော်တော်ဆိုင်ကယ်အား နှစ်ဦးထက်ပိုစီးခြင်း ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲစီးခြင်း မပြုရ**

# ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီက
# ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၆

**ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစောခင်မောင်မြင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဖေဖော်ဝါရီ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကြားဖြတ်ရွေးကောက်ပွဲ၌ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၏ သဘောထားနှင့် လုပ်ငန်းစဉ်များ အကြောင်းကို တင်ပြဆွေးနွေးခွင့်ပေးသည်ကြောင့် မြန်မာပြည်တစ်ဝန်းလုံး၌ ရှိကြသော ရဟန်း၊ ရှင်၊ လူ၊ တိုင်းရင်းသားအပေါင်းတို့အား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေဟု ပဏာမ နိဒါန်းလွှာဖြင့် နှုတ်ခွန်းဆက်မင်္ဂလာ ဆုမွန်ကောင်းဆုတောင်းအပ်ပါသည်။**

**နိဒါန်းလွှာများ**

အကျွန်ုပ်တို့နေထိုင်သော မြန်မာပြည်သည် ရှေးအစဉ်အဆက်က ပဒေသရာဇ်နိုင်ငံရေးစနစ်၊ ကိုလိုနီနယ်ချဲ့နိုင်ငံရေးစနစ်၊ ဖက်ဆစ်ဝါဒ နိုင်ငံရေးစနစ်နှင့် ဆိုရှယ်လစ်နိုင်ငံရေးစနစ်များ အမျိုးမျိုးကျူးကျော်အုပ်စိုးထားမှုကြောင့် လွတ်လပ်ရေး၊ မျှတရေး၊ ငြိမ်းချမ်းရေးများ၊ (တစ်နည်း) နိုင်ငံရေး ခံစားခွင့် အာဏာစက်များ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ထိုစဉ်က အကျွန်ုပ်တို့ တိုင်းရင်းသားအားလုံးတို့သည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ငြိမ်းချမ်းသာယာရေးအတွက်ကို အသက်ပေါင်းများစွာ စတေးခဲ့ကြရသည်။ အေဒီ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် ရောက်ရှိမှသာ တစ်မျိုးသားလုံးတို့၏အခွင့်အရေးသည် ရရှိကြသည်။ (တစ်နည်း)အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော နိုင်ငံတော်ကြီးဖြစ်လာပြီး ကမ္ဘာ့အလယ်တွင် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့သည်။

လောက၌ လူသားများနှင့်ဆိုင်သော လူမှုအခွင့်အရေးများ အလေးထားရမည်။ မထီမဲ့မြင်မပြုရ၊ လေးစားလိုက်နာပြုပြင်ခြင်းဖြင့် လူသားတို့၏ အကျင့်သိက္ခာကို လေးမြတ်တန်ဖိုးထားရမည်။ အခွင့်အရေး မဖျက်ဆီးရ၊ ရက်စက်ကြမ်းကြုတ်ခြင်းမပြုရ၊ လွတ်လပ်စွာ ဖွင့်ဟပြောဆိုနိုင်မှု၊ လွတ်လပ်စွာ သက်ဝင်ယုံကြည်မှု၊ လွတ်လပ်စွာ အသက်မွေးမြူနိုင်မှုရှိရမည်။ ကြောက်ရွံ့ခြင်း၊ ချို့ငဲ့ခြင်းလည်းကင်းရမည်။ မတရားသဖြင့် ခံစားရသော အကြမ်းဖက်ခြင်းမျိုးမဖြစ်စေဘဲ လူသားတို့၏ လိုလားတောင့်တချက်အပြည့်အဝဖြစ်သော ငြိမ်းချမ်းရေးကို၊ တစ်နည်းအားဖြင့် ဖက်ဒရယ်ပြည်ထောင်စု တိုင်းပြည်ကို ရယူခံစားနိုင်စေမည့် နိုင်ငံတစ်နိုင်ငံ ပေါ်ပေါက်စေရန် ကောင်းမွန်မြင့်မြတ်သောဆန္ဒဖြင့် အကျွန်ုပ်တို့ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီအနေဖြင့် ရဲရင့်စွာ ထုတ်ဖော်ကြွေးကြော်ကြေညာခဲ့ခြင်းဖြစ်သည်။

အကျွန်ုပ်တို့သည် ညီညွတ်ရေးနှင့်တည်တံ့ခိုင်မြဲရေးတရားတို့ကို အစဉ်တစိုက် ဦးထိပ်ပန်ဆင်ခဲ့ကြသည်။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားတော်များ တည်တံ့ခိုင်မြဲစေရန်အလို့ငှာ နိုင်ငံသားတိုင်း၏ အခွင့်အရေးရှိသော နိုင်ငံရေးဆိုင်ရာ လွှတ်တော်သို့ အကျွန်ုပ်တို့ "ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ"က ဤကြားဖြတ်ရွေးကောက်ပွဲတွင် ရဲဝံ့စွာဝင်ရောက်ယှဉ်ပြိုင်နေခြင်း ဖြစ်သည်။ အကျွန်ုပ်တို့၏ ပါတီသည်-

(က) ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးမူဝါဒ၊

(ခ) အချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးမူဝါဒနှင့်

(ဂ) ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးမူဝါဒ ဦးတည်ချက် စသည်တို့ဖြင့် တည်ထောင်ထားသော ပါတီကြီးတစ်ရပ်ဖြစ်သည်။ ဤသည်မျှမကဘဲ အကြမ်းမဖက်သော၊ အကြမ်းဖက်အုပ်ချုပ်မှုမရှိသော နိုင်ငံရေးမူဝါဒကို ကျင့်သုံးဆောက်တည်သော ပါတီကြီးဖြစ်သည်။ အကျွန်ုပ်တို့ပါတီသည်

- မညှဉ်းဆဲခြင်း(အဟိံသ)
- အမှန်ကိုသာပြောဆိုခြင်း (သစ္စဘာသန)
- မခိုးဝှက်ခြင်း (အထေယျ)
- မြတ်သောအကျင့် ကျင့်ခြင်း (ဗြဟ္မစရိယ)
- မိမိအတွက် မသိမ်းပိုက်ခြင်း (အပရိဂ္ဂဟ)တည်းဟူသော လူသားတို့၏ ကျင့်ဝတ်ငါးဖြာကိုလည်း လေးစားလိုက်နာသောပါတီကြီးဖြစ်သည်။ ကိုယ်ကျင့်သိက္ခာထိန်းသိမ်းရေး၏ မြင့်မြတ်တန်ဖိုးရှိသောဘဝကို တည်ထောင်ရေးအတွက်လည်း လမ်းညွှန်ပြသော ပါတီတစ်ရပ်ဖြစ်သည်။ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ အများအတွက်ကို အနစ်နာခံနိုင်သူများအဖြစ် ကြိုးစားအားထုတ်ဆောင်ရွက်ကြသည့်ပါတီဖြစ်သည်။

**အခြေခံမူဝါဒများ**

ကျွန်ုပ်တို့ပါတီ၏ အခြေခံမူဝါဒများမှာ ဖော်ပြသည့်အတိုင်းဖြစ်သည်။

၁။ ကရင်အမျိုးသားတို့၏ ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့နှင့် ဓလေ့ထုံးတမ်း စသည်တို့ကို ထိန်းသိမ်းစောင့်ရှောက်သွားမည်။

၂။ လွတ်လပ်မှုနှင့်သက်ဆိုင်သော အခွင့်အရေးများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ရပိုင်ခွင့်များနှင့် ဒီမိုကရေစီအခွင့်အရေးများကို ကရင်အမျိုးသားအသိုင်းအဝိုင်း အတွင်း၌သာမကဘဲ မိမိနှင့်သက်ဆိုင်သော လူ့ဘောင်အသိုက်အဝန်းတစ်ရပ်လုံးအတွင်း၌ သက်ဝင်လှုပ်ရှားလာအောင် ကြိုးပမ်းဆောင်ရွက်မည်။

၃။ စစ်မှန်သော(ဖက်ဒရယ်)ပြည်ထောင်စုကြီး တည်ထောင်ရာတွင် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုရှိရေး၊ သာတူညီမျှမှုရှိရေး၊ မှန်ကန်မှုနှင့် တရားမျှတမှုရှိရေး၊ ငြိမ်းချမ်းမှုရရှိရေးအတွက် အစွမ်းကုန်ဆောင်ရွက်မည်။

၄။ ကြီးနိုင်ငယ်ညှဉ်းမူဝါဒကိုဆန့်ကျင်သော ကရင်တစ်မျိုးသားလုံးအတွက် လွတ်လပ်ပြီးငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သောဘဝကို ဖန်တီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

၅။ မည်သူမျှ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ ကရင်တစ်မျိုးသားလုံး၏ ဖွံ့ဖြိုးတိုးတက် သာယာဝပြောရေးနှင့် အကျိုးစီးပွားတို့ကို တရားဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်မည်။

၆။ ကရင်တစ်မျိုးသားလုံး၏ ထိခိုက်ပျက်စီးစေမည့် မူဝါဒများ၊ ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ထိခိုက်စေမည့် ပြုမူဆောင်ရွက်ချက်များကို တရားဥပဒေနှင့်အညီ အစွမ်းကုန် ခုခံဆောင်ရွက်မည်။

၇။ ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာစသည်တို့ကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်ဆောင်ရွက်မည်။

**ရည်မှန်းချက်**

ယနေ့ခေတ်ကာလ၌ လူသားအဖွဲ့အစည်းအသီးသီးတွင် ကိုယ်ပိုင်အမြင်ရှိကြသည်။ ကိုယ်ပိုင်ခံယူချက်လည်းရှိကြသည်။ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်ခံယူချက်ဖြင့် အရာခပ်သိမ်းကို သုံးသပ်ရှုမြင်တတ်ကြသည်။ ယနေ့ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့လူမှုအဖွဲ့အစည်းတိုင်းကို ကြည့်မည်ဆိုပါက အသိပညာခေါင်းပါးမှု၊ ရောဂါဘေးထူပြောမှုနှင့် ပင်ပန်းခက်ခဲစွာ လုပ်ကိုင်စားသောက်နေထိုင်ရမှုတို့သည် မမှန်ကန်သော နိုင်ငံရေးမူဝါဒ၊ နည်းလမ်းမမှန်သော ဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ဖြစ်ကြရသည်ဆိုသည်မှာ ငြင်းဆန်ရန်ခက်ခဲကြပေလိမ့်မည်။ ထို့ကြောင့်လည်း လူမှုအဖွဲ့အစည်း၌ ပဋိပက္ခနှင့် ပြဿနာများ ထူပြောလာခြင်းဖြစ်သည်။ (တစ်နည်း)လူမှုအဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲလာခြင်းဖြစ်သည်။ လူမှုရေးအဆောက်အအုံကြီးတစ်ခုလုံးအတွက် စိုးရိမ်ကြောင့်ကြစရာကြီးဖြစ်လာသည်။ ထိုသို့မဖြစ်အောင် အကျွန်ုပ်တို့ပါတီကြီးက "ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ကရင်အမျိုးသားတို့သည် တန်းတူညီမျှရေး၊ တရားမျှတရေး၊ လွတ်လပ်ရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို အခြေခံပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းပြည်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စသည်တို့ကို တည်ဆောက်ရန်အတွက်" ရည်မှန်းချက်ကြီးမားစွာထားရှိသောပါတီကြီး ဖြစ်သည်။

**ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်**

ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီသည်

၁။ ကရင်လူမျိုးတို့၏အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီပေါ်ပေါက်လာမည့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဖော်ဆောင်သွားရန်။

၂။ "ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ"သည် ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများသာမက အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ဖော်ဆောင်ရန်။

၃။ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲ၌ ကရင်တစ်မျိုးသားလုံး၏ အရေးကို ပါဝင်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဝင်ရောက်ယှဉ်ပြိုင်မည်။

၄။ "ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ"သည် ကရင်ပြည်နယ်ကိုအခြေခံပြီး ဖွဲ့စည်းတည်ထောင်မည့်အပြင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စသည်တို့အထိ တိုးချဲ့ဖွဲ့စည်းပြီး ကရင်အမျိုးသားတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်မည်။

၅။ ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားများအားလုံး အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ကရင်အမျိုးသားတို့၏အကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်လာစေရန် နည်းလမ်းရှာဖွေပြီး ဆောင်ရွက်မည်။

၆။ ပြည်သူတို့၏ စီးပွားရေးနှင့် လူမှုရေးတို့ကို မိမိတို့ဆန္ဒသဘောထားအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ကူညီစောင့်ရှောက်မည်။

၇။ အမုန်းမစွက်၊ အကြမ်းမဖက်သော နိုင်ငံရေးမူဝါဒကို လက်ခံထားပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးကို တည်ဆောက်မည်ဟု ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ချမှတ်အတည်ပြုထားသည့်ပါတီဖြစ်သည်။

**ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၏သဘောထားနိဂုံး**

ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၏ သဘောထားအချက်အလက်များမှာ-

၁။ လူသားတို့၏အခွင့်အရေးကို လေးစားမည်။

၂။ အကြမ်းမဖက်ခြင်းတရား(အဟိံသ)၊ မှန်ကန်မှုတရား(Truth)၊ တရားမျှတခြင်း (Justice) တို့ကို လေးစားမည်။

၃။ တရားမျှတသော မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်ခြင်းမှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးမှုများကို လိုက်နာမည်။

၄။ မတရားမှုဟူသမျှကို ပြည်သူနှင့်အတူ ငြိမ်းချမ်းသောနည်းဖြင့် ပူးပေါင်းဆောင်ရွက်သောမှုကို လိုက်နာမည်။

၅။ မြန်မာအမျိုးသားများ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့အစဉ်အလာများကို မပျောက်မပျက် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်မှုကို လိုက်နာမည်။

၆။ လူသားတိုင်း ကြောက်ရွံ့ခြင်းမှ ကင်းဝေးအောင် မှန်ကန်မှု (Truth)၊ အကြမ်းမဖက်မှု(အဟိံသ) တရားနှင့်တရားမျှတခြင်းများ တိုင်းပြည်၌ ထွန်းကားအောင် ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မည်။

၇။ မိမိတိုင်းပြည်အပေါ် မတရားကိုင်တွယ်ခြင်း၊ အမြတ်ထုတ်ခေါင်းပုံဖြတ်ခြင်း၊ ခြယ်လှယ်ခြင်း၊ အခွင့်အာဏာသုံးခြင်းနှင့် ဖိနှိပ်ခြင်းများ ပြုလာသူဟူသမျှ ကင်းဝေးရန် ပြည်သူများနှင့်အတူ အကြမ်းမဖက်သော နည်းလမ်းဖြင့် အောင်မြင်စွာ ဆင်နွှဲနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်မည်။

၈။ ကြီးနိုင်ငယ်ညှဉ်းမပြုခြင်းကိုလိုက်နာပြီး လူသားမဆန်သော လူမှုပစ်ပယ်မှုကို ရှောင်ကြဉ်မည်။

၉။ အရာခပ်သိမ်းကို လေးစားမှု၊ တရားမျှတမှုဖြင့် ဆက်ဆံမည်။

၁၀။ မိမိ၏ အတွင်းစိတ်ရောင့်ရဲမှုကို ကြံ့ခိုင်အောင် တည်ဆောက်ပြီး ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်း၊ စူးစမ်းခြင်း၊ အသိပညာသတ္တိသုံးမျိုးဖြင့် လူမှုဆင်းရဲမှုကင်းအောင် တည်ဆောက်မည်။

၁၁။ ဖိနှိပ်ချုပ်ချယ်မှုကိုအပင်ပန်းခံ၊ အနစ်နာခံခြင်းဖြင့် အောင်မြင်မှုရောက်အောင် တည်ဆောက်မည်။

၁၂။ ကရင်အမျိုးသားများ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့အစဉ်အလာများကို မပျောက်မပျက် ထိန်းသိမ်းစောင့်ရှောက်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားများနှင့်အတူ တည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းသာယာဝပြောရေး၊ စည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေးနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းဟူသော သဘောထားကို အကောင်အထည်ဖော်မည်။

၁၃။ အမျိုးသား အကျိုးစီးပွားကိုလည်းကောင်း၊ လူမျိုးကိုလည်းကောင်း ဖျက်ဆီးမည့်၊ တိုက်ဖျက်ဝါးမျိုမည့် နိုင်ငံရေးမူဝါဒ၊ အန္တရာယ်ပေးမည့် အယူအဆနှင့် မှားသောနိုင်ငံရေးအယူဝါဒတို့ကို ဥပဒေနှင့်အညီ ခုခံကာကွယ်ဆောင်ရွက်မည်။

၁၄။ တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာ စသည်တို့ကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်မည်။

၁၅။ ကိုယ်ကျိုးမပါသော အများအကျိုးသက်သက်ဖြင့် အမုန်းမစွက် အကြမ်းမဖက်သော၊ ဘက်လိုက်မှုကင်းသော နိုင်ငံရေးမူဝါဒကို လက်ကိုင်ထားလျက် စစ်မှန်သော(ဖက်ဒရယ်) ပြည်ထောင်စုနိုင်ငံတော်ကြီးကို အတူတကွ ပူးပေါင်းတည်ဆောက်မည်ဟူသော သဘောထားနိုင်ငံရေးမူများကို ထားလျက် လောက၌ မည်သည့်အကျိုးအာနိသင်များ၌မဆို လွတ်လပ်စွာ ခံစားခွင့်၊ သုံးစွဲခွင့်ရှိသည်ဟူသော အခွင့်အရေးအတွက် လူတိုင်းသည် အကျိုးကျေးဇူးကို ခံစားနိုင်ခွင့်၊ လူ့အသိုက်အဝန်းအတွက် လွတ်လပ်စွာ တိုးတက်နိုင်သော အခွင့်အရေးများကို မည်သည့်ဥပဒေမျှဖြင့် မဆန့်ကျင်ဘဲ

(က) လွတ်လပ်ရေး

(ခ) ညီညွတ်ရေး

(ဂ) မျှတရေးဟူသော ဒီမိုကရေစီတရားတော်မြတ်သုံးပါးကို နှလုံးသွင်းကြကာ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်ရာ၌ ဒီမိုကရေစီကျင့်စဉ်ကောင်း ပြည့်စုံထွန်းကားစေနိုင်ရန်အတွက် အကျွန်ုပ်တို့၏ "ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ"က တာဝန်ယူဆောင်ရွက်ပေးပါမည်။ ကတိတရားလည်း ပြုပါသည်။ ရဟန်း၊ ရှင်၊ လူ မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်ကျန်းမာချမ်းသာကြပါစေ။

# ကောလာဟလသတင်းကြောင့် အရှိန်လျော့ကျခဲ့သည့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်း ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်မည်

**မောင်တော ဖေဖော်ဝါရီ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကောလာဟလသတင်းကြောင့် အရှိန်လျော့ကျခဲ့သည့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ဦးနှောက်ရောင်၊ အသည်းရောင်အသားဝါ၊ ကြက်ညှာ၊ မေးခိုင်၊ H. Influenza type – B ၊ ပိုလီယို၊ ဝက်သက်၊ ဂျိုက်သိုးရောဂါနှင့် ပြင်းထန်အဆုပ်ရောင်ရောဂါနှစ်မျိုး ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများအပြင် ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ဒီဇင်ဘာ ၂၄ ရက်နဲ့ ၂၆ ရက်တွေမှာ မောင်တောမြို့နယ် မကျည်းချောင်းကျေးရွာမှာ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတွေဆောင်ရွက်ပါတယ်။ အဲဒီမှာ ကာကွယ်ဆေးထိုးလို့ ကလေးတစ်ဦးသေတယ်ဆိုပြီး ကောလာဟလသတင်းတွေဖြစ်ပေါ်လာတယ်။ သေသေချာချာ စုံစမ်းကြည့်တဲ့အခါ ကာကွယ်ဆေးထိုးလို့ သေတာမဟုတ်ဘဲ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လို့ သေတယ်ဆိုတာသိရတယ်။ အဲဒီကောလာဟလသတင်းကြောင့် ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်ထဲမှာ ကာကွယ်ဆေးထိုးနှံတဲ့အရှိန် လျော့နည်းသွားခဲ့တယ်။ ကာကွယ်ဆေးထိုးဖို့ ခေါ်တဲ့အခါ လူတွေထွက်မလာဘူး"ဟု ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ယမန်နေ့ ညနေ ၄ နာရီခွဲတွင် မောင်တောမြို့နယ် ပြည်သူ့ဆေးရုံ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကာကွယ်ဆေးကို လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကတည်းက ထိုးနှံလာတာဖြစ်ပါတယ်။ အခု ငါးမျိုးစပ်ဆေးနဲ့ ကာကွယ်ဆေး ၁၀ မျိုးထိုးနှံတာကလည်း နှစ်အတန်ကြာရှိနေပါပြီ။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က မောင်တောဒေသမှာ အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့တော့ ကာကွယ်ဆေးထိုးလုပ်ငန်းတွေ ရပ်တန့်သွားတဲ့အနေအထားဖြစ်သွားပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ ကာကွယ်ဆေးထိုးလုပ်ငန်းတွေ ပြန်လည်အရှိန်မြှင့်တင်နိုင်ဖို့ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှာ ထွက်ပေါ်ခဲ့တဲ့ ကောလာဟလသတင်းကြောင့် ကာကွယ်ဆေးထိုးလုပ်ငန်းအရှိန်တွေ ကျဆင်းခဲ့ရပါတယ်။ ကာကွယ်ဆေးထိုးလုပ်ငန်းတွေ အောင်မြင်ဖို့အတွက် ကျေးရွာသူ ကျေးရွာသားတွေကို ကျန်းမာရေးအသိပညာပေးလုပ်ငန်းတွေဆောင်ရွက်မယ်။ ဆွေးနွေးတာတွေ လုပ်ဆောင်မှာဖြစ်ပါတယ်။ NGO, INGO အဖွဲ့အစည်းတွေနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ ကျန်းမာရေးဌာနအနေနဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းတွေနဲ့ပတ်သက်လို့ လူအင်အားနဲ့ နည်းပညာတွေမှာ ကျွမ်းကျင်ပြီးသားဖြစ်ပါတယ်။ အဓိကကတော့ လူထုကိုစည်းရုံးဖို့လိုပါတယ်။ အဲဒီလိုစည်းရုံးတဲ့နေရာမှာ NGO, INGO အဖွဲ့အစည်းတွေနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ဖို့ဟာ အလွန်အရေးကြီးပါတယ်။"

"ဘူးသီးတောင်မြို့နယ်မှာ ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို ပြန်လည်စတင်ဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါ ဆရာမတစ်ဦးနဲ့ ကျန်းမာရေးဝန်ထမ်းတစ်ဦး နှစ်ဦးပါတဲ့ သမားရိုးကျ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဆရာဝန်ကြီးတွေ၊ ကျန်းမာရေးဆရာမတွေ၊ ကျန်းမာရေးဝန်ထမ်းနဲ့ ဆေးဝါးတွေ ပြည့်စုံစွာပါဝင်တဲ့အဖွဲ့အဖြစ် ကွင်းဆင်းဆောင်ရွက်ပါတယ်။ ကာကွယ်ဆေးထိုးဖို့လိုအပ်တဲ့ အမျိုးသမီးတွေ၊ ကလေးတွေနဲ့ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေကို ကာကွယ်ဆေးထိုးနှံပေးပါတယ်။ တစ်ဆက်တည်း ကာကွယ်ဆေးရဲ့ အာနိသင်တွေ၊ ကာကွယ်ဆေးအပေါ် ယုံကြည်မှုရှိဖို့အကြောင်းတွေကို ပြောပြဆွေးနွေးပါတယ်။ အဲဒီမှာ ယုံယုံကြည်ကြည်နဲ့ ကာကွယ်ဆေးကို ပြန်လည်ထိုးနှံလာကြပါတယ်။ ဘူးသီးတောင်မြို့နယ်မှာ ကာကွယ်ဆေးထိုးနှံခြင်းအောင်မြင်ခဲ့ပါတယ်။"

"အခုမောင်တောမြို့နယ်မှာ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းတွေ အောင်မြင်ဖို့ ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်နေပါတယ်။ ပထမဆုံး ကြိမ်ချောင်းတိုက်နယ်ဆေးရုံမှာ စတင်ဆောင်ရွက်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ကလေးတွေကို ကာကွယ်ဆေးထိုးပါတယ်။ ယုံယုံကြည်ကြည်နဲ့ ကာကွယ်ဆေးထိုးနှံကြပါတယ်။ ကာကွယ်ဆေးထိုးခြင်းကြောင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို ပြောပြဆွေးနွေးခဲ့ပါတယ်။ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်တွေမှာ ကာကွယ်ဆေးထိုးလုပ်ငန်းတွေ အောင်မြင်တယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လစဉ်ကာကွယ်ဆေးထိုးလုပ်ငန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ ကျေးရွာတွေကိုလည်း စီမံချက်နဲ့ အပိုင်းလိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ဆက်လက်ပြောပြသည်။

**မောင်ဇော်(ကလေး)**

# မုံရွာမြို့ ယင်းမာမြိုင်သီလရှင်စာသင်ကျောင်းရှိ သုံးထပ်ကျောင်းတိုက် မီးလောင်

**မုံရွာ ဖေဖော်ဝါရီ ၆**

မုံရွာမြို့ ချမ်းမြသာစည်ရပ်ကွက် ယင်းမာမြိုင်လမ်း ယင်းမာမြိုင် သီလရှင်စာသင်တိုက်တွင် ဖေဖော်ဝါရီ ၆ ရက် နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

"မီးလောင်ရတဲ့အကြောင်းရင်းကို မေးကြည့်တော့ တငွေ့ငွေ့လောင်တဲ့မီးဆိုတာ ကျောင်းတိုက်က သီလရှင်တွေ ပြောလို့သိရပါတယ်။ မီးက မြေတိုက်ကစလောင်တာဆိုတော့ အိပ်နေတဲ့သီလရှင်တွေ ကြမ်းပြင်ပူလာမှ မီးလောင်တယ်ဆိုတာ သိရတယ်လို့ဆိုပါတယ်။ မီးလောင်တဲ့ အဆောက်အအုံက မြေပေါ်နှစ်ထပ် မြေအောက်တစ်ထပ်ပါ။ မြေအောက်ထပ်က သီလရှင်တွေ စာကျက်တာတွေလုပ်သလို သီလရှင် အဝတ်အစားတွေ၊ အသုံးအဆောင်တွေထားတာပါ။ မြေအောက်ထပ်ကို ည ၁၀ နာရီဆိုရင် မဆင်းကြတော့ဘဲ အပေါ်ထပ်မှာ အိပ်ကြတော့တာပါ။ ၁၀ နာရီမှာ မဆင်းတော့ဘူးဆိုတော့ မီးလောင်တာကို သိတာကလည်း ၂ နာရီကျော်မှသိပြီး မီးလောင်တာကို ကြမ်းပြင်ပူမှသိတာဆိုတော့ မီးလောင်နေတာဟာ တငွေ့ငွေ့အစိုင်အခဲကစပြီးလောင်တယ်လို့ သုံးသပ်မိပါတယ်။ တော်သေးတာက အောက်က မီးလောင်ပြီးအိပ်နေတုန်း ကြမ်းပြုတ်မကျတာ ကံကောင်းတာပါ"ဟု မုံရွာမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီညီဇော်က ပြောသည်။



မီးလောင်သည့် တယ်လီဖုန်းသတင်းရလျှင်ရချင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ မြို့နယ်ဦးစီးမှူး ဦးညီညီဇော်တို့ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၃၀ နှင့်အတူ စတင်ရောက်ရှိကာ ထပ်ဆင့်သတင်းပေးခေါ်ဆိုရာ ရပ်ကွက်အသီးသီးမှ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် ထိန်းသိမ်းငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ၃၆ ပေ ပတ်လည် သွပ်မိုး၊ ပျဉ်ခင်း RC သုံးထပ်တိုက်နှင့်အတူ တီဗွီတစ်လုံး၊ ရေအေးစက်တစ်လုံး၊ စတီးခုံတစ်စုံ၊ မီးအားမြှင့်စက်တစ်လုံး၊ သစ်သားဗီရိုတစ်လုံးနှင့် အလူမီနီယမ်ဗီရိုနှစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယင်းမီးလောင်မှုသည် လေးပေမီးချောင်းချုပ် အပူလွန်ကဲ၍ မီးပွားကျရာမှ အောက်ရှိ သီလရှင်ဝတ်စုံနှင့် စာအုပ်များပေါ် မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်နိုင်ကြောင်း မုံရွာမြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူးက သုံးသပ်ပြောကြားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ဝိုင်ယာရှော့ဖြစ်ပြီး အိမ်တစ်လုံးမီးလောင်

**နတ်တလင်း ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ရွာမရပ်ကွက် ဇေယျာလမ်းတွင် ဖေဖော်ဝါရီ ၆ ရက် နံနက် ၅ နာရီ မိနစ် ၂၀ က အိမ်အမှတ်(၁၂) နေ ဒေါ်ကွန့်(၇၈)နှစ်၏ နေအိမ်အပေါ်ထပ်၌ ဘုရားမီးပူဇော်ထားသည့် လျှပ်စစ်မီးသီး အပူလွန်ကဲကာ ဝိုင်ယာရှော့ဖြစ်ပြီး မီးစတင်လောင်ကျွမ်းခဲ့သဖြင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်လေးစီးနှင့် သန္ဓေ၊ အရန်မီးသတ်အင်အား ၅၀၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းနု၊ ရဲမှူးအောင်မိုး၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ဒေသနေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၅ နာရီ ၃၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားသည်။ မီးလောင်မှုကြောင့် အုတ်တိုက်ခံအပေါ်ပိုင်း၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး လေးပင်အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသဖြင့် အိမ်ရှင်အား မီးပေါ့ဆမှုဖြင့် မြို့မရဲစခန်းက (ပ)၉၄/ ၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ အရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၀၇၁)**





# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား လေးသန်းကျော်နှင့် ခဲယမ်းများသိမ်းဆည်းရမိ

**မောင်တော ဖေဖော်ဝါရီ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းက စိတ်ကြွရူးသွပ်ဆေးပြား လေးသန်းကျော်နှင့် ခဲယမ်းများသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ကျော်ကျော်မင်း ဦးစီးပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက် ညနေ ၆ နာရီခန့်တွင် မောင်တောမြို့နယ် ဗောဓိကုန်းစစ်ဆေးရေးစခန်း၌ အလယ်သံကျော်ကျေးရွာမှ မောင်တောမြို့ဘက်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် ---- ၊ ကလူကာ အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်၌ သံယာနှစ်ပါးနှင့်အတူ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀၀ ကို စတင်ရှာဖွေတွေ့ရှိခဲ့သည်။

သတင်းဆက်အရ ယင်းနေ့ ည ၇ နာရီခန့်တွင် မောင်တောမြို့နယ်ရှိ ရွှေဗဟိုလ်ကျောင်းကို ဆက်လက်ရှာဖွေစစ်ဆေးရာ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၇၃၄၂၅၀ ကို လည်းကောင်း၊ ကျောင်းဧည့်ဆောင်ရှိ မောင်လင်းအောင်ရွှေနေထိုင်သည့်အခန်း ခုတင်ပေါ်မှ ဘူးဖြင့်ထည့်ထားသည့် ၅ ဒသမ ၅၆ ကျည် ၅၅ တောင့်၊ ၇ ဒသမ ၆၂ ကျည် ၃၉ တောင့်၊ မျက်မှန်အိတ်ဖြင့်ထည့်ထားသည့် ၉၁ လက်ပစ်ဗုံးတစ်လုံးနှင့် ဖျူးစ် တစ်ခုတို့ကိုလည်းကောင်း ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၂၄၂၅၀ နှင့် ခဲယမ်းများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား တရားဥပဒေအရ အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် တိမ်းရှောင်နေသူ မောင်လင်းအောင်ရွှေအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းဇော်(သတင်းစဉ်)**
**ဓာတ်ပုံ-မောင်ဖိုးဇော်**

## အဂ္ဂူရိုကို မည်သည့်အသင်းကိုမျှ ရောင်းချမည်မဟုတ်ဟု မန်စီးတီးအသင်းတုံ့ပြန်

မန်စီးတီးတိုက်စစ်မှူး အဂ္ဂူရိုက သူ၏ အနာဂတ်ကို မဖြစ်မနေ ဆုံးဖြတ်ရတော့မည်ဟု ပြောကြားပြီးနောက် နည်းပြ ဂွါဒီယိုလာနှင့် မန်စီးတီးအသင်းတာဝန်ရှိသူများက အဂ္ဂူရို မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့စရာမလိုဟု ချက်ချင်းဆိုသလို တုံ့ပြန်လိုက်ပြီဖြစ်သည်။ နွေဈေးကွက်အတွင်း အဂ္ဂူရို မန်စီးတီးမှ ထွက်ခွာတော့မည်ဟူသော သတင်းများကို မန်စီးတီးအသင်းဘက်မှ ပြတ်ပြတ်သားသားပင် ငြင်းဆန်ပယ်ချလိုက်သည်။ အဂ္ဂူရိုသည် ဆွမ်ဆီးနှင့် ပွဲစဉ်တွင် အရန်ခုံပေါ်တွင် ဆက်လက် ထိုင်နေခဲ့ရပြီးနောက် အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်၍ မီဒီယာများက သူ့အား အင်တာဗျူးမေးမြန်းခဲ့ရာ အဂ္ဂူရိုက "ကျွန်တော်ဒီမှာနေရာရှိသေးလား၊ မရှိတော့ဘူးလားဆိုတာ ကလပ်အသင်းကသာ ဆုံးဖြတ်ပါလိမ့်မယ်"ဟု ဖြေကြားခဲ့သည်။

အဂ္ဂူရိုမှာ လူငယ်တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ဇ် ရောက်ရှိလာပြီးနောက် နှစ်ပွဲဆက်တိုက် အရန်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရပြီးနောက် လာမည့်နွေဈေးကွက်တွင် မန်စီးတီးမှ ထွက်ခွာတော့မည်ဟူသော ခန့်မှန်းချက်များ ထွက်လာခဲ့သည်။ဂျီးဆပ်ဇ်သည် ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင်လည်း ဂိုးသွင်းယူနိုင်ခဲ့သလို ဆွမ်ဆီးအသင်းနှင့်ပွဲစဉ်တွင်လည်း မန်စီးတီးအသင်းရရှိသည့် နှစ်ဂိုးစလုံးကို သူတစ်ဦးတည်း သွင်းယူနိုင်ခဲ့သည်ဖြစ်ရာ အဂ္ဂူရို အတွက် ဖိအားအောက်ပိုမိုကျရောက်သည့် အနေအထားဘပင်ဖြစ်သည်။

ထို့ပြင် အဂ္ဂူရိုက " ဒီသုံးလအတွင်း ကျွန်တော်တတ်စွမ်းသမျှ အသင်းကို ကူညီပါမယ်။ ပြီးရင်တော့ ကလပ်အသင်းက ကျွန်တော့်ကို အလိုရှိသေးလားဆိုတာ ကြည့်ကြတာပေါ့။ ခုတော့ ဂါဘရီယယ်(ဂျီးဆပ်ဇ်) ဘယ်လိုကစားသလဲဆိုတာ စောင့်ကြည့်ရင်း အနည်းငယ်သင်ယူလေ့လာမှု ပြုပါမယ်။ ပြီးတော့ ကျွန်တော် ဘယ်လိုကစားသလဲဆိုတာ ပြန်သုံးသပ်ပါမယ်" ဟု ဖြေကြားခဲ့သည်။


အဂ္ဂူရိုမှာ မန်စီးတီးသို့ရောက်ရှိလာသည့် ၂၀၁၁ ခုနှစ်မှစ၍ ပုံမှန်နေရာရခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်လတွင် ၂၀၂၀ ခုနှစ်အထိ သက်တမ်းရှိ တစ်နှစ်သက်တမ်းတိုးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သူဖြစ်သည်။ အဂ္ဂူရိုနှင့် မန်စီးတီးအသင်းတို့၏ အခြေအနေကို ဥရောပကလပ်အသင်းကြီးများက စိတ်ဝင်တစားစောင့်ကြည့်နေကြသောကြောင့် မန်စီးတီးအသင်းက အဂ္ဂူရို မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့ရန် အကြောင်းမရှိကြောင်း အလျင်အမြန် တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။ ယခုနောက်ဆုံး ထွက်ပေါ်လာသည့် သတင်းများအရ အဂ္ဂူရိုကို ခေါ်ယူလိုသည့်အသင်းများတွင် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းပါ ပါဝင်လာပြီး လာလီဂါထိပ်တန်း ရီးယဲလ်မက်ဒရစ်၊ စီးရီးအေချန်ပီယံဂျူဗင်တပ်အပြင် သူ၏အသင်းဟောင်း အက်သလက်တီကိုတို့ ပါဝင်နေကြောင်း သိရသည်။



## အင်တာမီလန်အသင်းက ချယ်လ်ဆီးနည်းပြကွန်တီကို အလိုရှိနေ

ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီကို စီးရီးအေကလပ်အသင်း အင်တာမီလန်အသင်းက အလိုရှိနေကြောင်း တက်တိုစပို့ သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ ကွန်တီသည် ချယ်လ်ဆီးအသင်းသို့ ပြီးခဲ့သည့်နွေရာသီက ရောက်ရှိခဲ့ပြီးနောက်ပိုင်း စနစ်တကျပြောင်းလဲခဲ့ရာ ဒုတိယနေရာရှိ စပါးအသင်းကို ကိုးမှတ်အထိဖြတ်ကာ ပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်စေနိုင်ခဲ့သည်။ အင်တာမီလန်အသင်းကို ဝယ်ယူခဲ့သည့် ဆန်းနင်းလုပ်ငန်းစုက ကလပ်အသင်းကို အကြီးအကျယ်ပြောင်းလဲရန် ဆန္ဒရှိနေပြီး ကွန်တီကဲ့သို့ ထိပ်တန်းနည်းပြတစ်ဦးကို ဆန်စီရိုသို့ အရောက်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ အင်တာက ကွန်တီအား တစ်နှစ်လုပ်ခ ယူရို ၁၅ သန်းနှင့် ကစားသမားခေါ်ယူခွင့်အတွက် ယူရိုသန်း ၄၀၀ အထိ အသုံးပြုခွင့်ပေးမည်ဟု မက်လုံးပေးထားသည်။

**မေလဲ့သင်း - စုစည်းသည်**



## အာဖရိကနိုင်ငံများဖလား ဆွတ်ခူးနိုင်ခဲ့သည့် ကင်မရွန်း ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် ဂျာမနီနှင့် တွေ့မည်

ကင်မရွန်းအသင်းသည် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဖီဖာကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ၏ အုပ်စုအဆင့်တွင် ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နည်းပြ ဟူဂိုဘရစ်၏ ကင်မရွန်းအသင်းသည် ဖေဖော်ဝါရီ ၅ ရက် ညပိုင်းက အီဂျစ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် အာဖရိကနိုင်ငံများဖလားကို ရယူဆွတ်ခူးထားနိုင်ခဲ့သည့်အသင်းဖြစ်သည်။

ကင်မရွန်းအသင်းသည် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ၏ အုပ်စုအဆင့် အုပ်စု(B)တွင် ဂျာမနီအသင်း၊ သြစတြေးလျအသင်း၊ ကိုပါအမေရိကဖလားချန်ပီယံ ချီလီအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။ ဇွန်လတွင် စတင်မည့် ဖီဖာကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမဲခွဲမှုကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက ပြုလုပ်ထားခဲ့ပြီးဖြစ်သည်။

အုပ်စု(A)တွင် ယူရို ၂၀၁၆ ချန်ပီယံအသင်းဖြစ်သည့် ပေါ်တူဂီအသင်းသည် အိမ်ရှင်ရုရှားအသင်း၊ Gold Cup ချန်ပီယံမက္ကဆီကိုအသင်း၊ အိုအက်ဖ်စီနိုင်ငံများဖလားချန်ပီယံ နယူးဇီလန်တို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

ရုရှားအသင်းနှင့် နယူးဇီလန်အသင်းတို့သည် ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၇ ရက်တွင် စိန့်ပီတာစဘတ်မြို့ရှိ ကရက်စတော့ဗ်စကိုင်းကွင်းထဲတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကိုလည်း ဇူလိုင် ၂ ရက်တွင် အဆိုပါအားကစားကွင်း၌ပင် ကျင်းပမည်ဖြစ်သည်။ ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲ၏ ပွဲစဉ်များကို စိန့်ပီတာစဘတ်မြို့၊ မော်စကိုမြို့၊ ဆိုချီမြို့နှင့် ကာဇန်မြို့တို့တွင် ကျင်းပမည်ဖြစ်သည်။ ဘရာဇီးအသင်းမှာ နောက်ဆုံးကျင်းပခဲ့သည့် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲသုံးကြိမ်စလုံးတွင် ဗိုလ်စွဲထားပြီး ၂၀၀၅၊ ၂၀၀၉ နှင့် ၂၀၁၃ တို့တွင် ဗိုလ်စွဲထားခြင်းဖြစ်သည်။ (ငွေကြယ်)

## လက်စတာနှင့်ပွဲစဉ်တွင် ကိုယ်ပိုင်အမှတ်တံဆိပ်ဘောလုံးကန်ဖိနပ်ကို ပေါ့ဘာ ဝတ်ဆင်ခဲ့

မန်ယူကွင်းလယ်လူ ပေါ့ဘာက လက်စတာစီးတီးနဲ့ ပွဲစဉ်မှာ သူ့ရဲ့ ရုပ်ပုံပါ ကိုယ်ပိုင်အမှတ်တံဆိပ်ဖိနပ်ကို ဝတ်ဆင်ခဲ့တာကြောင့် အင်္ဂလန်မီဒီယာတွေက သူဟာ မန်ယူအသင်းထက် သူ့ရဲ့ တစ်ကိုယ်ရည် ကျော်ကြားမှုကိုသာ ဦးစားပေးလုပ်ဆောင်နေတယ်လို့ ဝေဖန်ကြပြန်ပါတယ်။ ဟားလ်စီးတီးကို သရေသာကစားနိုင်ပြီးနောက် ပေါ့ဘာနဲ့ ဂျက်စီလင်းဂတ်တို့ကနေတဲ့ ဗီဒီယိုထွက်ပေါ်လာခဲ့တာကြောင့် မန်ယူနောက်ခံလူဟောင်း ရီယိုဖာဒီနန်က ဒီကိစ္စရပ်အပေါ် ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပါသေးတယ်။ အဲဒီနောက် သိပ်မကြာခင်မှာပဲ နည်းပြ မော်ရင်ဟိုက အချို့မန်ယူကစားသမား



တွေဟာ သက်သောင့်သက်သာ အနေအထားရှိလွန်းနေကြလို့ နိုင်ပွဲရအောင် ဘယ်လိုကစားရမယ်ဆိုတာ မဖြစ်မနေ သင်ကြားဖို့ လိုအပ်နေပြီလို့ ဆက်လက်ဝေဖန်ခဲ့ပြန်ပါတယ်။

ပေါ့ဘာက မန်ယူကို ရောက်ရှိလာပြီးနောက် သူ့အတွက် သီးသန့်ဆံပင်ညှပ်ဆရာထားပေးရတာ၊ ခံစစ်ပိုင်းထက် တိုက်စစ်ကိုလိုက်ပါကစားတဲ့ နေရာမှာနေရာချပေးဖို့ တောင်းဆိုတာ၊ သူ့ရဲ့ ကိုယ်ပိုင်အမှတ်တံဆိပ် PP ကျော်ကြားရေးကို ဆောင်ရွက်နေတာ စသဖြင့် ဒီအချက်တွေကို မီဒီယာတွေက ထောက်ပြနေကြပါတယ်။ လီဗာပူးနဲ့ ပွဲမတိုင်မီ အီမိုဂျီကိုယ်ပိုင် အမှတ်တံဆိပ် ဖန်တီးခံရတဲ့ ပေါ့ဘာဟာ လီဗာပူးနဲ့ပွဲမှာ ခြေစွမ်းမပြနိုင်လို့ ဝေဖန်ခံရပါသေးပေမယ့် မန်ယူအသင်းက လက်စတာကို သုံးဂိုးပြတ်နဲ့ အနိုင်ကစားနိုင်ခဲ့လို့ ဖိနပ်ဒီဇိုင်း သစ်ဝတ်ဆင်ထားတဲ့ ပေါ့ဘာကို မန်ယူပရိသတ်တွေက ငြိုငြင်မှုမရှိခဲ့ဘူးလို့ သိရပါတယ်။

## ပရီမီယာလိဂ် ပြစ်ဒဏ်ကျူးလွန်ခံရမှု အများဆုံးကစားသမားအဖြစ် ဟာဇက် ထိပ်ဆုံးမှ ရပ်တည်

ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်သည် ပရီမီယာလိဂ်၏ ပြစ်ဒဏ်ကျူးလွန်ခံရမှု အများဆုံးကစားသမားအဖြစ် ထိပ်ဆုံးမှ ရပ်တည်နေကြောင်း မှတ်တမ်းများအရ သိရသည်။ ဟာဇက်သည် အာဆင်နယ်အား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည့် ပွဲစဉ်တွင် ချယ်လ်ဆီးအတွက် ဒုတိယမြောက်သွင်းဂိုးကို တစ်ကိုယ်တော် ခြေစွမ်းပြပြီး သွင်းယူနိုင်ခဲ့သည်။ အာဆင်နယ်နှင့်ပွဲစဉ်တွင် ပထမပိုင်း၌ နောက်ခံလူ မူစတာဖီ၏ ကြမ်းတမ်းသည့် ဖျက်ထုတ်မှု တစ်ကြိမ် ကျူးလွန်ခံခဲ့ရသေးသည်။

ဟာဇက်မှာ ပရီမီယာလိဂ်နောက်တန်း ကစားသမားများ၏ အဓိကပစ်မှတ်ကစားသမားဖြစ်နေပြီး ယခုနှစ်ဘောလုံးရာသီအတွင်းမှာပင် ၆၇ ကြိမ်အထိ ပြစ်ဒဏ်ကျူးလွန်ခံခဲ့ရသည်။ ဟာဇက်၏ နောက်တွင် ခရစ္စတယ်ပဲလေ့စ်တိုက်စစ်မှူး ဇာဟာက ၆၆ ကြိမ်ဖြင့် ဒုတိယလိုက်နေပြီး တတိယနေရာတွင် ဟာဇက်၏ ချယ်လ်ဆီးအသင်းဖော် တိုက်စစ်မှူး ကော်စတာက ၅၆ ကြိမ်ဖြင့် ရပ်တည်နေသည်။ ပြစ်ဒဏ်ကျူးလွန်ခံရမှု အများဆုံး ထိပ်ဆုံးသုံးနေရာရှိ ကစားသမားများမှာ တိုက်စစ်ကစားသမားများသာ ဖြစ်သော်လည်း ကွင်းလယ်ကစားသမား ပေါ့ဘာသည် တိုက်စစ်ကစားသမားများဖြစ်သည့် စတာလင်း၊ မာနေးတို့ထက် ပြစ်ဒဏ်ကျူးလွန်ခံရမှု ပိုမိုများပြားနေသည်ကိုလည်း တွေ့ရသည်။

၀

**ပြစ်ဒဏ်ကျူးလွန်မှု အများဆုံးခံရသည့် ကစားသမားများ**

| | |
|---|---|
| အေဒင်ဟာဇက် | ၆၇ကြိမ် |
| ဝီလ်ဖရစ်ဇာဟာ | ၆၆ကြိမ် |
| ဒီယေဂိုကော်စတာ | ၅၆ကြိမ် |
| ပေါလ်ပေါ့ဘာ | ၅၂ကြိမ် |
| ဒန်နီရို့စ် | ၄၈ကြိမ် |
| အဒမ်စမစ် | ၄၈ကြိမ် |
| အဲရစ်ပီတာစ် | ၄၅ကြိမ် |
| ရီဟမ်စတာလင်း | ၄၅ကြိမ် |
| ဒယ်လီအယ်လီ | ၄၄ကြိမ် |
| ဂျက်ဝီရှိုင်းယား | ၄၄ကြိမ် |
| ဂျိုးအလန် | ၄၃ကြိမ် |
| ဆာဒီယိုမာနေး | ၄၃ကြိမ် |





## ဝေဖန်ခံရမှုတွေကြောင့် လူမှုကွန်ရက်မီဒီယာပေါ်က ဓာတ်ပုံတွေကို ဖျက်ပစ်ခဲ့တဲ့ ကမ်ဂိုအွန်

တောင်ကိုရီးယားသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ မင်းသမီး ကမ်ဂိုအွန်ဟာ ရုပ်ဆိုးလွန်းတယ်လို့ ဝိုင်းဝန်းဝေဖန်ခဲ့မှုတွေနဲ့ ကြုံတွေ့ခဲ့ရပြီးတဲ့နောက် လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့တဲ့ သူ့ရဲ့ဓာတ်ပုံတွေအားလုံးကို ပြန်လည်ဖျက်သိမ်းပစ်ခဲ့ကြောင်း အောကေပေ့ပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ကမ်ဂိုအွန်ဟာ သူကိုယ်တိုင်ရိုက်ကူးထားတဲ့ မိတ်ကပ်လိမ်းခြယ်ထားခြင်းမရှိတဲ့ သူ့ရဲ့ ဓာတ်ပုံတစ်ပုံကို လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေ တစ်ဆင့် ဖော်ပြခဲ့ရာမှာတော့ ပရိသတ်အချို့က မျက်နှာပြောင်နဲ့ ရုပ်ဆိုးလွန်းကြောင်း ပစ်တင်ဝေဖန်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒီလိုဝေဖန်မှုတွေနဲ့ ကြုံတွေ့ခဲ့ရပြီးတဲ့နောက် ကမ်ဂိုအွန်က အဆိုပါဓာတ်ပုံနဲ့အတူ အင်စတာဂရမ်စာမျက်နှာပေါ်က သူ့ရဲ့ ကိုယ်တိုင်ရိုက်ထားတဲ့ ဓာတ်ပုံတွေအကုန်လုံးကို ဖျက်ပစ်ခဲ့ကာ အဲဒီနောက် လတ်တလောအချိန်အထိ မည်သည့်ဓာတ်ပုံကိုမျှ အင်စတာဂရမ် စာမျက်နှာပေါ်ယူဆောင်လာခဲ့ခြင်းမရှိတော့ကြောင်းလည်း သိရပါတယ်။


## လေဒီဂါဂါရဲ့ ရင်သပ်ရှုမောဖွယ်ဖျော်ဖြေမှု

ပေ့ါပ်ကြယ်ပွင့် လေဒီဂါဂါရဲ့ ဖေဖော်ဝါရီ ၅ ရက် ညပိုင်းက အမေရိကန်နိုင်ငံ ဟူစတန်မြို့မှာရှိတဲ့ NFG ဘောလုံးကွင်းမှာ ဖျော်ဖြေခဲ့တဲ့ဖျော်ဖြေတင်ဆက်မှုဟာ “Super Bowl Show” သမိုင်းတစ်လျှောက် ရင်သပ်ရှုမောဖွယ် ဖျော်ဖြေမှုတွေထဲကတစ်ခုဖြစ်လာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါညမှာ လေဒီဂါဂါက သူ့ရဲ့အကျော်ကြားဆုံးသောတေးသီချင်းတွေနဲ့ ဖျော်ဖြေခဲ့ရာမှာ ဘောလုံးကွင်းရဲ့ ခေါင်မိုးပေါ်ကနေ ဆင်းသက်လာရင်းက တေးသီချင်းတွေကို သီဆိုခဲ့ကာ ရိုက်ကူးရေးအတွက်လည်း ဒရုန်းများစွာကို အသုံးပြုခဲ့ရကြောင်း သိရပါတယ်။ ဟူစတန်မြို့ဟာ ဒရုန်းများအသုံးပြုခြင်းကို တားမြစ်ထားတဲ့နေရာတစ်ခုဖြစ်ပေမယ့် လေဒီဂါဂါဟာ“Super Bowl Show” သို့ ဒရုန်းများကို ပထမဆုံးသယ်ဆောင်ခွင့်ရခဲ့သူဖြစ်လာခဲ့ကာ အဆိုပါရိုက်ကူးမှုအတွက် ဒရုန်းပေါင်းရာနဲ့ချီကာ အသုံးပြုခဲ့ကြောင်းလည်း သိရပါတယ်။

လေဒီဂါဂါက “God Bless America” နဲ့ “This Land Is Your Land”တေးသီချင်းတွေကို ယခုလို လေထဲမှာပျံဝဲနေစဉ်အချိန်တွေမှာ သီဆိုခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ဂရန်မီဆုရှင် ပေ့ါပ်ကြယ်ပွင့် လေဒီဂါဂါက သူ့ရဲ့အခြားသောကျော်ကြားတဲ့ တေးသီချင်းတွေဖြစ်ကြတဲ့ “Poker Face”၊ “Born This Way”၊ “Just Dance”၊ “Telephone”အစရှိတဲ့ တေးသီချင်းတွေနဲ့ ဖျော်ဖြေခဲ့ပါတယ်။

ဆက်လက်ပြီး လေဒီဂါဂါက သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် “Joanne” မှာ ပါဝင်တဲ့တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “ Million Reasons”ကို ကိုယ်တိုင်ကီးဘုတ်တီးကာ ဖျော်ဖြေခဲ့ပြီး နောက်ဆုံးနုတ်ဆက်သီချင်းအဖြစ် “ Bad Romance”နဲ့ သီဆိုဖျော်ဖြေခဲ့ကြောင်းလည်း သိရပါတယ်။



## ကမ်တေဟီး ပြောလာတဲ့ ရိန်းရဲ့ လက်ထပ်ခွင့်ပန်ခြင်း

ယခုနှစ်အစပိုင်းက မင်္ဂလာပွဲကို တိတ်တဆိတ်ဆင်နွှဲခဲ့တဲ့ တောင်ကိုရီးယားကြယ်ပွင့် ကမ်တေဟီးက ခင်ပွန်းဖြစ်သူ ရိန်းအနေနဲ့ သူ့ကို လက်ထပ်ခွင့်တောင်းဆိုခဲ့တဲ့အကြောင်းနဲ့ လတ်တလောကြုံတွေ့နေရတဲ့ အိမ်ရှင်မတစ်ဦးရဲ့ ဘဝတွေကို မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖွင့်ဟလာခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၉ ရက်က မင်္ဂလာပွဲဆင်နွှဲခဲ့ပြီး မကြာသေးမီက ဘာလီကျွန်းသို့ သွားရောက်ခဲ့ကြတဲ့ ဟန်းနီးမွန်းခရီးကနေ ပြန်လည်ရောက်ရှိလာခဲ့တဲ့ ကမ်တေဟီးက သူ့ရဲ့လက်ရှိဘဝအကြောင်းတွေကို ဖွင့်ဟပြောကြားလာခဲ့တာ ဖြစ်ပါတယ်။

အဆိုပါအင်တာဗျူးမှာ ကမ်တေဟီးက ရိန်းရဲ့ လက်ထပ်ခွင့်တောင်းတာနဲ့ပတ်သက်ပြီး ထူးထူးခြားခြား လုပ်ဆောင်ခဲ့တဲ့အရာကတော့ မင်္ဂလာပွဲနေ့မှာပင် ဖြစ်ခဲ့ကြောင်း ဆိုပါတယ်။ မင်္ဂလာပွဲအခမ်းအနားမှာ ရိန်းက သူ့ရဲ့နောက်ဆုံးထွက်ရှိခဲ့တဲ့တေးသီချင်း “My Best Present”နဲ့ သီဆိုဖျော်ဖြေခဲ့ပြီး အဆိုပါတေးသီချင်းနဲ့ ရိန်းက ကမ်တေဟီးကို လက်ထပ်ခွင့်တောင်းဆိုခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဆက်လက်ပြီး ကမ်တေဟီးက သူ့ရဲ့အိမ်ရှင်မဘဝနဲ့ပတ်သက်ပြီးလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ကမ်တေဟီးက လတ်တလောမှာသူဟာ ရိန်းရဲ့ဖခင်ဖြစ်သူရဲ့ မိသားစုနဲ့အတူ နေထိုင်လျက်ရှိကြောင်း ဆိုပါတယ်။ လတ်တလောမှာတော့ သူ့ဘဝဟာ အခြားသော သာမန်တောင်ကိုရီးယားမိသားစုတွေရဲ့ ဘဝကဲ့သို့ပင်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ မိသားစုဝင်တွေ နံနက်စာကို မျက်နှာစုံညီစားခဲ့ကြပြီးမှ မိမိတို့ရဲ့ သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီးကို လုပ်ဆောင်လေ့ရှိတယ်လို့လည်း သူ့ရဲ့နေ့စဉ်ဘဝအကြောင်းကို ဖွင့်ဟခဲ့ပါတယ်။ သူတို့အတွက် သင့်တော်မယ့်နေအိမ်ကို မတွေ့မချင်း ယခုလို ဆက်လက်နေထိုင်သွားမှာဖြစ်တယ်လို့လည်း ပြောခဲ့ပါတယ်။

ဒ့ါအပြင် ကမ်တေဟီးက သူဟာ အချက်အပြုတ်ကျွမ်းကျင်သူတစ်ဦး မဟုတ်တဲ့အတွက် လတ်တလောမှာ သင်ယူနေရဆဲဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

## တေလာဆွစ်ရဲ့ ယခုနှစ်အတွက် ပထမဆုံးနဲ့ နောက်ဆုံးသော ဖျော်ဖြေပွဲ



ပြီးခဲ့တဲ့ စနေနေ့ ညပိုင်းက အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်အတွင်း ကျင်းပခဲ့တဲ့ “pre-Super Bowl” ဖျော်ဖြေပွဲမှာ ပါဝင်ဖျော်ဖြေခဲ့တဲ့ ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ ဖျော်ဖြေမှုဟာ ၂၀၁၇ ခုနှစ်အတွင်း ပထမဆုံးပြုလုပ်ခဲ့တဲ့ သူ့ရဲ့ ဖျော်ဖြေမှုဖြစ်ခဲ့ပြီး ယင်းဖျော်ဖြေမှုဟာ ယခုနှစ်အတွက် တေလာရဲ့နောက်ဆုံးသောဖျော်ဖြေမှုလည်းဖြစ်လာနိုင်ကြောင်း မစ်ရာဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဖျော်ဖြေပွဲမှာ တေလာဆွစ်က သူ့ရဲ့ ကျော်ကြားလူကြိုက်များတဲ့ တေးသီချင်း ၁၇ ပုဒ်နဲ့ သီဆိုဖျော်ဖြေခဲ့ပြီး အဆိုပါတေးသီချင်းတွေအနက် သူနဲ့ “One Direction” အဖွဲ့ဝင်ဟောင်း ဇေမာလိခ်တို့ စုံတွဲသီဆိုထားတဲ့ တေးသီချင်း “ I Don't Wanna Live Forever”ကို တစ်ကိုယ်တော် ပြန်လည်သီဆိုဖျော်ဖြေခဲ့မှုလည်း ပါဝင်ကြောင်း သိရပါတယ်။

ယခုလိုသီဆိုဖျော်ဖြေခဲ့ရာမှာ တေလာဆွစ်က “ I Don't Wanna Live Forever” တေးသီချင်းကို ဇေမာလိခ်နဲ့အတူ သီဆိုဖို့ စီစဉ်ထားခဲ့ပေမယ့် သူ့အနေနဲ့ တက်ရောက်နိုင်ခဲ့ခြင်းမရှိတဲ့အတွက် များစွာဝမ်းနည်းမိကြောင်း ပရိသတ်တွေကို ပြောကြားခဲ့ပါတယ်။ ဇေမာလိခ် သီဆိုခဲ့တဲ့ သီချင်းစာသားတွေကိုလည်း ပရိသတ်ကို ကူညီသီဆိုပေးဖို့ ပြောကြားခဲ့ပြီး အဆိုပါတေးသီချင်းကို သူ့အနေနဲ့ ပထမဆုံးအကြိမ် တိုက်ရိုက်သီဆိုဖျော်ဖြေရတာဖြစ်တဲ့အတွက် အလွန်ပင်စိတ်လှုပ်ရှားနေမိကြောင်းလည်း တေလာဆွစ်က ဖွင့်ဟပြောကြားခဲ့ပါတယ်။

“pre-Super Bowl”ဖျော်ဖြေပွဲအတွင်း တေလာဆွစ်ကိုယ်တိုင် စန္ဒရားတီးကာ သီဆိုဖျော်ဖြေခဲ့မှုတွေလည်း ပါဝင်ခဲ့ပြီး သူ့ရဲ့ဖျော်ဖြေမှုဟာ စုစုပေါင်း နှစ်နာရီခန့်ကြာမြင့်ခဲ့ကြောင်းလည်း သိရပါတယ်။

ယင်းဖျော်ဖြေပွဲကြီးကို အခြားသော ဟောလိဝုဒ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ခရစ်အီဗန်၊ ဂျာနေမီရန်းနား၊ ဂျွန်လဲဂျန့်အစရှိတဲ့ အနုပညာရှင်ပေါင်းများစွာ တက်ရောက်အားပေးခဲ့ကြောင်းလည်း သိရပါတယ်။

## မိန်းကလေးတစ်ယောက်အတွက် အငြင်းအခုံမဖြစ်ဘူးလို့ဆိုလာတဲ့ Super Junior

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Super Junior ဟာ သူတို့အဖွဲ့ဝင်တွေအကြား မိန်းကလေးတစ်ယောက်ကြောင့် ဘယ်တော့မှ အငြင်းအခုန်လုပ်ကြတာမျိုး၊ တစ်ဦးနဲ့တစ်ဦးခိုက်ရန်ဖြစ်တာမျိုးတွေမရှိခဲ့ကြောင်း အဖွဲ့ဝင်တစ်ဦးက ဖွင့်ဟလာခဲ့တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

တေးဂီတအဖွဲ့တွေအနက် အဖွဲ့ဝင်အရေအတွက်များတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Super Junior ဟာ သူတို့အကြား မိန်းကလေးတစ်ဦးတည်းကို အပြိုင်ကြိုက်တာမျိုးတွေကို ရှောင်ရှားလေ့ရှိကြောင်း အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဟီချူက ဖွင့်ဟလာခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီး ဟီချူက သူတို့အဖွဲ့ဝင်တွေဟာ မိန်းကလေးတစ်ဦးကို ကြိုက်နှစ်သက်ပြီဆိုပါက အခြားသောအဖွဲ့ဝင်တွေကိုလည်း အသိပေးပြောကြားကြပြီး ဘယ်တော့မှမိန်းကလေးတစ်ဦးကို အပြိုင်ကြိုက်လေ့မရှိကြောင်း ဆိုပါတယ်။ ဒ့ါအပြင်အဖွဲ့ဝင်တွေဟာ မျှတတဲ့စည်းကမ်းတစ်ခုကိုထားရှိကြပြီး အဆိုပါသဘောတူချက်အရ မိန်းကလေးတစ်ဦးကို ပထမဆုံးစတင်ကြိုက်မိတဲ့သူကသာ အဆိုပါမိန်းကလေးကို ဆက်လက်ကြိုက်ခွင့်ရှိကြောင်းလည်း သိရပါတယ်။

Super Juniorဟာ အဖွဲ့ဝင် ၁၁ ဦးပါဝင်တဲ့ တေးဂီတအဖွဲ့ဖြစ်ပြီး တောင်ကိုရီးယားတေးဂီတအဖွဲ့တွေအကြား သက်တမ်းအရှည်ဆုံးသော တေးဂီတအဖွဲ့တွေအနက် တစ်ဖွဲ့အပါအဝင် ဖြစ်ပါတယ်။ လတ်တလောမှာတော့ အဆိုပါ တေးဂီတအဖွဲ့ဟာ ဂီတသက်တမ်း ၁၂ ခန့် ရှိခဲ့ပြီဖြစ်ပါတယ်။

အေးပြည့်
ရေးသားသည်

# မြန်မာနိုင်ငံအတွင်း ပထမဆုံးဝင်ရောက်လာသည့် အကြီးဆုံးကုန်တင်သင်္ဘော MIPL ဆိပ်ကမ်းသို့ရောက်ရှိ




**သန်လျင် ဖေဖော်ဝါရီ ၆**
မြန်မာနိုင်ငံမှ WEST အာဖရိကရှိနိုင်ငံများသို့ ဆန်အိတ်အများအပြား တင်ပို့လျက်ရှိရာ MAGNUM POWER အမည်ရှိ ဆန်အိတ်များတင်ဆောင်သည့် ကုန်တင်သင်္ဘောကြီးမှာ မြန်မာနိုင်ငံအတွင်းပထမဆုံးဝင်ရောက်လာသည့် အကြီးဆုံးကုန်တင်သင်္ဘောဖြစ်ပြီး အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းအနီးရှိMIPL ဆိပ်ကမ်း၌ ဆိုက်ကပ်ထားကြောင်း သိရသည်။

အဆိုပါကုန်တင် သင်္ဘောကြီးမှာ ကုန်ပစ္စည်းတန်ချိန် (DWT) ၅၇၀၀၀ ထိ တင်ဆောင်နိုင်ပြီး သင်္ဘောကြီး၏အရှည်မှာ မီတာ ၁၉၀ ရှိကာ ရန်ကုန်ဆိပ်ကမ်းသို့ ပထမဆုံးရောက်ရှိဆိုက်ကပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များထံမှ ဝယ်ယူထားသောဆန်အိတ်များကို WEST အာဖရိကရှိနိုင်ငံများဖြစ်သော ကွန်ဂိုနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့သို့ တင်ပို့မည်ဖြစ်ပြီး ယခုအခါ ကွန်တိန်နာဖြင့် မပို့တော့ဘဲ Bulk Carrier ဖြင့် သယ်ယူပို့ဆောင်ခြင်းကြောင့် တစ်ကြိမ်တည်း၌ ရည်မှန်းချက်မီသည့် ဆန်တန်ချိန်ပမာဏကို ကုန်တင်သင်္ဘောကြီးတစ်စီးတည်းဖြင့် တင်ပို့နိုင်ကြောင်း MAYAR(INDIA) ကုမ္ပဏီလီမိတက်၏ ChiefRepresentative-Myanmar မစ္စတာ P.D Maheshwari ကပြောကြားသည်။

မြန်မာနိုင်ငံမှ WEST အာဖရိကရှိနိုင်ငံများသို့ ဆန်တင်ပို့ရာတွင် ကွန်တိန်နာများဖြင့် မတင်ပို့တော့ဘဲ Bulk Carrier ကဲ့သို့သော ကုန်တင်သင်္ဘောကြီးများဖြင့် တင်ပို့သောကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေတိုးစေပြီး အနယ်နယ်အရပ်ရပ်ရှိ တောင်သူဦးကြီးများအတွက်လည်း အကျိုးရှိစေကြောင်း ယခုကဲ့သို့သောဈေးကွက် ရရှိခြင်းကြောင့် အနာဂတ်ကာလ၌ ဆန်ပို့ကုန်ပမာဏတိုးမြှင့်ခြင်းအတွက် အထောက်အကူဖြစ်စေကြောင်း၊ ယခုနောက်ပိုင်း လုပ်ငန်းရှင်များမှ အရည်အသွေးထိန်းချုပ်မှုကို တိတိကျကျ လုပ်ဆောင်လာကြသဖြင့် နိုင်ငံအတွင်းရှိ ပို့ကုန်ဆန်များအား ပြည်ပနိုင်ငံများသို့ ကျယ်ပြန့်စွာတင်ပို့လာနိုင်ကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဆိပ်ကမ်းဝန်ဆောင်စရိတ် ကောက်ခံတွက်ချက်ရာတွင်လည်း သင်္ဘော၏တင်နိုင်သည့် တန်ချိန် (GRT) ဖြင့် တွက်ချက်ခြင်းကြောင့် ဝင်ငွေပိုမိုရရှိစေကြောင်းနှင့် သင်္ဘောကြီးများဝင်ရောက်ဆိုက်ကပ်ခြင်းကြောင့် PORT GUES များ ပိုမိုရရှိစေကြောင်း ဝါရင့်ကပ္ပတိန် ဟင်နရီဦးခင်မောင်က ပြောသည်။

"ခုဆိုရင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့လည်း ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်ဆောင်နေတယ်ဆိုတာကို ကြားသိရပါတယ်။ ခုဆိုရင် မီတာ ၂၀၀ နီးပါးအရှည် (LOA) ရှိတဲ့ ဆန်တင်သင်္ဘောကြီး ဝင်ရောက်လာတာဟာ ဆိပ်ကမ်းကိုလည်းမကျပ်အောင်နဲ့ အပြင်မှာချည်းကုန်ပစ္စည်းမတင်ဘဲ အထဲထိဝင်ပြီး ကုန်ပစ္စည်းတင်လို့ရအောင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ကြိုးစားဆောင်ရွက်နေတာကိုလည်း သိရပါတယ်။ ရေစူးတွေတိုးများလာအောင်လည်း သောင်တူးဖော်တဲ့လုပ်ငန်းများ ဆောင်ရွက်နေတဲ့အတွက် အကယ်လို့သောင်တူးဖော်တဲ့လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဆိုရင်တော့ ကုန်ပစ္စည်းသင်္ဘောကြီးများလည်း ဆူးလေ၊ ဗိုလ်အောင်ကျော်ထိဝင်ရောက်လာပြီးတော့မှ ရေစူးများများနဲ့ တိုက်ရိုက်ပြန်ထွက်နိုင်ကြတော့မှာဖြစ်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ ကြိုးစားဆောင်ရွက်နေတာကို ကြားသိရတဲ့အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကို အသိအမှတ်ဂုဏ်ပြုပါတယ်။ ခုလို မီတာ ၂၀၀ အရှည်ရှိတဲ့ သင်္ဘောကြီးတွေ ဝင်ထွက်သွားနိုင်ပြီး ကုန်ပစ္စည်းများစွာတင်ဆောင်နိုင်တဲ့အတွက် ကုန်စည်သယ်ယူပို့ဆောင်ခစရိတ်လည်း သက်သာသွားပါတယ်။ ဥပမာ တန်ချိန် ၁၀၀၀၀ တင်ဆောင်နိုင်တဲ့သင်္ဘောနဲ့ တန်ချိန် ၅၀၀၀၀ တင်ဆောင်နိုင်တဲ့သင်္ဘောမှာ ကုန်စည်သယ်ယူပို့ဆောင်ခစရိတ်က အလွန်ကွာဟပါတယ်။ အဲ့လိုကုန်စည်သယ်ယူပို့ဆောင်ခစရိတ်က အလွန်ကွာဟတဲ့အပေါ် သင်္ဘောအဝင်၊ အထွက်မှာ ဘာတွေဖြစ်လာသလဲဆိုတော့ ဒီလိုသင်္ဘောအကြီးတွေနဲ့ ကုန်စည်သယ်ဆောင်နိုင်တဲ့တစ်နေ့ကျရင် ကုန်ဈေးနှုန်းပါ ကျဆင်းလာနိုင်တဲ့အတွက် ပြည်သူများအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရပါတယ်။ ကုန်ဈေးနှုန်းကျဆင်းဖို့နဲ့ သင်္ဘောကြီးတွေဝင်ထွက်သွားလာနိုင်တာဟာ တိုက်ရိုက်ဆက်စပ်ပတ်သက် အချိုးကျနေတာကို တင်ပြလိုပါတယ်" ဟု ၎င်း၏အမြင်အား ထပ်မံသုံးသပ်ပြောကြားသည်။

အဆိုပါဆန်အိတ်များကို ကုန်ပစ္စည်းတင်သင်္ဘောကြီးဖြင့် ပြည်ပနိုင်ငံများသို့ ဝယ်ယူတင်ပို့သောကုမ္ပဏီမှာ မြန်မာနိုင်ငံအတွင်း နှစ် ၂၀ နီးပါးအကြာ လာရောက်ဖွင့်လှစ်ထားသည့် MAYAR(INDIA)ကုမ္ပဏီလီမိတက်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းမှ ဆန်နှင့် အခြားကောက်ပဲသီးနှံများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကာ ၎င်း၏ရုံးချုပ်မှာ ဟောင်ကောင်နိုင်ငံ၌ အခြေစိုက်ဖွင့်လှစ်ထားကြောင်း၊ ဆန်အိတ်များသယ်ယူပို့ဆောင်သည့် ကုန်ပစ္စည်းတင်သင်္ဘောကြီးများ ဝင်ရောက်လာသဖြင့် နိုင်ငံတော်အတွက် ဝင်ငွေတိုးစေပြီး ရန်ကုန်ဆိပ်ကမ်းတွင်လည်း ယခုအခါ ကြီးမားသောကုန်ပစ္စည်းတင်သင်္ဘောများ ဆိုက်ကပ်နေပြီဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံမှ WEST အာဖရိကရှိနိုင်ငံများသို့ ဆန်အိတ်အများအပြားတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(MLA)**

## ဟောင်းနွမ်းပြီးသက်တမ်းလွန်နှင့် ရှုပ်ထွေးဆားဗစ်ကြိုးများရှင်းလင်းရေးဆောင်ရွက်



**တာမွေ ဖေဖော်ဝါရီ ၆**
တာမွေမြို့နယ်လျှပ်စစ်ခေတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ကျားကွက်သစ်ရပ်ကွက် စိတ္တသုခလမ်း ရှုပ်ထွေးဆားဗစ်ရှင်းလင်းရေးကော်မတီတို့ပူးပေါင်းကာ ဖေဖော်ဝါရီ ၂ ရက် နံနက်က အိမ်ခန်းပေါင်း ၂၅၀ ၌ သွယ်တန်းထားသည့် ဆားဗစ်ကြိုးများအား 400V (Aerial Bundle Cabel)များဖြင့် အစားထိုးကာ ရှုပ်ထွေးဆားဗစ်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါလုပ်ငန်းအား ဦးဆောင်ကြီးကြပ်သူ မြို့နယ်လျှပ်စစ်မန်နေဂျာ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စန်းနှင့် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာမှူးဦးစိုးမိုးတို့ထံမှ သိရှိရသည်။

"အိမ်ခန်းပေါင်း ၂၅၀ ရှိပြီး ရှုပ်ထွေးဆားဗစ်ရှင်းဖို့အတွက် ကော်မတီဖွဲ့ပြီး အများသဘောတူညီချက်နဲ့ ဆောင်ရွက်တာပါ။ လျှပ်စစ်ဌာနက လိုအပ်တဲ့ခေတ်တိုင်နှစ်တိုင် Distribution Box 27 လုံးနဲ့ ဆက်စပ်ပစ္စည်းတွေ၊ လုပ်သားတွေရဲ့လုပ်အားခတွေ စုစုပေါင်း ၁၉ သိန်းခန့်နဲ့ လမ်းသူလမ်းသား မိဘပြည်သူတွေက ၂၉ သိန်းခန့် ထည့်ဝင်ပြီး ရှုပ်ထွေးဆားဗစ်ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်ပါတယ်" ဟု ဥက္ကဋ္ဌ ဦးလှမိုးဦးနှင့် အတွင်းရေးမှူးဦး ဗိုလ်ဆန်းတို့ကရှင်းပြသည်။

ဆားဗစ်ကြိုးတွေက သက်တမ်းလွန်နေပြီး ပေါက်ပြဲနေသဖြင့် ရှုပ်ထွေးနေသည့်ဝါယာကြိုးအချင်းချင်း ထိမိကာ လျှပ်စစ်အန္တရာယ်ကျရောက်နိုင်သဖြင့် ယခုကဲ့သို့ဆောင်ရွက်ပေးခြင်းက မိဘပြည်သူနှင့် လမ်းသွားလမ်းလာများအတွက် ကောင်းမွန်သည့် ဆောင်ရွက်မှုဖြစ်ကြောင်း အကြံပြုပြောကြားသည်။

**မောင်မောင်**

## နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့အကြိုပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်

**ကျောက်ကြီး ဖေဖော်ဝါရီ ၆**
ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှဦးစီး၍ နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် လူထုပူးပေါင်းပါဝင်သော ပတ်ဝန်းကျင်သန့်ရှင်းရေးလူထုလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၇ နာရီက ကျောက်ကြီးမြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။

မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်း၍ မြို့နယ်ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ခြေတော်ရာဘုရားတောင်တော်ပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် တြိဂံလမ်းဆုံမှဈေးလမ်းဆုံအထိ လမ်းမကြီးတစ်လျှောက် စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မြို့ပေါ်(၇)ရပ်ကွက်အတွင်းရှိ နေအိမ်ပတ်ဝန်းကျင်နှင့် ရုံးပတ်ဝန်းကျင်များအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြပြီး အမှိုက်များကို သတ်မှတ်နေရာများတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းယာဉ်သို့တင်ပေးခြင်းဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလူထုလှုပ်ရှားမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကကြီးကြပ်၍ မြို့လုံးကျွတ် ပတ်ဝန်းကျင်သန့်ရှင်းရေး လူထုလှုပ်ရှားမှု ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘာသာကြီးလေးခုဖြစ်သည့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာဝင်များ ဘာသာပေါင်းစုံ လုပ်ငန်းညှိနှိုင်းစည်းဝေး

**သရက်ချောင်း ဖေဖော်ဝါရီ ၆**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်အတွင်း ဘာသာပေါင်းစုံလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အဖွင့်အမှာစကားပြောကြားရာတွင် ဘာသာကြီးလေးခုဖြစ်သည့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာဝင်များအားလုံး မိမိတို့တိုင်းဒေသကြီးအတွင်း အေးချမ်းတည်ငြိမ်စွာနေထိုင်သွားစေချင်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်ပြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ဘာသာကြီးလေးခုမှ တက်ရောက်လာကြသူများအား မိမိတို့ဘာသာများအလိုက် ဝင်ရောက်ဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းအဆင့် ဗုဒ္ဓဘာသာကိုယ်စားလှယ်၊ ခရစ်ယာန်ကိုယ်စားလှယ်၊ အစ္စလာမ်ကိုယ်စားလှယ်နှင့် ဟိန္ဒူကိုယ်စားလှယ်များက ဘာသာအယူဝါဒများ အလိုက်ရှင်းလင်းပြောကြားခဲ့ကြသည်။

အခမ်းအနားသို့ တိုင်း ဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်နှင့် တိုင်းအဆင့်ဌာဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများ တက်ရောက်ကြကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**



## ကုန်းကြီးချောင်းရေကျော် မကြာမီပြီးစီးတော့မည်

**အထက်မင်းလှ ဖေဖော်ဝါရီ ၆**
သရက်ခရိုင် မင်းလှမြို့နယ် သရက်-မင်းလှကားလမ်းပိုင်းတွင် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ကုန်းကြီးချောင်းရေကျော်သည် မကြာမီပြီးစီးတော့မည်ဖြစ်သည်။

တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၁၉ ဒသမ ၂၅၀ သန်းဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ကုန်းကြီးချောင်းရေကျော်သည် ၁၄၅ ပေနှင့် ၅၃ ပေကျောက်ရိုးစည်နံရံတည်ဆောက်ပြီးစီး၍ ယခုဆောင်ရွက်လျက်ရှိသည့် ပေ ၄၀ သံကူကွန်ကရစ်ကြမ်းခင်းကို အပြီးသတ် ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ကုန်းကြီးချောင်းရေကျော်ကို မကြာမီပြန်လည်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

## အောင်လံမြို့တွင် သီတဂူဇောတိကစက္ခုဒါနဆေးရုံဖွင့်

**အောင်လံ ဖေဖော်ဝါရီ ၆**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ တည်ထောင်တော်မူသော သီတဂူဆေးရုံများအနက် (၃၂)ခုမြောက်ဆေးရုံဖြစ်သော သီတဂူဇောတိကစက္ခုဒါနဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက ဆေးရုံတော်တည်ရှိရာ ရွာထောင်ရပ်ကွက် ရခိုင်ပရိယတ္တိစာသင်တိုက်ဝန်းအတွင်းရှိ သီတဂူဇောတိကစက္ခုဒါနဆေးရုံတွင် ကျင်းပခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်မော်၏ဇနီး ဒေါ်မြိုင်မြိုင်ခင်၊ သယံဇာတ သဘာဝ ပတ်ဝန်းကျင် လျှပ်စစ်နှင့်စွမ်းအင်ဒေါက်တာခင်မောင်အေး၊ သီတဂူဦးမောင်သောင်း၊ သီတဂူဦးစိုးပိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ဆေးရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်၍ ကဗ္ပည်းမော်ကွန်းကျောက်စာအား တာဝန်ရှိသူများက အမွှေးနံ့သာရည် များပက်ဖျန်းကြပြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် ဧည့်သည်တော် များက မျက်စိဆေးရုံအတွင်းလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အခမ်းအနားသို့ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ သီတဂူရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တတိက္ခဉာဏနှင့် သံဃဝန်ဆောင်ဆရာတော်များ၊ ရခိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အရှင်ဇောတိက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညို၊ သယံဇာတ သဘာဝပတ်ဝန်းကျင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဒေါက်တာခင်မောင်အေး၊ စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့် အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ သီတဂူတပည့်သာဝကများတက်ရောက်ကြသည်။

**သိန်းလွင်(အောင်လံ)**

## ပြည်သူများသွားလာမှုအဆင်ပြေရေး ကွန်ကရစ်လမ်းခင်း

**အိမ်မဲ ဖေဖော်ဝါရီ ၆**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး၊ ပြည်သူများသွားလာမှုအဆင်ပြေရေးအတွက် လမ်းများအဆင့်မြှင့်တင်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အိမ်မဲမြို့နယ် အိမ်မဲကြီးရပ်ကွက် (၁၁) လမ်းတွင်အလျား ၉၇၅ ပေ၊ အနံ ၁၂ ပေ၊ ထု ခြောက်ပေရှိ ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ရေးဆောင်ရွက်မှုကို အိမ်မဲမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၁ နာရီတွင် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သိန်း ၁၃၀ နှင့် ပြည်သူလူထု၏ထည့်ဝင်ငွေသိန်း ၅၀ စုစုပေါင်း သိန်း ၁၈၀ ဖြင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးပါက အိမ်မဲကြီးရပ်ကွက်အတွင်းရှိ ရဟန်းသံဃာများ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူလေးများ သွားလာမှုပိုမိုလွယ်ကူအဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲကျင်းပ

**ဗန်းကျင် ဖေဖော်ဝါရီ ၆**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပဒဲကောကျေးရွာအုပ်စု၌ ဖေဖော်ဝါရီ ၃ ရက် နံက် ၉ နာရီက (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဦးမောင်မောင်လွင်၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မြင့်သိန်းတို့က (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြပြီး တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရွှေက ပဒဲကောကျေးရွာ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုက်နယ်ဆေးရုံကို တာဝန်ယူတည်ဆောက်သည့် ဇင်ချောင်းကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ဆေးရုံတည်ဆောက်ခြင်းဆိုင်ရာ စာရွက်စာတမ်းများနှင့် အချက်အလက်များအား လွှဲပြောင်းပေးအပ်ပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဒေသခံပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားလာစေရေး၊ ဒေသတွင်းဦးစားပေးကျန်းမာရေးပြဿနာများ ဖြေရှင်းပေးနိုင်ရေး၊ မြို့ပြနှင့်ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုကွာဟချက်လျော့နည်းစေရေး၊ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပြည့်မီရေး၊ ပြည်သူဗဟိုပြုကျန်းမာရေးဝန်ဆောင်မှုစနစ်ဖွံ့ဖြိုးတက်လာစေရေး စသည့်မူဝါဒများကိုအခြေခံ၍ ပဒဲကောကျေးရွာ (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၇၁၈ သိန်းဖြင့် ဇင်ချောင်းကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။

ရွှေကျင်မြို့နယ်၌ ယခင်ကတိုက်နယ်ဆေးရုံတစ်ခုသာရှိပြီး ယခုအခါ ပဒဲကောတိုက်နယ်ဆေးရုံထပ်မံဖွင့်လှစ်ကာ ကွမ်းဆိပ်တိုက်နယ်ဆေးရုံကိုလည်း မကြာမီဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်သည့်အတွက် ရွှေကျင်မြို့နယ်အတွင်းရှိပြည်သူများ၏ ကျန်းမာရေးကိစ္စများကို စွမ်းရည်ပြည့်ဝစွာစောင့်ရှောက်မှုများ ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## အင်းကောင်း-လယ်လှ ကျေးရွာလမ်းရေကျော် တည်ဆောက်ပြီးစီး၍ သွားလာရေးအဆင်ပြေ

**ကျွန်းလှ ဖေဖော်ဝါရီ ၆**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၀ ဖြင့် အင်းကောင်း-လယ်လှကျေးရွာ လမ်းပေါ်ရှိ ရေကျော်တည်ဆောက်ပြီးစီး၍ သွားလာရေးအဆင်ပြေကြောင်း သိရသည်။

အဆိုပါအရှည်ပေ ၁၀၀၊ ယာဉ်သွားလမ်း အကျယ် ၁၈ ပေ၊ ရေဆင်း/ရေတက် ၅ ပေ ၆ လက်မရှိ ရေကျော်အား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ကြောင်း အင်ဂျင်နီယာ ဦးရန်ကျော်ဖြိုးက ပြောကြားသည်။

အဆိုပါ အင်းကောင်း-လယ်လှ-ကုက္ကိုကုန်းကျေးရွာလမ်းမှာ ကန့်ဘလူမြို့နယ်၊ ကောလင်းမြို့နယ်တို့ဖြင့်ဆက်သွယ်ထားပြီး ကျေးရွာပေါင်း ၆၀ ကျော်မှ ပြည်သူများသွားလာရေး အဆင်ပြေကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ရေမြောင်းများဖွင့်လှစ်

**မန္တလေး ဖေဖော်ဝါရီ ၆**
၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်သည့် ချမ်းအေးသာစံမြို့နယ်ရှိ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ရေမြောင်းများဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက်က အဆိုပါနေရာများတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၅၀ နှင့် ပြည်သူထည့်ဝင်ငွေ ၁၃၅ သိန်း စုစုပေါင်း ၁၈၄ သိန်းဖြင့် ဆောင်ရွက်သည့် ချမ်းအေးသာစံမြို့နယ် အကွက်(၅၇၄) ၃၁ လမ်းနှင့် ၃၂ လမ်းကြား (၈၄) လမ်းနှင့် (၈၅) လမ်းကြား အောင်နန်းရိပ်သာအနောက် ကွန်ကရစ်လမ်းဖွင့်ပွဲကို နံနက် ၇ နာရီခွဲက အဆိုပါလမ်းမုခ်ဦးတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇေယျတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်အား ကြည့်ရှုကြသည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ် ၄၉ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၉၀ စုစုပေါင်းကျပ် ၁၃၉ သိန်းဖြင့် ဆောင်ရွက်သည့် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက် အကွက်(၅၇၁)(၃၁) လမ်းနှင့်(၃၂) လမ်းကြား၊(၈၁) လမ်းနှင့်(၈၂) လမ်းကြား အလျားပေ ၅၀၀၊ အနံ ၁၀ ပေရှိ ကတ္တရာလမ်းနှင့် ရေမြောင်းများဖွင့်ပွဲကို နံနက် ၈ နာရီခွဲတွင် အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းအား ကြည့်ရှုစစ်ဆေးကာ ရပ်ကွက်သူ၊ ရပ်ကွက်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ရေး အသိပညာပေး၍ ဘိန်းစာပင်များအား မီးရှို့ဖျက်ဆီး

**တနင်္သာရီ ဖေဖော်ဝါရီ ၆**
တနင်္သာရီတိုင်းဒေသကြီး ဒု-ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီးစံရွှေမောင်သည် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး တင်ထွန်းနှင့် တနင်္သာရီမြို့နယ် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်နှင့် ဌာနဆိုင်ရာများလိုက်ပါလျက် ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီက သိန်ခွန်းကျေးရွာအုပ်စု-သဲဖြူကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွင်း ဒေသခံပြည်သူများအား မူးယစ်ဆေးဝါးအဓိပ္ပာယ်၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များနှင့်တကွ တနင်္သာရီမြို့နယ်အတွင်း သဘာဝအလျောက်ပေါက်ရောက်နေသော ဘိန်းစာပင်များကိုလည်း မူးယစ်ဆေးဝါးအဖြစ် ၂၀၁၂ ခုနှစ်မှစတင်၍ သတ်မှတ်ခဲ့၍ သုံးစွဲခြင်းမပြုရန်နှင့် အမြစ်ပါမကျန် ဖျက်ဆီးရန်လာရောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဒေသခံများက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် ပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဒုရဲတပ်ဖွဲ့မှူး ရဲမှူး ယာယီရဲမှူးကြီးစံရွှေမောင်နှင့်အဖွဲ့သည် အဆိုပါသဲဖြူရွာ၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ၌ သဘာဝအလျောက်ပေါက်ရောက်လျက်ရှိသည့် လုံးပတ် ၁၀ လက်မ၊ အမြင့် ၁၀ ပေခန့်ရှိ အပင်လတ် ၇၀ တို့အား အမြစ်မှစ၍ ခုတ်ထွင်တူးဖော်ပြီး မီးရှို့ဖျက်ဆီးခဲ့ကြကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများကလည်း အပင်ပြန်မပေါက်နိုင်ရန်အတွက် ပေါင်းသတ်ဆေးသုံးမျိုးပေါင်းစပ်ကာ ပက်ဖျန်းသတ်ပေးခဲ့ကြသည်။



ယနေ့ခုတ်ထွင်ရှင်းလင်းမီးရှို့ခဲ့မှုမှာ တစ်ပင်လျှင်အလေးချိန် ၁ ဒသမ ၁၃၅ ကီလိုဂရမ်ဖြင့် စုစုပေါင်းအရွက်စိုအလေးချိန် ၇၉ ဒသမ ၄၅ ကီလိုဂရမ်အား ဒေသပေါက်ဈေးကျပ် ၂၅၀၀၀ ကျပ်နှုန်းဖြင့် စုစုပေါင်းကာလတန်ဖိုး ၄၈၂၃၇၅၀ ခန့်ကို မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ တိုင်း/မြိတ်ခရိုင် ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ (ရဲမှူး-ငြိမ်း)ဦးဝင်းမောင်နှင့်အဖွဲ့ဝင်များ၊ မြိတ်ခရိုင်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတပ်ဖွဲ့စု ၃၅ မှ ဒု-ရဲမှူးမျိုးသန့်နှင့်အဖွဲ့ဝင်များ၊ ခြေမြန်တပ်ရင်း ၄၀၄ လှုပ်ရှားမှုတပ်ရင်းမှ ဗိုလ်မှူးညီညီအောင်နှင့်စစ်သည်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ KNU ငြိမ်းချမ်းရေးအဖွဲ့ဖဒိုဆေးဟဲနှင့်အဖွဲ့ဝင်များ၊ KNP ကရင်အမျိုးသားစည်းရုံးရေးရဲမှူးအဆင့်ရှိ စောစဲလဲနှင့်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ဝန်ထမ်းများ၊ အခြားလူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၀၀ ခန့် ပါဝင်ကြသော မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




**ထားဝယ် ဖေဖော်ဝါရီ ၆**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကို ကာယဗလမောင် အငယ်တန်းပြိုင်ပွဲတွင် ၁၅ ဦး၊ အကြီးတန်းပြိုင်ပွဲတွင် ၁၆ ဦး၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ၁၇ ဦးတို့က တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်ကိုယ်စားပြုယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ ကာယဗလမောင် အငယ်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ရန်အောင် (ထားဝယ်)၊ ဒုတိယဆုရရှိသော မောင်သိန်းမင်းအောင် (မြိတ်)၊တတိယဆုရရှိသော မောင်ကျော်လင်း (ထားဝယ်) တို့နှင့် နှစ်သိမ့်ဆုရရှိသူများကိုလည်းကောင်း ၊ ကာယဗလမောင် အကြီးတန်းပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်အောင်ကိုလတ် (ထားဝယ်)၊ ဒုတိယဆုရရှိသော မောင်မျိုးဇော် (တနင်္သာရီ)၊ တတိယဆုရရှိသော မောင်ပြည့်စုံစိုး(မြိတ်) တို့နှင့် နှစ်သိမ့်ဆုရရှိသူများကိုလည်းကောင်း တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးဟိုပင်က စလွယ်ရုပ်တုနှင့် ငွေသားဆုများကို အသီးသီးချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် နှစ်သိပ်ဆုရရှိသူများကို တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေး ဝန်ကြီး၏ဇနီး ဒေါ်မာမာလွင်က ငွေသားဆုများကိုချီးမြှင့်ခဲ့ကြပြီး ပထမဆုရရှိသော မအိအိဖြူ (ထားဝယ်)၊ ဒုတိယဆုရရှိသော မသွယ်သွယ်ထူး (သရက်ချောင်း)၊ တတိယဆုရရှိသော မသုနန္ဒာ (ရေဖြူ) တို့အား တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က သရဖူ၊ စလွယ်ရုပ်တု၊ ငွေသားဆုများကို အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ၌ ပထမဆုရရှိသူများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

အဆိုပါ တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမှတ်ပေးအကဲဖြတ်ဒိုင်လူကြီးများ၊ မြို့နယ်အသီးသီးမှ အားကစားဝါသနာရှင်များ ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လူအင်အားအသုံးပြုမှုနည်းကာ အထွက်တိုးစေရန် စပါးများကို စနစ်တကျပျိုးထောင်ကာ စိုက်ပျိုးသင့်



**မန္တလေး ဖေဖော်ဝါရီ ၆**
လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်မှုတွင် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ စက်မှုလယ်ယာစနစ်ကျင့်သုံးသောလယ်မြေများ စိုက်ပျိုးမြေများဖွံ့ဖြိုးတိုးတက်လာစေရန်၊ လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာသုံးစက်ကိရိယာများ တိုးတက်သုံးစွဲနိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ခြင်း၊ စက်မှုလယ်ယာအသိပညာ၊ အတတ်ပညာများလေ့ကျင့်ပညာပေးသွားရန်နှင့် စက်မှုလယ်ယာသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

တောင်သူများအနေဖြင့် လူအင်အားအသုံးပြုမှုနည်းကာ အထွက်တိုးစေရန် စနစ်တကျပျိုးထောင်ကာ ကောက်စိုက်စက်များဖြင့်စိုက်ပျိုးသင့်သည်။ ပျိုးထောင်ရာတွင် ပလတ်စတစ်ပျိုးဗန်းကိုအသုံးပြုကာ ပျိုးထောင်ရသည်။ ပျိုဗန်းမှာ နှစ်ပေ၊ တစ်ပေ ပလတ်စတစ်ခွက်များဖြင့်ပြုလုပ်ထားသည်။ ပျိုးဗန်းအောက်ခြေတွင် ပျိုးချေးအဖြစ် မြေစာမှုန့်ဖွဲပြာနှင့် နွားချေးမှုန့်ကလေးများထည့်ပေးရသည်။ မျိုးစေ့မကြဲခင် စပါးမျိုးစေ့များကို ဆားရည်စိမ်ပေးရသည်။ ဆားရည်စိမ်ခြင်း၏ ရည်ရွယ်ချက်တွင် အောင်သောမျိုးစေ့နှင့် မအောင်သောမျိုးစေ့ကိုခွဲခြမ်းပြီး မအောင်သောမျိုးစေ့များမှာပေါ်လာကာ အောင်သောမျိုးစေ့မှာ အောက်နစ်သွားသည်။

ထိုမျိုးစေ့ကို ရေဆေးပြီး တစ်ညအိပ်ခန့်ရေစိမ်ပေးရသည်။ တစ်ညအိပ်ရေစိမ်ပြီးပါက အညှောင့်များထွက်လာတတ်သည်။ ထိုအချိန်တွင် မျိုးစေ့များကို ပျိုးဗန်းအတွင်း ညီညီညာညာ အကြားအလပ်မရှိအောင် ပျိုးထောင်ပေးရသည်။ မျိုးစေ့ကြဲပြီးသည်နှင့် အပေါ်မှဖွဲပြာကလေးများဖုံးထားပေးရသည်။ ပထမဦးစွာ ရေပန်းကရားဖြင့် ဖျန်းပေးပြီး နောက်မှ ရေသွင်းပေးရသည်။ လယ်တစ်ဧကစိုက်ပျိုးရန်အတွက် ပျိုးဗန်း ၁၀၀ ခန့်ပျိုးရသည်။ ပျိုးဗန်းတစ်ရာလျှင် စပါး ၁၂ ပြည်ခန့်သာ ကုန်ကြသည်။ သမားရိုးကျ ပျိုးထောင်ခြင်းထက် တစ်ဝက်ခန့်သက်သာလေ့ရှိပြီး ၁၅ ရက်သားတွင် စတင်စိုက်ပျိုးနိုင်သည်။ ပျိုးမနှုတ်ရခြင်း၊ ရက်စောစိုက်ရခြင်း၊ စပါးပင်မနာခြင်းကြောင့် အပင်ဖြစ်ထွန်းအားကောင်းသည်။ ထိုသို့ပျိုးဗန်းဖြင့်ပျိုးထောင်ကာ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် စရိတ်သက်သာစွာစိုက်ပျိုးနိုင်သည်။

၂၀၁၇ အမရပူရမြို့နယ် နွေစပါးစိုက်ပျိုးမှုတွင် တောင်သူပညာပေးအနေဖြင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို တစ်ဧကလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ စိုက်ပျိုးပေးသွားမည်ဖြစ်သည်။

တောင်သူပညာပေးစိုက်ပျိုးမှုတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စု ဒေါင်းရွှေကွင်းတွင် လယ်ဧက ၂၀၀၊ မန်ကျည်းကိုင်းကျေးရွာတွင် လယ်ဧက ၂၀၀၊ မတ္တရာမြို့နယ် မြွေပုံကန်ကျေးရွာ၊ လက်ကောင်းကြီးကျေးရွာ၊ မင်္ဂလာသီရိကွင်းတို့တွင် လယ်ဧက ၄၀၀ ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းရွာအုပ်စု နန်းဦးလွင်ကျေးရွာ၊ မနောယျမကျေးရွာတို့တွင် လယ်ဧက ၂၀၀၊ ရမည်းသင်းတွင် လယ်ဧက ၁၀၀ ပညာပေးစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**တိမ်တမန်**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ပြည်သူများသို့ အသိပညာပေး

**သုံးခွ ဖေဖော်ဝါရီ ၆**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၇)ရပ်ကွက် အမက ကျောင်းခန်း၌ လျှပ်စစ်သုံးစွဲသူ ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတက်ရောက်သူတစ်ဦးဖြစ်သူ ဒေါ်လဲ့လဲ့အေးက "ကျွန်မတို့ရပ်ကွက်ကို ယခုလို လျှပ်စစ်ဌာနက ကွင်းဆင်းပြီး လျှပ်စစ်အန္တရာယ်ပြည်သူတွေကင်းဝေးဖို့ လျှပ်စစ်အကြောင်း၊ လျှပ်စစ်ဥပဒေအကြောင်းတွေ လာရောက်ပညာပေးဟောပြောပေးတာ မသိတာတွေ သိရှိရပါတယ်။ ဗဟုသုတရလို့ ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးတင်ဆန်းက ဟောပြောရာတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအကြောင်း၊ လျှပ်စစ်ဥပဒေဆိုင်ရာသိကောင်းစရာများအကြောင်း၊ လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲရေးတို့ကိုဟောပြောပြီး အပြန်အလှန်ဆွေးနွေးမေးမြန်းကြကာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင် (သုံးခွ)**

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် နှစ်(၇၀) မြောက်ပြည်ထောင်စုနေ့အကြိုဟောပြော

**နတ်တလင်း ဖေဖော်ဝါရီ ၆**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးရုံး၌ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အကြိုဟောပြောပွဲ၊ ကဗျာရွတ်ပြိုင်ပွဲပြုလုပ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်လဲ့ဝါမြင့်က အဖွင့်အမှာစကားပြောကြား၍ မြို့နယ်သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ (ဟောင်း) ဦးကျော်သိန်းက ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အကြောင်းသိကောင်းစရာများ၊ ဦးအေးလွင်က ငြိမ်းချမ်းရေးကဗျာနှင့် ၂၁ ရာစုပင်လုံကဗျာများ၊ ဦးတင်မိုးက (အောင်ဆန်းမွေးတဲ့မိခင်နှင့် ကယောင်ကတမ်းမွေးတဲ့မိခင်၊ မစည်းလုံးခြင်းဆီမှသည် စည်းလုံးခြင်းဆီသို့)ကဗျာများ၊ ဦးအုန်းထွန်းက (ပင်လုံဗေဒ)ကဗျာကိုလည်းကောင်း ဟောပြောကြသည်။

ကျောင်းသား၊ ကျောင်းသူလေးများက (အောင်ဆန်းအာဇာနည်)ကဗျာများကို အသီးသီးရွတ်ဆိုကြပြီး ဆုချီးမြှင့်ပေးသည်။ အခမ်းအနားသို့ အထက်တန်းကျောင်း (မြို့မ) နှင့် အထက်တန်းကျောင်း(နတ်တလင်း)တို့မှ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ NLD ပါတီမှပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

**ဝ၇၁**




oCefuleffxm;&pcefrS
&tjcifarmifbelfonf
azazmf0g&D&ufrefv
ylfurbtjykef;fol;
\cijifcuf&&aetrdS
xufvmaomarmif0f
rmefvif14ESfarmif0D
pk13ESfaumufvef
rieU,fycljwlfa'ouD
üaexdfoESpf0Dtm;
oCefuleffbWm&xm;
&pcefitjykef;fol;xH
jyefvntyfEHuifod
onf

**ကျော်စိုးမိုး**

# ၂၀၁၇ ခုနှစ်၊တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာသိမှတ်ဖွယ်ရာများ

ဒေါက်တာဒေါ်ဝင်းကြည်၊ ပါမောက္ခ၊ ဌာနမှူး၊ သချင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို ရူပဗေဒဘာသာရပ် ဖြေဆိုရာမှာ အထောက်အကူပြုစေမည့် သိမှတ်ဖွယ်ရာများကို ဆွေးနွေးပို့ချမှာဖြစ်ပါတယ်။ ပထမဦးဆုံး ရူပဗေဒ ဘာသာရပ် မေးခွန်းပုံစံကို ရှင်းပြမှာဖြစ်ပါတယ်။

၂၀၁၇ခုနှစ် ရူပဗေဒဘာသာရပ်မေးခွန်းပုံစံမှာ ၂၀၁၆ခုနှစ်မေးခွန်းပုံစံအတိုင်းဖြစ်ပါတယ်။

ရူပဗေဒမေးခွန်းမှာ SECTION (A)နဲ့ SECTION (B)အပိုင်းနှစ်ခုပါရှိပါတယ်။

SECTION (A) အပိုင်းက (၄)မှတ်တန်မေးခွန်း (၉)ပုဒ်ရှိပြီး အားလုံးဖြေဆိုရမှာဖြစ်ပါတယ်။မေးခွန်းနံပါတ်(၉) ကတော့ (OR) နဲ့ မေးထားတဲ့အတွက် နှစ်သက်ရာ (၁)ပုဒ်ကိုပဲဖြေရပါမယ်။

SECTION (B) မှာတော့ နံပါတ်(၁၀)ကနေပြီး နံပါတ်(၁၅)ထိ (၆)ပုဒ်မေးထားပါတယ်။မေးခွန်း (၁)ပုဒ်ကို (၁၆)မှတ် ပေးပါတယ်။ မေးခွန်းတိုင်းမှာ (a) နဲ့ (b)နှစ်ပိုင်းခွဲပြီး မေးထားပါတယ်။(၆)ပုဒ်မေးထားတဲ့ အထဲက နှစ်သက်ရာ(၄)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၁၅)မှာလည်း(OR) ခံပြီးမေးထားတာဖြစ်လို့မေးခွန်း(၂)ပုဒ်ထဲက (၁)ပုဒ်ကိုပဲရွေးပြီးဖြေဆိုရမှာပါ။ မေးခွန်းနံပါတ် (၁၅) မေးခွန်း (၂) ပုဒ်မှာ(a)နဲ့ (b) ကိုအတွဲလွဲပြီး ဖြေရင် အမှတ်မရပါဘူး။

ရူပဗေဒဘာသာရပ် ပြဋ္ဌာန်းစာအုပ်မှာ သင်ခန်းစာ အခန်း(၁)မှ အခန်း(၁၃)အထိရှိပါတယ်။

အပိုင်းအားဖြင့်ပြောရမယ်ဆိုရင် သင်ခန်းစာခေါင်းစဉ်တွေက Mechanics (Power + Pressure), Heat, Waves and Sound,Optics, Electricity and Magnetismနဲ့ Modern Physics ဆိုပြီး အပိုင်း (၆)ပိုင်းခွဲခြား ထားပြီး ခေါင်းစဉ်အလိုက် အားလုံးမျှပြီး ပါဝင်အောင်အခန်းတိုင်းက သင်ခန်းစာပေါ်မှာမူတည်ပြီး မေးခွန်းမေးတာ ဖြစ်ပါတယ်။

ရူပဗေဒဘာသာဟာ အလွတ်ကျက်မှတ်ရုံနဲ့မရဘဲ ရူပဗေဒသဘောတရားကို အခြေခံကျကျနားလည်မှ မေးခွန်း တွေကို ကောင်းကောင်းဖြေဆိုနိုင်မှာဖြစ်ပါတယ်။ Physical quantity တစ်ခုချင်းရဲ့ အခြေခံ concept အသိ သညာတွေ နားလည်ထားရင် ပုစ္ဆာနဲ့ ဉာဏ်စမ်းများကို လွယ်ကူစွာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

မမေးမဖြစ်တဲ့ နိယာမတွေနဲ့ပတ်သက်လို့ ပြဋ္ဌာန်းစာအုပ်မှာ စုစုပေါင်း (၁၁)ခုလောက်ရှိပါတယ်။

Hooke's Law, Archimedes'Principle, Pascal's Law, Stephan – Boltzmann's Law, Laws of Refraction, Snell's Law, Coulomb's Law, Ohm's Law, Joule's Law, Right –hand Rule, Left – hand Rule တွေပဲဖြစ်ပါတယ်။

နိယာမတွေနဲ့ပတ်သက်လို့ရှိရင် သင်္ချာညီမျှခြင်းနဲ့လည်း ရေးတတ်ရပါမယ်။ သင်္ချာနည်းနဲ့ဖော်ပြရင်လည်း သင်္ကေတတစ်ခုချင်းစီအတွက် ဖြေရှင်းချက်ပါရပါမယ်။

နိယာမတွေနဲ့ လက်တွေ့အသုံးပြုနေတဲ့ ပစ္စည်းများကိုလည်း သိရှိထားဖို့ လိုပါတယ်။ ဥပမာSnell's Law ကနေရှာနိုင်တဲ့ Physical quantities တွေကဘာတွေလဲ၊ Pascal's Lawမှာ အသုံးပြုထားတဲ့ ပစ္စည်းတွေကဘာလဲ ဆိုတာ သိရှိထားဖို့ လိုပါတယ်။

Law, Definition ကိုဖြေတဲ့အခါ ဖြစ်စေ၊ Discuss, Mention လုပ်ခိုင်းတာကို ဖြေတဲ့အခါဖြစ်စေ တိတိ ကျကျနဲ့ ပြည့်ပြည့်စုံစုံဖြေမှ အမှတ်ပြည့်ရမှာဖြစ်ပါတယ်။ဆိုလိုတာကတော့ ပြဋ္ဌာန်းစာအုပ် (Text book)ကို ကျေညက်ရပါမယ်။

ရူပဗေဒမေးခွန်းတွေမှာ Physical quantities တွေရဲ့ units တွေကို မေးတတ်ပါတယ်။

ဥပမာ- What are the unit of power in different unit systems?ဆိုတဲ့ မေးခွန်းမှာ ပါဝါရဲ့ ယူနစ်တွေကို unit system အမျိုးမျိုးအတွက် မေးထားတာဖြစ်တဲ့အတွက် system နဲ့ unit တွဲပြီး ဖြေရပါမယ်။ system တစ်ခု ချင်းစီအတွက် unit ကို သိရပါမယ်။

SI system –watt, CGS system –erg per second, FPS system –foot-pound per secondလို့ ဖြေရပါမယ်။

Unit ကို ရေးရင်လည်း wattလို့ အရှည်ရေးရင် small letterနဲ့ ရေးပြီး W တစ်လုံးတည်းရေးရင် Capital letter နဲ့ ရေးရပါမယ်။ ပုစ္ဆာတွက်တဲ့အခါမှာသတိထားရမယ့်အချက်တွေရှိပါတယ်။ ဥပမာ - ပေးထားချက်တွေမှာ unit system မတူရင် တူအောင်ပြောင်းပြီးမှ တွက်ရပါမယ်။

ဥပမာ-If the rates of energy radiation of a black body of area 100 $cm^2$ is 42W, find the temperature of that black body.

A=100 $cm^2$,H=42 W,T=?

ပုစ္ဆာ ပေးထားချက်မှာ CGS နဲ့ SI system ရောထွေးနေပါတယ်။ ဒါကြောင့် unit system တူအောင် area unitကို $cm^2$ မှ $m^2$ ပြောင်းပေးရပါမယ်။

Heat Conduction နှင့် Convection ပုစ္ဆာတွက်တဲ့အခါ -

$H = \varkappa A \frac{T_2-T_1}{l}$ တွင် Temperature difference($T_2$-$T_1$) သည် ဒုတိယTemperature ($T_2$) မှ ပထမ Temperature ($T_1$) ကို နုတ်ခိုင်းခြင်း မဟုတ်ပါ။အပူချိန်နှစ်ခုခြားနားခြင်း ΔT သာဖြစ်ပါတယ်။ ဒါကြောင့် အပူချိန် နှစ်ခု နုတ်ပေးရင်ရပါတယ်။

ပုစ္ဆာမှာထည့်တွက်ရန်မလိုဘဲ ပေးထားတဲ့အချက်များလည်း ရှိတတ်သလို ထည့်တွက်ရန်လိုသော်လည်း မိမိ၏ နားလည်သိရှိပြီးသားမှ ဖော်ထုတ်ပြီး တွက်ချက်တတ်ရန်လည်း လိုအပ်ပါတယ်။ ဥပမာ-

Find the fundamental frequency of a tube of length 4.5 m and diameter 2.5 cm.

မေးခွန်းမှာ l= 4.5 m, d= 2.5 cm ပေးထားပါတယ်။

Tube တစ်ခုမှာရှိတဲ့ fundamental frequency ကို ရှာခိုင်းတာဖြစ်တဲ့အတွက် Open Tubeနှင့် Closed tube နှစ်ခုစလုံးအတွက် တွက်ချက်ပေးရမှာဖြစ်ပါတယ်။

ဒ့ါအပြင် ပေးထားချက်တွင်မပါဝင်ဘဲ အသုံးပြုရမည့် Formula တွင်ပါဝင်နေသည့် တန်ဖိုးများကိုလည်း မိမိ၏နားလည်သိရှိပြီးသားမှ ဖော်ထုတ်ပြီး အသုံးပြုတတ်ရန် လိုအပ်ပါတယ်။

For open tube $f_n = \frac{nv}{2l}$ $(n = 1, 2, 3, ...)$ and

For closed tube $f_n = \frac{nv}{4l}$ $(n = 1, 3, 5, ...)$

အထက်ဖော်ပြပါ Formula တွေမှာ v ＝ velocity of sound in air သည် 340 $ms^{-1}$ကို ထည့်သွင်း တွက်ချက်ရမှာဖြစ်ပါတယ်။

နောက်ထပ် ဥပမာတစ်ခုကတော့

At room temperature(20 °C), a closed organ pipe has a fundamental frequency of 256 Hz. What is the length of the pipe?

ဖော်ပြပါပုစ္ဆာကို တွက်ချက်ရာမှာလည်းvelocity sound in air သည် 340 $ms^{-1}$ဖြစ်တယ်ဆိုတာ သိရှိထားရမှာ ဖြစ်ပါတယ်။

အလင်း(Optics) ပုစ္ဆာတွေမှာလည်း ပေးထားချက်ကို ထုတ်ယူတတ်ဖို့ အသိသညာလိုအပ်ပါတယ်။

ဥပမာ- An object is 30cm from a lens and its image is formed 10cm on the same side as the object from the lens. (a) Find the type of the lens and its focal length. (b) Find the power of the lens.

- မေးခွန်းမှာ image ဟာ objectနဲ့ တစ်ဖက်တည်း ဖြစ်တယ်လို့ ပေးထားတဲ့အတွက် imageဟာ ပုံရိပ်ယောင် (virtual image) ဖြစ်တယ်ဆိုတာသိရပါမယ်။
- object distance u=30 cm ဖြစ်ပြီး image distance v=10cm ပေးထားချက်အရ image ဟာ objectနဲ့ lens အကြားရှိတဲ့အတွက် type of the lens is concave lens ဆိုတာ ကြိုပြီး သိသင့်ပါတယ်။

(a) $u = +30cm, v = -10cm,$

$$\frac{1}{u} + \frac{1}{v} = \frac{1}{f}$$

$$\frac{1}{+30} + \frac{1}{-10} = \frac{1}{f}$$

$$\frac{1-3}{30} = \frac{1}{f}$$

$f = -15cm$ (The focal length of the concave lens is 15$cm$.)


(b) $P = \frac{1}{f(m)}$

$$P = \frac{100}{-15\ cm} = -6.67\ D$$

အလင်းခန်းမှာ ပုံဆွဲတာတွေနဲ့ပတ်သက်ပြီး မေးလေ့ရှိပါတယ်။ ray diagramတွေဆွဲရင်လည်း သတိထားရမယ့် အချက်တွေ ရှိပါတယ်။

ဥပမာ- Draw a ray diagram to show the formation of a **virtual image** which is **smaller than the object** formed by a lens. ဆိုတဲ့မေးခွန်းမှာ

ဝတ္ထုအရွယ်ထက်ငယ်တဲ့ ပုံရိပ်ယောင် (virtual image) ကို ဖြစ်ပေါ်စေတဲ့အတွက် မှန်ဘီလူးခွက် (concave lens) ကိုသုံးရမှာ ဖြစ်တယ်။ ဝတ္ထုကို မှန်ဘီလူးခွက်ရှေ့မှာထားရင် နဂိုအရွယ်ထက်ငယ်တဲ့ ပုံရိပ်ယောင်ဟာ ဝတ္ထုနဲ့ တစ်ဖက်တည်း ဆုံချက် F နဲ့ မှန်ဘီလူးခွက်ကြားမှာ အတည့်ပေါ်စေတာကို သိသာအောင်ဆွဲပေးရပါမယ်။ ဆုံချက် F, 2F, P, ဝတ္ထု OO', ပုံရိပ် II' စသည်တို့ကို ထင်ထင်ရှားရှားထည့်ပေးရပါမယ်။




အချို့ဖြေဆိုမှုတွေမှာ ပြည့်စုံမှုမရှိတာကို တွေ့ရပါတယ်။

Electricityအခန်းနဲ့ပတ်သက်ပြီး Static Electricity အပိုင်းမှာ Electric Force, Electric Field Intensity နဲ့ Electric Potential definition နဲ့ formula တို့ကို ကွဲကွဲပြားပြား သိရှိရန်လိုအပ်ပါတယ်။

Electric Force ဆိုရင် $F = \frac{1}{4\pi\varepsilon_o}\frac{q_1 q_2}{r^2}$ ဖြစ်လို့ $F \alpha \frac{1}{r^2}$

Electric Field Intensity ဆိုရင် $E = \frac{1}{4\pi\varepsilon_o}\frac{Q}{r^2}$ ဖြစ်လို့ $E \alpha \frac{1}{r^2}$

Electric Potential မှာဆိုရင် $V = \frac{1}{4\pi\varepsilon_o}\frac{Q}{r}$ ဖြစ်လို့ $V \alpha \frac{1}{r}$

ဆိုတာတွေကို သေသေချာချာကွဲကွဲပြားပြားမှတ်ထားဖို့လိုပါတယ်။

ဒ့ါအပြင်Electric Force နဲ့ Electric Field Intensity က vector ဖြစ်လို့ direction ပါရမယ်။ Electric Potential V က scalar ဖြစ်လို့ direction မပါဘူး။ ဒါပေမယ့် Electric Potential တွက်ရင် Qတန်ဖိုးတွေမှာ လျှပ်စစ်ဖိုဆိုရင် (+)၊ လျှပ်စစ်မဆိုရင်(-) ထည့်တွက်ရမယ်ဆိုတာကို သတိချပ်ရပါမယ်။

ဥပမာ- Two point charges of + 4.0 x 10-8 C and -3.0 x 10-8C are 1 m apart. (a) Find the electric potential at P midway between the two charges. (b) Find the work done in bringing a charge + 3.0 x 10-9 C from infinity to P.

ဒီပုစ္ဆာမှာ charge တွေရဲ့ ပမာဏ၊chargeတစ်ခုနှင့် တစ်ခုကြားအကွာအဝေးတို့ကို ပေးထားပါတယ်။မေးခွန်း (a)မှာ charge နှစ်ခုကြား အလယ်မှတ် Pမှာရှိတဲ့ Vကို ရှာခိုင်းပါတယ်။မေးခွန်း (b)မှာတော့ နောက် charge တစ်ခုကို infinity ကနေ အမှတ် P ကို ရောက်အောင်သယ်ဆောင်ရာမှာ ပြီးမြောက်တဲ့အလုပ်ကို တွက်ခိုင်းတာပါ။

ပေးချက်အရQ1 ＝ + 4.0 x 10-8 C, Q2 ＝ -3.0 x 10-8C ဖြစ်ပြီး

Chargeနှစ်ခုကြားအကွာအဝေးက 1m ဖြစ်တဲ့အတွက် အမှတ် (P) က အလယ်မှာရှိတဲ့အတွက် $r_1$ ＝ $r_2$ ＝ 0.5 m အရင်ဆုံး charge တစ်ခုချင်းစီကြောင့်ဖြစ်တဲ့ Electric potential ကို ရှာရပါမယ်။

$$V_1 = \frac{1}{4\pi\varepsilon_o}\frac{Q_1}{r_1} = 9 \times 10^9 \times \frac{(+4 \times 10^{-8})}{0.5} = +720V$$

Q1က Positive charge ဖြစ်တဲ့အတွက် အပေါင်းလက္ခဏာ ထည့်တွက်ရပါမယ်။ Electric potential က positive potential ဖြစ်ပါတယ်။

Q2အတွက်ကတော့ $V_2 = \frac{1}{4\pi\varepsilon_o}\frac{Q_2}{r_2} = 9 \times 10^9 \times \frac{(-3 \times 10^{-8})}{0.5} = -540V$

Q2က Negative charge ဖြစ်တဲ့အတွက် အနုတ်လက္ခဏာထည့်တွက်ရပါမယ်။ Electric potential က negative potential ဖြစ်ပါတယ်။

အမှတ် P မှာရှိတဲ့စုစုပေါင်း V ကို လိုချင်ရင် $V_1$နဲ့ $V_2$ကိုပေါင်းရပါမယ်။Resultant electric Potential ရှာရင် electric potential တစ်ခုစီရဲ့ လက္ခဏာ သတ်မှတ်ချက်တွေထည့်သွင်းပြီး အက္ခရာသင်္ချာနည်းအရ ပေါင်း ရပါမယ်။

စာမျက်နှာ ၂၀ သို့ »»

## ကျောင်းသင်ခန်းစာ

»»» စာမျက်နှာ ၁၉ မှ

$V = V_1 + V_2 = 720 + (-540) = +180$ Vရမှာဖြစ်ပါတယ်။

(b)မှာကတော့ q= $+3.0\times10^{-9}$C ကို သယ်ဆောင်ရာမှာ ပြီးမြောက်တဲ့အလုပ်ကို လိုချင်တဲ့အတွက်

$W = Vq = 180 \times 3.0 \times 10^{-9} = 5.4 \times 10^{-7}$Jရမှာဖြစ်ပါတယ်။

ရူပဗေဒဘာသာရပ်မှာ definition ရဲ့ concept (အသိသညာ)တွေကို သိဖို့လိုပါတယ်။

ဥပမာအနေနဲ့ပြောရရင် The capacitance of a capacitor ကို define လုပ်တာက The capacitance of capacitor (C) is the ratio of the charge (Q) to the potential difference (V) between two conductors of that capacitor. $C=\frac{Q}{V}$

Capacitor တစ်ခုရဲ့ capacitance က charge Q နဲ့ potential difference (V) ပေါ်ကို မမှီခိုဘူးဆိုတာ သိရမယ်။ Charge of a capacitor (Q) က potential difference (V) နဲ့ တိုက်ရိုက်အချိုးကျတယ်ဆိုတဲ့ concept ကို သိရမယ်။ Capacitance ဟာ Capacitor ရဲ့ အရွယ်၊ ပုံသဏ္ဍာန်နဲ့ conductors (၂)ခုကြားမှာရှိတဲ့ insulator ရဲ့ သဘာဝပေါ်မူတည်ပြီး ပြောင်းလဲနိုင်ကြောင်းသိရပါမယ်။ ဒီ concept ကိုသိထားရင် မေးခွန်းတွေကို သေသေချာချာ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

တချို့ပုစ္ဆာတွေမှာ ပုံသေနည်းသုံးတွက်ရုံနဲ့ မလုံလောက်ဘဲ ပုံနှင့်ဆွဲပြီးဖြေဆိုရန် လိုအပ်ပါတယ်။ ဥပမာ-

A 35μF capacitor is needed, but only 10 μF capacitors are variable. How should a minimum number of 10 μF capacitors be connected so that the combination has a capacitance of 35μF?

သည် ပုစ္ဆာမှာ capacitance တန်ဖိုး 35μF ရရှိရန် 10 μF capacitors အရေအတွက်အနည်းဆုံးသုံးပြီး ဘယ်လို connection မျိုးနှင့် ပြုလုပ်ရမယ်ဆိုတာ မေးတဲ့အတွက် သင်္ချာနည်းအရ တွက်ချက်မှုအပြင် capacitor တွေရဲ့ ဆက်သွယ်မှုပုံ (Circuit diagram)နှင့်တကွ ဖြေဆိုရမှာဖြစ်ပါတယ်။

အဲဒီအတိုင်းပါပဲ နောက်ထပ်ဥပမာတစ်ခုကတော့

Three capacitors have capacitances of 3μF, 10μF and 15μF. How should they be connected to obtain the equivalent capacitances of (a) 2 μF (b) 9 μF (c) 12.5 μF

မှာလည်း capacitor တွေရဲ့ သင်္ချာနည်းအရ တွက်ချက်မှုနှင့် ဆက်သွယ်မှုပုံ(Circuit diagram) များပါ ရေးဆွဲဖြေဆိုရမှာဖြစ်ပါတယ်။

Current, Resistor, Resistivity တွေရဲ့definition တွေကိုလည်း သူတို့ရဲ့ unit များနှင့်တကွ သိထားရပါမယ်။ Resistanceရဲ့ ပတ်သက်ဆက်စပ်မှု Relationshipကိုလည်း သေချာသိဖို့ လိုပါတယ်။

အရွယ်အစားနဲ့ပတ်သက်လာရင် $R=\frac{\rho l}{A}$

Current, Ohm`s Law နဲ့ ပတ်သက်ရင် $R=\frac{V}{I}$ ဆိုတာကို သိထားရပါမယ်။

Resistance R ရဲ့ unit က SI systemမှာ ohm(Ω) ဖြစ်ပြီး $\Omega = VA^{-1}$ လို့လည်း မြင်ရပါမယ်။

ဒ့ါအပြင် emf ရဲ့Circuit Equation နဲ့ ပတ်သက်၍ $I=\frac{E}{R+r}$ မှာလည်း Resistance ၂ မျိုး ပါဝင်နေဆိုတာ ကိုသတိချပ်သင့်ပါတယ်။

Resistance(R) သည် အပူချိန်နဲ့ လိုက်ပြီးပြောင်းလဲမှုရှိတယ်။ ဥပမာ

$R_t = R_0 (1+\alpha t)$ဖြစ်တယ်ဆိုတာကိုလည်းသိထားရပါမယ်။

အဲလို Rရဲ့ ပုံသေနည်းတွေကို ခွဲခြားပြီးသိထားရင် ပုစ္ဆာတွက်တဲ့အခါ အလွယ်တကူ ဆက်စပ်တွေးခေါ်နိုင်ပါလိမ့်မယ်။ ဒ့ါအပြင် Resistor တွေကို တန်းဆက်နဲ့ ပြိုင်ဆက်တွေဆက်တဲ့အခါမှာသုံးတဲ့ပုံသေနည်း ထုတ်ဖော်ပုံတွေကိုလည်း သိရှိထားရပါလိမ့်မယ်။

Resistorနဲ့ Capacitor တွေဟာချိတ်ဆက်မှု၊ တွက်ချက်မှုမှာ ပြောင်းပြန်ဖြစ်တာကိုလည်း သိထားရပါမယ်။ နှုတ်တိုက်ကျက်တာထက် နှိုင်းယှဉ်ပြီးကျက်ရင် ပိုပြီးထိရောက်သိမြင်နိုင်ပါတယ်။

လျှပ်စစ်အခန်းမှာ တိုင်းတာမှုတွေရဖို့ တိုင်းတာတဲ့ကိရိယာတွေ သုံးရပါမယ်။

Current ကို တိုင်းဖို့ဆိုရင် ammeter ကို သုံးရမယ်။ voltageကို တိုင်းဖို့အတွက် voltmeter ကို သုံးရမယ်ဆိုတာ သိထားရပါမယ်။

Ammeter နဲ့ voltmeter ကိုလည်း ပုံနဲ့တကွ နှိုင်းယှဉ်လေ့လာဖို့လိုပါတယ်။

Galvanometerကို အခြေပြုပြီး ammeter နဲ့ voltmeter ကို တည်ဆောက်တဲ့အခါ ammeter မှာ ခုခံမှုတန်ဖိုးအရမ်းငယ်တဲ့ wire (shunt) ကို galvanometer နဲ့ ပြိုင်ဆက် ဆက်သုံးပြီး voltmeter မှာတော့ ခုခံမှုတန်ဖိုးကြီးတဲ့ wire ကို တန်းဆက်ဆက်ပြီးသုံးတယ်။

ပုံသေနည်းတွေက ammeter ဆိုရင် shunt resistance $r= R_G \frac{i}{(I-i)}$ ဖြစ်ပြီး voltmeter ဆိုရင် ခုခံမှုတန်ဖိုးကြီးတဲ့ $R=\frac{V}{i} - R_G$ ဖြစ်တယ်ဆိုတာသိထားရပါမယ်။

Battery တွေရဲ့ symbolမှာလည်း positive terminal နဲ့ negative terminal ကို မှန်ကန်အောင်ဆွဲဖို့လိုပါတယ်။ polarity နှစ်ခုရဲ့ အလျားအတူတူဆွဲထားရင် capacitor ရဲ့ symbol နဲ့ တူသွားမယ်။ အဲဒီလိုမျိုး အတူတူဆွဲထားရင် မှားပါတယ်။

Circuit diagram တွေလည်း ဆွဲတတ်ရမယ်။ Circuit diagram တွေဆွဲရင် မထိတာတို့၊ ပြတ်နေတာတို့ မဖြစ်ရပါဘူး။ current direction ကိုလည်း ဖော်ပြပေးဖို့လိုပါတယ်။

Modern Physics အခန်းက အမှတ်အများကြီးရစေတဲ့အတွက် လက်မလွှတ်သင့်တဲ့အခန်းဖြစ်ပါတယ်။ Modern Physics မှာ Electronics အပိုင်းနဲ့ Nuclear Physics ဆိုပြီး အပိုင်း နှစ်ပိုင်းပါရှိပါတယ်။

Electronics အပိုင်းမှာ vacuum Diode, Triode, Semiconductor အမျိုးအစားတွေအကြောင်းတွေကို အသေးစိတ်ပုံနှင့်တကွသိထားရပါမယ်။ symbols များလည်းသိထားရပါမယ်။

အဲဒီလိုပဲ junction diode နဲ့ transistor တွေကို p-type, n-type semiconductor တွေနဲ့ ပြုလုပ်တယ်။ Junction diode တွေကို Rectifier မှာ သုံးတယ်။ Rectifier နှစ်မျိုးရှိပြီးတော့ သူတို့ရဲ့တည်ဆောက်ပုံတွေ input output waveform တွေကိုလည်း လေ့လာထားရပါမယ်။

Junction dioder မှာ Biasing ပေးမယ်ဆိုရင်သတိထားရမယ့်အချက်တွေရှိပါတယ်။

Forward biasပေးထားတဲ့ pn junction diode တစ်ခုပုံဆွဲမယ်ဆိုရင်-

Forward bias ပေးဖို့အတွက် batteryရဲ့ positive terminal ကို p type semiconductor နဲ့ဆက်ပြီး negative terminal ကို n type semiconductor နဲ့ ဆက်ရပါမယ်။

Reverse bias ပေးထားတဲ့ pn junction diode တစ်ခုပုံဆွဲမယ်ဆိုရင် -Reverse bias ပေးဖို့အတွက် battery ရဲ့ negative terminal ကို p type semiconductor နဲ့ဆက်ပြီး positive terminal ကို n type semiconductor နဲ့ ဆက်ရပါမယ်။

Transistor နှစ်မျိုးရှိတယ်ဆိုတာ သိထားပြီး structure နဲ့ circuit diagram တွေကို ပုံနှင့်တကွလေ့လာထားရပါမယ်။ transistor ကို voltage နဲ့ current ချဲ့စက်အဖြစ်အသုံးပြုရပါတယ်။

အဲဒါအပြင် semiconductor diode နဲ့ transistor တွေဟာ vacuum tube တွေထက် အားသာချက်တွေရှိတယ်ဆိုတာသိထားရပါမယ်။

နောက်တစ်ခုကတော့ IC ဆိုတာဘာလဲ။ IC ဖြစ်ဖို့ Electronic gate တွေသုံးတယ်ဆိုတာနဲ့ Electronic gate (၅) မျိုးရှိတယ်ဆိုတာသိထားရပါမယ်။ Electronic gate တွေရဲ့ circuit symbol တွေနဲ့ truth table တွေကိုလည်း သေသေချာချာ ကျက်မှတ်ထားရပါမယ်။

Gate တွေ တစ်ခုနဲ့တစ်ခုပေါင်းစပ်ပုံတွေ သိထားရမှာဖြစ်သလို Gate တွေရဲ့ အသုံးဝင်ပုံတွေကိုလည်းလေ့လာထားရမှာဖြစ်ပါတယ်။

Nuclear Physics အပိုင်းမှာတော့ ရောင်ခြည်တွေဖြစ်တဲ့ cathode ray, alpha ray, beta ray, gamma ray, x ray တို့ကို ကွဲကွဲပြားပြားသိဖို့လိုအပ်ပါတယ်။ ဥပမာ-cathode ray ဆိုတာ fast moving electron, alpha rayဆိုတာ helium nucleus, gamma ray နဲ့ x-ray ဆိုတာဟာ light ray (or) electromagnetic wave with short wavelength,အလင်း photonတွေနဲ့ ဖွဲ့စည်းထားတယ်ဆိုတာကို သိသင့်ပါတယ်။ ဖော်ပြပါ ray တွေရဲ့ အရည်အချင်းတွေကို နှိုင်းယှဉ်ရေးချပြီးကျက်မှတ်ရင် ပိုပြီးသိလွယ်ပါတယ်။ ဒ့ါအပြင် cathode ray နဲ့ x-ray တွေရဲ့ ထုတ်ဖော်ပုံတွေကိုလည်း ပုံနှင့်တကွကျက်မှတ်ထားသင့်ပါတယ်။

Radioactivity, radioisotopes, activity and half life တွေကိုလည်း နားလည်အောင်ကျက်မှတ်ထားသင့်ပါတယ်။ Radioisotopes တွေရဲ့ အသုံးဝင်ပုံများနဲ့ nuclear energyကို ထုတ်လုပ်ပေးတဲ့ nuclear reactor များကိုလည်း လေ့လာထားသင့်ပါတယ်။

**စာဖြေသူအားလုံးအတွက်အားလုံးခြုံငုံပြောရရင်-**

အဖြေသိလျက်၊ ဖြေနိုင်လျက်နှင့် ပေ့ါဆ၍ဖြစ်စေ၊ စိတ်လောနေ၍ဖြစ်စေ၊ ပြန်လည်စစ်ဆေးခြင်း မပြု၍ဖြစ်စေ အမှားတွေ အဖြေလွှာမှာ ပါလာတတ်ပါတယ်။ အလွန်ပဲနစ်နာပါတယ်။

တွက်ချက်မှုမှားယွင်းခြင်း၊ ပေါင်း၊ နုတ်၊ မြှောက်၊ စား လွယ်ကူတာတွေကိုတောင် မှားပြီးတွက်တတ်ပါတယ်။ အလွန်တော်တဲ့ ကျောင်းသား ကျောင်းသူတွေတောင် ဒီလိုအမှားမျိုး ရှိတတ်ပါတယ်။ ဒ့ါကြောင့် အကြိမ်ကြိမ်စစ်ဆေးပေးရန်လိုအပ်ပါတယ်။ အဆင့်ကျော်တွက်တာ တွေရှိတယ်။ အမှတ်က အဆင့်လိုက်ပေးတာဆိုတော့ ကျော်တွက်တဲ့ အဆင့်တွေအတွက် အမှတ်ပြည့်မရနိုင်တော့ပါဘူး။

ဒ့ါကြောင့် တက္ကသိုလ်ဝင် ရူပဗေဒဘာသာရပ်စာမေးပွဲကို ဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများကို မှာကြားချင်တာကတော့

- ➢ စိတ်ကို တည်ငြိမ်စွာ ထားပါ။
- ➢ ပုစ္ဆာမှာ ပြောင်းထားတာလေးတွေကို ဂရုစိုက်ပါ။
- ➢ အချိန် (အထူးသဖြင့် ပြန်လည်စစ်ဆေးချိန်)ကို ကြိုတင်သတ်မှတ်ပါ။
- ➢ ဘာကြောင့်ပဲဖြစ်ဖြစ် အချိန်ကုန်သည်အထိ ဖြေပါ၊စဉ်းစားပါ။
- ➢ အထပ်ထပ်ပြန်စစ်ပါ။အဆင့်ဆင့်တွက်ချက်ပါ။ အဆင့်ကျော်ရင်အမှတ်မရနိုင်ပါ။
- ➢ အဖြေလွှာမှာ နံပါတ်များ မှန်ကန်အောင်တတ်ပါ။

**အခုပြောပြခဲ့တဲ့ သတိထားရမယ့်အချက်တွေကို ဂရုစိုက်ခဲ့ရင်-**

- ● ရူပဗေဒဘာသာရပ်ကို တပည့်တို့ ကောင်းမွန်စွာ ဖြေဆိုနိုင်ကြမှာပါ။
- ● ကျောင်းသား ကျောင်းသူအားလုံး စာမေးပွဲကို ထူးချွန်စွာ ဖြေဆို၊ အောင်မြင်နိုင်ကြပါစေ။

# aumhoif;rdKUrf;vrf;wdkif;rdK,fnyfioma&;aumfwD ,m,Dp;a&mif;olrsm;ESifh awGUqkH



**ကော့သောင်း ဖေဖော်ဝါရီ ၆**

ကော့သောင်းမြို့ ကမ်းနားလမ်းတိုးချဲ့လုပ်ငန်း စီမံကိန်းအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် ဈေးသူ၊ ဈေးသားများ တွေ့ဆုံဆွေးနွေးခြင်း အစည်းအဝေးတစ်ရပ်ကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ကော့သောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ကမ်းနားတစ်လျှောက် လမ်းမြေထိန်းနံရံထပ်မံချဲ့ထွင်မည့် စီမံကိန်းနှင့် ပတ်သက်၍ ကမ်းနားလမ်းတစ်လျှောက် ဈေးရောင်းချလျက်ရှိသည့် ပုံကျဈေးသူ၊ ဈေးသားများအား စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်မှုတွင် ယာယီဈေးဆိုင်များဖယ်ရှားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးပြောကြားသည်။ ဈေးရောင်းချသူများ မိမိတို့၏ ပုံကျယာယီဈေးဆိုင်များ လုပ်ငန်းမပျက် သင့်တော်သည့်နေရာများတွင် ဆက်လက်ရောင်းချနိုင်ရေး ကြိုတင်စီစဉ်ထားနိုင်ရန် အသိပေးပြောကြားပြီး တက်ရောက်လာသော ဈေးသူ၊ ဈေးသားများကလည်း အခက်အခဲများနှင့် လိုအပ်ချက်များအား ပြန်လည်တင်ပြကြပြီး ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ကော့သောင်းမြို့ ကမ်းနားလမ်းတစ်လျှောက်တွင် ယာယီဆိုင်များဖြင့် ပုံကျဈေးရောင်းချကြသည့်ဆိုင်ခန်းပေါင်း ၅၀ ကျော်ခန့်ရှိပြီး တစ်ဖက် ထိုင်းနိုင်ငံမှလာသည့် ခရီးသွားဧည့်သည်များ၊ မြို့ပြည်သူများ ရောင်းဝယ်ဖောက်ကား အသွားအလာ များပြားရာလမ်းဖြစ်ပြီး အဆိုပါဆိုင်များနှင့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ စည်းကမ်းမဲ့ ဂိတ်ထိုးရပ်နားမှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ၊ ယာဉ်တိုက်မှုများ အခါအားလျော်စွာဖြစ်ပေါ်လေ့ရှိသဖြင့် လမ်းချဲ့ထွင်ပြီး ဈေးရောင်းချသူများအား သင့်တော်သည့်အစီအမံများဖြင့် စည်းကမ်းတကျဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

**SKL TRAVEL**
ရွှေခင်းလမ်း ခရီးသွားလုပ်ငန်း
လည်လည်သွားမယ်အကြိမ်ငသာမယ်
01 524 841, 09 788 999 810 ~ 860

## ၂၀၁၇ – ခုနှစ် အားလပ်ရက်အတာသကြင်္ကန်ခရီးစဉ်များ

- ဗန်ကောက် – ပတ္တရားကမ်းခြေ (၃ ညအိပ် ၄ ရက်)
  စတင်ထွက်ခွာမည့်ရက် - ဧပြီလ ၁၅ / ၁၆ ရက်များ (USD 520)
- ဗန်ကောက် – ပတ္တရားကမ်းခြေ (၄ ညအိပ် ၅ ရက်)
  စတင်ထွက်ခွာမည့်ရက် - ဧပြီလ ၁၆ ရက် (USD 590)
- ဗန်ကောက် – ကန်ချနာဘူရီ (၄ ညအိပ် ၅ ရက်)
  စတင်ထွက်ခွာမည့်ရက် - ဧပြီလ ၁၅ / ၁၉ ရက်များ (USD 650)
- ချင်းမိုင် – ချင်းရိုင် – ရွှေတြိဂံ (၅ ညအိပ် ၆ ရက်)
  စတင်ထွက်ခွာမည့်ရက် - ဧပြီလ ၁၄ ရက် (USD 650)
- စင်ကာပူ (၃ ညအိပ် ၄ ရက်)
  စတင်ထွက်ခွာမည့်ရက် - ဧပြီလ ၈ / ၁၆ ရက်များ (USD 750)
- စင်ကာပူ (၄ ညအိပ် ၅ ရက်)
  စတင်ထွက်ခွာမည့်ရက် - ဧပြီလ ၁၅ / ၁၈ ရက်များ (USD 810)
- ဟိုချီမင်း – မွေနဲ – ဒါလတ် (၄ ညအိပ် ၅ ရက်)
  စတင်ထွက်ခွာမည့်ရက် - ဧပြီလ ၈ / ၁၀ / ၁၄ / ၁၅ / ၁၆ / ၁၈ / ၁၉ ရက်များ (USD 500)
- ဟိုချီမင်း – မွေနဲ – ဒါလတ် – ဥချီ (၅ ညအိပ် ၆ ရက်)
  စတင်ထွက်ခွာမည့်ရက် - ဧပြီလ ၁၅ ရက် (USD 580)
- ဟနွိုင်း – ဟလောင်း – နင်းဘင် – ထရမ်အန်း (၃ ညအိပ် ၄ ရက်)
  စတင်ထွက်ခွာမည့်ရက် - ဧပြီလ ၁၅ / ၁၇ / ၂၀ ရက်များ (USD 560)
- ဟနွိုင်း – ဟလောင်း – နင်းဘင် – ထရမ်အန်း (၄ ညအိပ် ၅ ရက်)
  စတင်ထွက်ခွာမည့်ရက် - ဧပြီလ ၁၈ ရက် (USD 600)
- ဟနွိုင်း – ဟလောင်း – နင်းဘင် – ဆာပါ (၅ ညအိပ် ၆ ရက်)
  စတင်ထွက်ခွာမည့်ရက် - ဧပြီလ ၁၅ ရက် (USD 650)
- တိုကျို – ကာမာကူရာ – ဖူဂျီတောင် – နာဂိုရာ – ကျိုတို – အိုဆာကာ (၆ ညအိပ် ၇ ရက်)
  စတင်ထွက်ခွာမည့်ရက် - ဧပြီလ ၈ ရက် (USD 2,700)

**ရွှေအိုးကြီး** Feb-3,10,17
မြဝတီ၊ မဲဆောက်၊ ဘားအံ
Hotel (Visa) ဆိုင်ထမင်းကျွေး (75000)
အလောင်းတော်ကဿပ၊ ဓနိကိုင်း၊ မုဒ္ဒှ ကျောက်စိမ်း:Feb-10 (40000)
09421073634, 777636630

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစိစဉ်ပေးသည်။
09-450042704
09-250095116
09-420096296


## မင်္ဂလာဗျူဟာအသင်းချုပ်

### ပရိတ်နှင့်ပဋ္ဌာန်းဒေသနာတော်သင်တန်း

သူတော်ကောင်းတရားများထွန်းကားပြန့်ပွားစေရန်စိတ်ရည်သန်လျက် ဆရာတော်များမှအောက်ပါသင်တန်းများကို 'ဓမ္မဒါန' ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါကြောင်းအသိပေးနှိုးဆော်အပ်ပါသည်။

(၁)DR. အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး) သာသနာ့ဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ M.A.;Ph.D.(ဝိသုဒ္ဓိမဂ်နှင့်ဗုဒ္ဓဓမ္မစာပေသင်တန်းမှူး) က ၁၁.၂.၂၀၁၇ (စနေနေ့)မှစ၍ပရိတ်ဒေသနာတော်သင်တန်း အပတ်စဉ်စနေ/တနင်္ဂနွေနေ့များတွင်မွန်းလွဲ၁၂:၃၀မှညနေ၂:၃၀ထိ

(၂)အရှင်အာစာရာဘိဝံသ M.A.(Buddhism)ပိဋကတ္တယပါရဂူ (အဘိဓမ္မာသင်တန်းမှူး)က ၁၂.၂.၂၀၁၇(တနင်္ဂနွေနေ့) မှစတင်၍ ပဋ္ဌာန်းသင်တန်းအပတ်စဉ် စနေ/တနင်္ဂနွေနေ့များတွင် ညနေ ၂:၃၀နာရီမှညနေ၄:၃၀နာရီထိ

မင်္ဂလာဗျူဟာအသင်းချုပ်–ဓမ္မစာပေသင်တန်းအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊၀၁–၃၇၀၉၅၈


# Summer School!
## at Think in English



Dreamers 5-6 YRS
Thinkers 7-8 YRS
Creators 9-11 YRS
Explorers 12-14 YRS

4 skills with confidence



- Join Paul and Magda Blake
- 20 years experience
- 6 years in Myanmar
- Cambridge qualified teachers

Early registration
February 13-18 10% discount!
Tel: 09425026102
Email: info@thinkinenglish.co; 3 U Weik Zar Street; Pazundaung; Yangon

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၀၁၄ - ၁၅/၂၀၁၅ - ၁၆) ပညာသင်နှစ်တွင် (၂)နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်း
● ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏ စည်းကမ်း ပညာ၊ အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ… ●

ပညာရေးဝန်ကြီးဌာန၏
ခွင့်ပြုချက်အမှတ် ကက-၁၃/၁၀/၂၂

# ပညာမြင်းမိုရ်

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
၅တန်းမှ ၁၀တန်းအထိ

အဆောင်မှူး၊ ကျွမ်းကျင် (Guide) ဘွဲ့ရ အလိုရှိသည်။ (ကျား)

- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း…
- စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ…
  နေ့ကျောင်း / ဘော်ဒါ / တဝက်ဘော်ဒါ
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်…
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်…
- ၈/၉/၁၀ တန်းခွဲ(၁)များ (မတ်လ) နောက်ဆုံးပတ်စမည်…
- ၅/၆/၇တန်းများ (မေလဆန်း)စမည်…
  ကျောင်းကားကြို/ပို့ရှိသည်…

၂၀၁၇ – ၁၈ ပညာသင်နှစ် အတွက်ကြိုတင်လက်ခံပြီ

တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။

မြန်မာကျောင်းသားကျောင်းသူများအတွက်
## စင်ကာပူမှတဆင့် တက်ရောက်နိုင်သည့်
## "အမေရိကန်၊ ဩစတြေးလျ Civil Engineering ဘွဲ့များအကြောင်းဆွေးနွေးပွဲ"



CROWN EDUCATION
Award Winning Company

- BE Civil ကို အမေရိကန်၊ ဩစတြေးလျနိုင်ငံတက္ကသိုလ်များတွင် သင်ယူနိုင်မည့် အခွင့်အလမ်းများ
- Diploma in Construction Engineering ဘာသာရပ်ကို စင်ကာပူ(၂)နှစ် + ဩစတြေးလျ(၂)နှစ် သင်ယူနိုင်ခွင့်၊ စင်ကာပူ(၂)နှစ် + အမေရိကန် (၁)နှစ်ခွဲကို လုပ်ငန်းခွင်လေ့လာမှုများနှင့်အတူ Industrial Project ဖြင့် သင်ကြားခွင့်များအကြောင်း
- Civil Engineering, Construction Engineering နှင့် Architecture သင်ယူရာတွင် ကွာခြားချက်များအကြောင်း
- AGTI, BTech, BE Civil, HND, City & Guilds ကျောင်းသားကျောင်းသူများအတွက် Exemption နှင့်အတူ လစာရ လက်တွေ့လုပ်ငန်းခွင်(၆)လဖြင့် သင်ယူနိုင်မည့်အကြောင်း

YANGON
Date : 11 Feb 2017
Time : 10:00 am - 12:00 noon
Venue : CROWN Education Learning Center

MANDALAY
Date : 12 Feb 2017
Time : 2:00 pm - 4:00 pm
Venue : HOTEL MANDALAY (Zabai Phyu Room)

FREE SEMINAR အတွက် ကြိုတင် စာရင်းပေးသွင်းနိုင်ပါပြီ
Call Us : 01 527 838 - 09 730 40 688 - 09 732 732 77
NANYANG INSTITUTE OF MANAGEMENT 南洋现代管理学院

**အောင်ချမ်းသာ**
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့ အိမ်ခန်း၊ ရုံးခန်းပြောင်းရွှေ့ခြင်းများအတွက် DYNA 14',16' ကားများနှင့် အလုပ်သမားစီစဉ်ပေးသည်။
09 43182828
09 73140091
09 5037847

**ဒင်္ဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123


အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

**FORWARD (YGN)**
ကျိုက်ထီးရိုး/ ရွှေတိဂုံ
(နေ့စဉ်) (နေ့စဉ်)
09259259180
09259259181
09259259182

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**ကားစီးလုံးငှားသည်။**
AC-Express(45,33,25), အံ့ဘတုံး(14)Seat, Hice (9-7 Seat),
Alphard, Crown, Mark II (ရွှေငင်) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။
မြို့တွင်း / မြို့ပြင် –ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

**ဂန္ဓဝင်ရွှေပုဂံ Travel & Tours** "သကြင်္န်ခရီးစဉ်များ"

| | | |
|---|---|---|
| ဗန်ကောက် | (၅/၆) ရက် | USD 600 |
| ဗန်ကောက်+ဖူးခက် | (၅/၆) ရက် | USD 900 |
| ဗန်ကောက်+ကန်ချနာပူရီ | (၅/၆) ရက် | USD 650 |
| ဗန်ကောက်+ကမ္ဘောဒီးယား | (၅/၆) ရက် | USD 680 |
| စင်ကာပူ | (၃/၄) ရက် | USD 780 |
| စင်ကာပူ+မလေးရှား | (၇/၈) ရက် | USD 1200 |
| ဘာလီ | (၄/၅) ရက် | USD 1000 |
| စင်ကာပူ+ဘာလီ | (၇/၈) ရက် | USD 1400 |
| ဗီယက်နမ် (ဟနွိုင်း+ဟာလောင်ဘေး) | (၃/၄) ရက် | USD 600 |
| ဗီယက်နမ် (ဟနွိုင်း+ဟာလောင်+ဟိုချီမင်း) | (၅/၆) ရက် | USD 850 |
| ထိုင်ဝမ် | (၆/၇) ရက် | USD 1200 |
| စီအမ်+ချန်ဒူး | (၇/၈) ရက် | USD 1800 |
| ဟောင်ကောင်+မကာအို | (၄/၅) ရက် | USD 1200 |
| ဟောင်ကောင်+ကွမ်ကျိုး+မကာအို | (၇/၈) ရက် | USD 1650 |
| ပီကင်း+ရှန်ဟိုင်း+ကူမင်း | (၇/၈) ရက် | USD 1700 |
| ကိုရီးယား | (၇/၈) ရက် | USD 1800 |
| ဂျပန် | (၇/၈) ရက် | USD 2750 |
| ဂျပန်(ဟော့ကိုင်းဒိုးအပါအဝင်) | {(၈/၉)ရက်–USD 3300/ (၉/၁၀)ရက်–USD 3500} | |
| ဒူဘိုင်း+အဘူဒါဘီ | (၇/၈) ရက် | USD 1900 |
| စပိန် + ပေါ်တူဂီ | (၁၁/၁၂) ရက် | USD 3600 |
| ဥရောပ (၃) နိုင်ငံ | (၁၀/၁၁) ရက် | USD 3100 |
| ဥရောပ (၆) နိုင်ငံ | (၁၄/၁၅) ရက် | USD 3900 |
| ဥရောပ (၃) နိုင်ငံ + အင်္ဂလန် | (၁၄/၁၅) ရက် | USD 4900 |
| အင်္ဂလန်+စကော့တလန်+ဝေးလ်ပြည်နယ် | (၁၀/၁၁) ရက် | USD 4600 |
| အမေရိကန် (East+West) | (၁၂/၁၃) ရက် | USD 4000 |
| အမေရိကန် (East+West+Hawaii) | (၁၅/၁၆) ရက် | USD 5000 |
| ဩစတြေးလျ (ဆစ်ဒနီ+မဲလ်ဘုန်း+ဘရစ်စဘိန်း+ဂိုးလ်ကို့စ်) | (၁၀/၁၁) ရက် | USD 3500 |
| သီရိလင်္ကာ (ဗုဒ္ဓစွယ်တော်) | (၅/၆) ရက် | USD 1300 |
| ဗုဒ္ဓဂယာ (Normal Package) | (၁၄/၁၅) ရက် | ၁၂ သိန်း |
| ဗုဒ္ဓဂယာ (Hotel Package) | (၇/၈) ရက် | USD 980 |

(Ygn Office): No. 67, Baho Road, Sanchaung Township, Yangon.
BKK, SIN, ဂယာ အရောင်းဌာနခွဲ - 01- 510491, 519293
တရုတ်၊ဗီယက်၊ဒူဘိုင်း၊ကိုရီးယား အရောင်းဌာနခွဲ - 01- 519360, 500191
UK,USA,ဩစတြေးလျ၊ဂျပန် အရောင်းဌာနခွဲ - 01- 519292
Hot Line: 09- 790901466
(MDY Office): 38 Rd,Bet,78x79 Street, Mandalay.
Ph: 09 - 31693339, 09-73013856

**NEW MOTION Travels & Tours**
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလျှားသစ်လွင် ခရီးစဉ်
★ အလောင်းတော်ကဿပခရီးစဉ် Feb 10 , Mar 1,10,24
★ ပုဂံ ခရီးစဉ် Feb 18,Mar 1,10,24
★ ကလော-လွိုင်ကော်ခရီးစဉ် Feb 18,Mar 1,10,24
★ မန္တလေး ခရီးစဉ် Feb 18,Mar 1,10,24
★ မြဝတီ - မဲဆောက်ခရီးစဉ် Feb 18,Mar 1,10,24
★ တောင်ကြီးခရီးစဉ် Feb 18,Mar 1,10,24
★ ထားဝယ် - ကန်ချနာပူရီခရီးစဉ် Feb 18,Mar 1,10,24
အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph; 01 527 922, 538 811, 09 731 48922, 09 4925 2911, 09 4925 2922

**Glorious Myanmar Travels & Tours**

| | | | |
|---|---|---|---|
| Mar 24 | ဗီယက်နမ် ခရီးစဉ် | (၄ ရက် ၃ ည) | 440 USD |
| Mar 24 | ဘန်ကောက် ခရီးစဉ် | (၄ ရက် ၃ ည) | 470 USD |
| Apr 14 | ဘန်ကောက် ခရီးစဉ် | (၅ ရက် ၄ ည) | 495 USD |
| Mar 24 | စင်ကာပူ ခရီးစဉ် | (၄ ရက် ၃ ည) | 670 USD |
| Apr 13 | စင်ကာပူ ခရီးစဉ် | (၄ ရက် ၃ ည) | 695 USD |

ခရီးသွားရင်း အမှတ်တရ လက်ဆောင်များ ရယူကြပါစို့.
ဆက်သွယ်ရန် - အမှတ်(၉) C-5 / ရှိုင်ရယ်(လ်) တာဝါ အိမ်ယာ (သမ္မတရုပ်ရှင်ရုံအနောက်)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်
Ph :01-242510, 09-457498448, 09-961875776, 09-778472008, 09-778472006

"မင်္ဂလာဆောင်နှင့် ဆွမ်းကျွေး အလှူပွဲများအတွက် ... အထူးအစီအစဉ်"
KK ကောင်းကြိုက် မှ
ပွဲ(၅၀)မှာယူသူများအတွက်ပန်းကန်၊ ဇွန်းခက်ရင်းအစုံ(၂၀)နှင့် ရေခဲမုန့်ခွက်အစုံ(၂၀)တို့ကို (အခမဲ့) ငှားရမ်းပေးပါသည်။




ရှယ်ဒံပေါက် | စက်ဘာပူဒံပေါက် | ကြက်ဆီထမင်း | နတ်သုဒ္ဓါဒံပေါက် | ထောပတ်ထမင်း

ရှယ်ဒံပေါက် ပွဲ(၅၀)လိုက်ပွဲပါ + သီးစုံရေခဲမုန့် ခွက်(၅၀) + အသည်း၊ အမြစ် ဆီပြန်(၁၅)ပွဲ + ဖာလူဒါချောင်ကြော် ရောက်သီးသနပ် + သစ္စာရည် ချဉ်ပေါင်ဟင်းချို = ၂၆၀၀၀/-နှုန်း
5% Discount
ပွဲ (၁၅၀)မှာယူလျှင် ကောင်းကြိုက်ထီး(၁)ချောင်း။ ပွဲ(၂၅၀)မှာယူလျှင် တိုင်ကပ်နာရီ (၁)လုံး။ ပွဲ (၄၀၀)မှာယူလျှင် လက်ဆောင် (၂)မျိုးစလုံးရယူပါ။
ပင်ရင်းနှင့် ဆိုင်ခွဲများအားလုံးတွင် အထူးအော်ဒါမှာယူရရှိနိုင်ပါသည်။
Tel: 01-651891, 653296, 654030, 654383, 522994, 522682 Hot Line: 09-49218237, 09-8611027, 09-73145495, 09-5012704

◆ ဘိုးဘွားပိုင်မြေ- ဆောက်လုပ်မှုပြီးလုနီး SOHO CONDO
◆ Project ပတ်ပတ်လည်တွင် ထောင်ပေါင်းသောလုပ်ငန်းရှင်များ ဝန်းရံထားသောကြောင့် ရင်းနှီးမြှုပ်နှံမှုအတွက် အာမခံချက်ဖြစ်စေသည်။
◆ ၂၀၁၈ နှစ်လည်ပိုင်းတွင် အခန်းအပ်မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးအမြတ် လျှင်စွာရရှိစေပါသည်။

SPRING LINE
★ Hlaing River Landmark ★

FIRST BUSINESS CENTER
အခန်းတန်ဖိုး USD 160 /sq.ft မှစ၍ လပေါင်း ၄၀ အရစ်ကျငွေချေမှုစနစ်



ဆောက်လုပ်ပြီးစီးသော PROJECT မှသာ လူကြီးမင်းတို့အတွက် အာမခံနှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ကို အခိုင်အမာ ဖြစ်စေပါသည်။

Tel: 09 7930 66666
Add: No.461, Kanar Middle Qtr, Hlaing River Road, Insein Township, Nearby Aung Zay Ya Bridge, Yangon
Facebook: @springlinecenter
Shwe Oak Khai Construction Co., Ltd.



## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အဆင်**

**အသက်(၈၇)နှစ်**

ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်ကွက်နေ ဦးအောင်ကျော်မိုး-ဒေါ်စိုးစိုးမြင့် (မြကြေးမုံပွဲရုံ)တို့၏မိခင်ကြီး ဒေါ်အဆင် အသက် (၈၇)နှစ်သည် ၄-၂-၂၀၁၇ ရက် (စနေနေ့) ည ၉း၃၀နာရီတွင် ကျောက်ပန်းတောင်းမြို့နေအိမ်၌ ကွယ်လွန်ကြောင်းကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုမြင့်-ဒေါ်နန်းနှင်းရည်**
**Ko Ko Myint International Co., Ltd**
**ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးစိန်ရွှေမောင် (B.A, R.L)တရားရုံးချုပ်ရှေ့နေ**
**လက်ထောက်ညွှန်ကြားရေးမှူး စစစ(ငြိမ်း)**
**အသက်(၈၃)နှစ်**

သူငယ်ချင်း ဒေါက်တာသိန်းကျော်-တွဲဖက်ပါမောက္ခ ဒေါက်တာတင်မိုးဝေ (အစာအိမ်နှင့် အူလမ်းကြောင်းအထူးကုဌာန၊ ရန်ကုန်ဆေးရုံကြီး)တို့၏ ဖခင်ဖြစ်သူ ဦးစိန်ရွှေမောင်သည် ၄-၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**11/87-Batch**
**ဆေးတက္ကသိုလ်(၂)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့ရုံးရပ်ကွက်၊ (၃)လမ်းနေ ဒေါ်သန်းသန်းဝင်း၏ခင်ပွန်း၊ သား ဗိုလ်မှူးသော်ဇင်ထိုက်၊ သမီး မသဉ္ဇာထိုက်တို့၏ဖခင် မော်လမြိုင်ကောလိပ် (၇၃/၇၇) ရူပဗေဒကျောင်းသားဟောင်း ဦးခင်မောင်ညွန့်(ခ)ဦးချာလီ (၆၄)နှစ်သည် ၃-၂-၂၀၁၇ရက်(သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**မော်လမြိုင်ကောလိပ် (၇၃/၇၇)**
**ရူပဗေဒကျောင်းသား/သူဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာစုစုမွန် (၅၆)နှစ်**
**ပါမောက္ခ၊ ဌာနမှူး၊ ဇီဝဗေဒဌာန**

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၏ ဇီဝဗေဒ၊ ဌာနမှူး ပါမောက္ခဖြစ်သူ ဒေါက်တာစုစုမွန်သည် ၄-၂-၂၀၁၇ ရက် (စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ**
**စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)**
**အမှတ်စဉ်(၁) ကျောင်းသားများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးမင်း(ခ)စိုးအောင်(ခ)ကိုမော်(ခ)ဝက်သား**
**B.Sc (Maths;) (1984-1991) Rc 3**
**အသက် (၅၆) နှစ်**

လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း၊ အမှတ် (၃၅)၊ ငါးလွှာနေ ဒေါ်တင်တင်အေး၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးစိုးမင်း(ခ)စိုးအောင်(ခ)ကိုမော်(ခ)ဝက်သား (B.Sc Maths; 1984-1991) RC 3 သည် ၆-၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၉း၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**84th Maths, Group RC-3 မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါ်ကျင်လှိုင်**

**အသက် (၅၁) နှစ်**

ပါမောက္ခ ဒေါ်ကျင်လှိုင် (ကလေးကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်-မန္တလေး/ ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေး)သည် ၄-၂-၂၀၁၇ ရက်နေ့ နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးမြို့၊ ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံကြီး(မိသားစု)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာဒေါ်ကျင်လှိုင် (တောင်ငူ)**
**ကလေးကျန်းမာပညာဌာန၊**
**မန္တလေးကလေးဆေးရုံ (ခုတင်-၅၅၀)**
**အသက် (၅၁) နှစ်**

ဆေးတက္ကသိုလ် (မန္တလေး)၊ ကလေးကျန်းမာပညာဌာန၊ ခုတင်-၅၅၀၊ မန္တလေးကလေးဆေးရုံကြီးမှ ဆေးလက်တွေ့ပါမောက္ခ၊ ပါမောက္ခ ဒေါက်တာဒေါ်ကျင်လှိုင်သည် ၄-၂-၂၀၁၇ရက်(စနေနေ့) နံနက် ၉နာရီတွင် တောင်ငူမြို့၌ ကွယ်လွန်သွားပါသဖြင့် အတန်းဖော် သူငယ်ချင်းများအားလုံးမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ချစ်သူငယ်ချင်းများ**
**[ဆေးတက္ကသိုလ်(၂) ရန်ကုန်၊**
**၁၉၈၂ (နိုဝင်ဘာ) ပထမနှစ်၊ အမ်ဘီဘီအက်စ်]**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးဘိုနီ**
**အသက် (၈၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၁၀)၊ မြေညီထပ်နေ ဦးဘချစ်-ဒေါ်သောင်းတို့၏သား၊ (ဒေါ်မြအေး)၏ခင်ပွန်း၊ ဦးဝင်းရွှေ-ဒေါ်နီနီမာ၊ ဦးကျော်ဇင်ဦး(ခရိုင်-ဥပဒေအရာရှိ မြောက်ပိုင်းခရိုင်ဥပဒေရုံး)-ဒေါ်မိုးသီတာဦး(ကညန ကနဦး-ထောက်ကြန့်)၊ ဦးယုလွင်-ဒေါ်ခင်မြချိုတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးဘိုနီသည် ၆-၂-၂၀၁၇(တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်လန်(ခ)ဒေါ်ကြည်ဝင်း(ဗဟိုစည်)

**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်အမှတ်(၄၉)၊ အခန်းအမှတ်(၁၂)နေ (ဦးဟုတ်-ဒေါ်ကြင်ရွှေ)တို့၏ သမီး၊ (ဦးဝှာရင်-ဒေါ်ယု)တို့၏ သမီးချွေးမ၊ [ဦးမောင်မောင်လှ(ခ)ဦးကျန်စွံ]၏ ဇနီး၊ ဒေါ်ရှော့လိန်၊ ဒေါ်စွမ်အိန်း၊ ဦးစိန်ကျန်း၊ ဦးစိန်လော၊ ဒေါ်လျန်အိန်း၊ ဦးစိန်တိတ်၊ ဦးစိန်ပြန့်-ဒေါ်လိန်လိန်း တို့၏ မိခင်ကြီး၊ မောင်ဇေယျာလင်း၏အဘွား ဒေါ်ကျင်လန်(ခ) ဒေါ်ကြည်ဝင်းသည် ၅-၂-၂၀၁၇ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## တပ်ကြပ်ကြီး သန်းဦး(ငြိမ်း)

**အသက် (၅၈)နှစ်**
**မြန်မာစီးပွားရေးကော်ပိုရေးရှင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ မယ်ဇလီကုန်းကျေးရွာနေ (ဦးကျော်သင်း-ဒေါ်လှကြည်)တို့၏သား၊ ဖျာပုံမြို့နေ (ဦးခင်မောင်-ဒေါ်လုံး)၏ သားသမက်၊ ဦးအောင်မင်း-ဒေါ်ထိုက်ထိုက်ဦး၊ ကိုမင်းမင်းထွန်း (အမှတ်-၁၊ အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း)-မဝါဝါ၊ ကိုသန်းကျော်ထူး-မစန္ဒာဝင်း၊ ဒုတကအေးဝင်းပိုက် (နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ)-မချယ်ရီဦးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏အဘိုး ဒေါ်ခင်အေးသိန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၂-၂၀၁၇ရက် နံနက် ဝ၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(က/၄၉)၊ အောင်စေတီလမ်းသွယ်(၃)၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အုပ်စု(၇)၊ (၁၀)မိုင်၊ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးမင်း(ခ)စိုးအောင်(ခ)ကိုမော်(ခ)ဝက်သား (၅၆)နှစ်

**B.Sc (Maths;)**
**(1984-1991) RC 3**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၉၀)နေ (ဦးသိန်းဦး)-ဒေါ်ကျင်စိန်တို့၏ ချစ်လှစွာသောတတိယသား၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း၊ အမှတ် (၃၉)၊ ငါးလွှာနေ ဒေါ်တင်တင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သက်ပိုင်စိုး၊ မခိုင်ဇင်သင်းတို့၏ ချစ်လှစွာသောဖခင်၊ (ဦးကောလိုက်)-ဒေါ်ကင်းလိန်၊ ဦးလေးမြင့်-ဒေါ်ခင်စန်းအေး၊ (ဦးသိန်းထူး)-ဒေါ်ငွေခင်၊ ဦးစန်းရွှေ- ဒေါ်ကြားလျှံ၊ ဦးဝင်းနိုင်-ဒေါ်ခင်နွဲ့၊ ဦးတင်ဝင်း-ဒေါ်လှဝင်းတို့၏ ညီ/မောင်၊ ဥူးဥတ္တမ၏အစ်ကို၊ ဦးသက်ထွန်း-ဒေါ်မြမြအေးတို့၏ ညီ/မောင်၊ ဦးမြသန်း-ဒေါ်ဌေးဌေးခိုင်တို့၏အစ်ကိုသည် ၆-၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၉း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လမ်းမတော် ၁၃ လမ်း၊ အမှတ် ၉၀ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီး ထွန်းအောင်ကျော်(ငြိမ်း)**
**ကြည်း-၂၈၉၇၈ (ကသ-၂၂၆)**
**အသက်(၅၁)နှစ်**

သူငယ်ချင်း ဗိုလ်ကြီး ထွန်းအောင်ကျော်(ငြိမ်း)သည် ၅-၂-၂၀၁၇ ရက်နေ့ ၅း၁၅နာရီတွင် အမှတ်(၁၉၄)၊ အောင်ပြေငြိမ်းလမ်း၊ အနောက်ပိုင်းရပ်ကွက် ကျောက်တန်းမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၈)မှ**
**သူငယ်ချင်းမိသားစုများ**

## အနိစ္စ

**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**
**ရာသက်ပန်အသင်းဝင်အမှတ်(၇၅)**
**ဒေါ်နွယ်နီသန်း(ကော့သောင်း)**
**အသက်(၇၀)**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နေ (ဦးဖန်-ဒေါ်လတ်)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးခင်ရှိန်-ဒေါ်ကျော့ရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက်(စီ)၊ အမှတ်(၁၀၀၂)နေ (ဗိုလ်မှူးအုန်းကျော်)၏ဇနီး၊ (ဦးမြဘူး)၏မရီး၊ (ဦးအွန်း-ဒေါ်ရှုကြည်)၊ (ဦးလျန်-ဒေါ်ရှုလင်)၊ (ဦးကွမ်း)-ဒေါ်အေးလှိုင်၊ (ဦးကင်း)-ဒေါ်ကြင်ဟန်၊ ဦးဝိ-ဒေါ်အေးလှ၊ (ဦးအေး-ဒေါ်ခင်အေးသက်)၊ (ဒေါ်ဂွန်)၊ ဦးရန်း၊ ဦးစွမ်း-ဒေါ်ကြူ၊ ဦးအုန်းသန်း-ဒေါ်တင်ကြူဆွေ၊ ဦးသူရိန်အောင်-ဒေါ်အေးအေးစိုးတို့၏ညီမ၊ ဒေါ်မြဝေ၏အစ်မ၊ မအိအိကျော်၊ မောင်ရဲကျော်တို့၏မိခင်၊ တူ/တူမ ၃၃ယောက်တို့၏အဒေါ် ဒေါ်နွယ်နီသန်းသည် ၅-၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ အသင်းသား၊ အသင်းသူများအား အသိပေး အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

**ဦးစိန်ဝင်း**
**ဦးစီးအရာရှိ(ငြိမ်း) စိုက်ပျိုးရေး**
**အသက် (၆၄)နှစ်**

ကသာမြို့၊ ရပ်ကွက်(၉)၊ အပိုင်း(၁)၊ ပတ္တမြားရပ်ကွက်နေ [ဦးဂျစီ(ခ)ဦးဘစီ-ဒေါ်သိန်းတင်]တို့၏ သား၊ ဝါးခယ်မမြို့၊ သံကြိုးတိုင်ရပ်ကွက်၊ အလင်းရောင်လမ်းသွယ် (၂)နေ ဒေါ်သန်းသန်းဌေး (အထပြ၊ အထက-၂၊ ဝါးခယ်မ)၏ခင်ပွန်း၊ မောင်ဉာဏ်လင်းထက်(ခ)မောင်သူရ၏ဖခင် ဦးစိန်ဝင်းသည် ၄-၂-၂၀၁၇ရက်တွင် (၅/၇) အနောက်ကြို့ကုန်း၊ စိုက်ပျိုးရေးမျိုးစေ့ဝင်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၇ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အနောက်ကြို့ကုန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
**မဝင်းမင်းလှိုင်(ခ)မတိုးတိုး**
**အသက် (၄၃) နှစ်**
**(မြိတ်)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ်(၄)လမ်း၊ အမှတ်(၃၀)၊ ဒုတိယလွှာနေ ဦးဖေမောင်-(ဒေါ်ရှုအင်)တို့၏ သမီးသည် ၃-၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှကား နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဌေးကြွယ်**
**အသက်(၇၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းရွာနေ ဒေါ်သန်း၏ခင်ပွန်း၊ ဦးခင်မောင်ကြွယ် (Managing Director, Max Highway Co., Ltd)- ဒေါ်အေးခိုင်တို့၏ဖခင် ဦးဌေးကြွယ်သည် ၅-၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဇော်(ဥက္ကဋ္ဌ)-ဒေါ်ဌေးဌေးခိုင်**
**(Max Myanmar Holding Co., Ltd)**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တ ကုဏ္ဍာစက္က**
**သိက္ခာတော် (၂၀)ဝါ၊ သက်တော် (၇၉)နှစ်**
**(ရပ်ကွက်သံဃနာယက ဥက္ကဋ္ဌဟောင်း) (မူလဒွါရ)**

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်ရန်ကျေးရွာနေ (ခမည်းတော် ဦးစိုးထွန်းဦး-မယ်တော်ဒေါ်အောင်ကြာဖြူ)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ အောင်မင်္ဂလာကျောင်းဝိုင်း၊ သာသနာ့ဗိမာန်ကျောင်းတိုက်၏ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကုဏ္ဍာစက္က (ရပ်ကွက် သံဃနာယကဥက္ကဋ္ဌ မူလဒွါရဟောင်း)သည် (၁၃၇၈ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်) ၆-၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၈ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်) ၈-၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနသာဓုကီဠန သဘင်ဆင်ယင်ကျင်းပပြီး ညနေ ၃ နာရီတွင် ကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး တပည့်ရဟန်း၊ သံဃာ၊ ဒါယကာ/ဒါယိကာမအပေါင်းနှင့် မြို့နယ်သူ/သား အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီ
သာသနာ့ဗိမာန်ကျောင်းတိုက်
၁၁ ရပ်ကွက်၊ လှိုင်သာယာ

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ရီရီမြင့် (၆၆)နှစ်**
**ဒု-လ. ဝ. က မှူး(ငြိမ်း)၊ မန္တလေးတိုင်း**
**ဓမ္မအလင်းရောင် တရားအလှူတော်လုပ်ငန်း(ပင်မ)**

ရန်ကုန်မြို့၊ အမှတ် (၃၁၇)၊ အခန်း (9A)၊ Sea Green Tower ဗိုလ်တထောင်မြို့နယ်နေ (ဦးနီ-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးအောင်မြင့်-ဒေါ်တင်ပု)တို့၏သမီးချွေးမ၊ [ဦးခင်ဝင်း(သစ်ထုတ်လုပ်ရေး-ငြိမ်း)]၏ဇနီး၊ ကိုဝင်းမြင့်ပိုင် (Win Group Computer)-မဇာဇာချို (ဒုဦးစီးမှူး-စက်မှုလယ်ယာ)၊ ဒေါက်တာဇော်မိုးရှိန်-ဒေါက်တာစောယုမွန်တို့၏မိခင်၊ မဟေမာန်ရွှန်းလဲ့၊ မောင်ထက်မြက်ပိုင်၊ မောင်ဉာဏ်လင်းသုတတို့၏အဘွားသည် ၅-၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးမောင်(မြိတ်/ကျွန်းစု)

**အသက် (၈၂)နှစ်**
**ငွေစာရင်းအရာရှိ (ငြိမ်း)**
**အမှတ်(၁) သတ္တုတွင်းလုပ်ငန်း**

အမှတ် (၂၀/၂၂)၊ (၁၀၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဒေါ်ထားရီ)၏ခင်ပွန်း၊ ဗိုလ်မှူးသက်ထွန်း (ငြိမ်း)၊ ဒေါ်သီသီနွယ် (သွယ်နီရတနာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်ထွေးရီတို့၏ ကျေးဇူးရှင်ဖခင်၊ ဒေါက်တာဇော်မင်းဦး-ဒေါက်တာသက်သီရိနွယ် (ခေတ္တ-ဩစတေးလျ)၊ မသက်သဉ္ဇာနွယ်(ခေတ္တ-ဩစတေးလျ)၊ ဒေါက်တာယမင်းသက်နွယ်၊ မောင်ဉာဏ်ထွန်းအေး(B.P.S)၊ မနှင်းဝတ်ရည်အောင် (Grade-VI-B၊ ထ-၅၊ ဗိုလ်တထောင်)၊ မောင်မြတ်ကောင်းသန့် (Grade-III-B၊ ထ-၅၊ ဗိုလ်တထောင်) တို့၏ချစ်လှစွာသောအဘိုး၊ မမွေးပျံ့ဝေ(ခ)ပေါင်ပေါင်၏ ဘိုးဘိုးကြီးသည် ၆-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၂၀၊ ၁၀၁ လမ်း၊ ရန်ကုန်မြို့ နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအေးမောင်(မြိတ်/ကျွန်းစု)

**အသက် (၈၂) နှစ်**
**ငွေစာရင်းအရာရှိ(ငြိမ်း)**
**အမှတ်(၁) သတ္တုတွင်းလုပ်ငန်း**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နေ ဦးအုန်းမောင်-ဒေါ်သင်တို့၏သားကြီး၊ (ဒေါ်ထားရီ)၏ ခင်ပွန်း၊ ဘုတ်ပြင်းမြို့နေ (ဦးမောင်မောင်လှ)-ဒေါ်တင်စိန်၊ ကျွန်းစုမြို့၊ (၄)ရပ်ကွက်နေ ဦးလှမြင့်-ဒေါ်လှကြူ၊ ဒေါ်တင်ဝင်း၊ (ဦးကြည်ဝင်း-ဒေါ်အေးကြည်)တို့၏အစ်ကိုကြီး၊ တူ/တူမ ၁၂ ယောက်တို့၏ဘကြီးသည် ၆-၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။ (အမှတ်-၂၀၊ ၁၀၁-လမ်း၊ ရန်ကုန်မြို့ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

**ဦးဘဖေ(ခ)ဦးစောသိန်းကျော်**
**အသက်(၉၂)နှစ်**
**လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**
**(ဘိုကလေး-ကျွန်းညိုကြီး)**

ရန်ကုန်မြို့၊ သယ်င်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ အမှတ်(၁၁)၊ သင်္ဂဟလမ်းနေ [ဦးစပုံ-ဒေါ်လှဝင်း(ကျွန်းညိုကြီးကျေးရွာ)]တို့၏ သား၊ (ဦးဘအောင်-ဒေါ်မူစိန်)တို့၏သားသမက်၊ (ဒေါ်အဲမေ)၏ခင်ပွန်း၊ (နော်ခင်သိန်းမေ)၊ (ဦးအောင်သိန်း)-ဒေါ်ခင်သိန်းရွှေ၊ ဦးဟယ်ရီဖိုး-နော်ရီးထာ၊ စောအော်ဇင်းနို-နော်ဖောဖော၊ ဦးမောင်မောင်တာ(ညွှန်ကြားရေးမှူး၊ ပို့/ဆက်)-နော်ရိဇင်းတာ၊ ဦးတင်ထွဋ်-နော်မေသက်၊ ဦးစောမူးအယ်-နော်သီတာထွေးတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၆ ယောက်၊ မြစ် ၁၁ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၅-၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၈း၅၅ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၂-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်ဥယျာဉ်တော် ဝတ်ပြုဆောင်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းခြင်းကို ၁၁-၂-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီတွင် ပြုလုပ်ပါမည်။]

ကျန်ရစ်သူမိသားစု

---

**ဦးမောင်နီ(ခ)ဦးနီ**
**(မင်္ဂလာစိန်တေးသံသွင်း)**
**အသက် (၇၉)နှစ်**

ပဲခူးမြို့နေ (ဦးရှပ်စီ-ဒေါ်ကျင်လွမ်း)တို့၏သား၊ ညောင်လေးပင်မြို့နေ (ဦးတိုက်ကွမ်း)-ဒေါ်မြတင်တို့၏သားသမက်၊ (ဦးဟုတ်ကြည်)-ဒေါ်ရီတို့၏တူ၊ ဦးပေါ်ထွန်း-ဒေါ်မြင့်မြင့်သန်းတို့၏ညီ၊ ဒေါ်ဌေးဌေးမြ၊ ဒေါ်ဌေးဌေးမြင့်တို့၏အစ်ကို၊ ကိုတင်အောင်လွင်-မခိုင်ယဉ်မွန်၊ မသင်းသင်းအေး၊ မောင်ဟန်ထွန်းအောင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကြည်စိုးဟန်၏အဘိုး၊ လသာမြို့နယ်၊ (၈)ရပ်ကွက်၊ (၂၄)လမ်း၊ အမှတ်(၁၁၉)၊ ပထမထပ်နေ ဒေါ်ခိုင်ခိုင်၏ခင်ပွန်းသည် ၆-၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် အမှတ်(၄၁)၊ (၂)လမ်း၊ လမ်းမတော်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဆရာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်ရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော ဟင်းလျာများ ဆက်ကပ်နိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းစီမံဆောင်ရွက်ပေးရန်၊ လှူဖွယ်ပစ္စည်းများ စနစ်တကျဆက်ကပ်လှူဒါန်းနိုင်ရန်နှင့် ဆွမ်းဆန်တော်လောင်းလှူရာတွင် အချိန်ကြန့်ကြာမှုမရှိအောင် စီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

# ဟားခါးပညာရေးကောလိပ်တည်ဆောက်ရေးစီမံကိန်းနှင့် မြို့ကွက်သစ်နေရာချထားမှု ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေး



ချင်းပြည်နယ် ဟားခါးမြို့၌ မြို့ကွက်သစ်နေရာချထားမှုကို တွေ့ရစဉ်။(သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဟားခါးမြို့ပညာရေးကောလိပ်တည်ဆောက်နေမှု၊ မြို့ကွက်သစ်နေရာချထားမှုနှင့် မြေပြိုမှုဖြစ်ပွားခဲ့သည့် ဟားခါးမြို့ ရုန်းတောင်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟားခါးမြို့ပညာရေးကောလိပ်တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီးက ဟားခါးပညာရေးကောလိပ်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်နှင့် ထပ်မံဖြည့်ဆည်းပေးရမည့် ဝန်ထမ်းအိမ်ရာ၊ ရေသိုလှောင်ကန်၊ ရိက္ခာသိုလှောင်ရုံနှင့် သိပ္ပံလက်တွေ့ဆောင်လိုအပ်ချက်များကို တင်ပြသည်။

ယင်းနောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း တည်ဆောက်နေသည့် သင်တန်းသား နှစ်ထပ်စာသင်ဆောင်၊ နှစ်ထပ်အိပ်ဆောင်၊ တစ်ထပ်စားသောက်ဆောင်နှင့် စားဖိုဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐**


မြန်မာစာဂုဏ်ထူးရှင် ဖြစ်လိုသူတိုင်း မျှော်လင့် အားကိုးကြီးစွာ စောင့်စားခဲ့ကြသော

နွေ မြန်မာစာ

• မတ်လ(၉)ရက် ဖွင့်မည်။

• နွေ သင်ရိုးကုန် (ဝတန်း၊ ၉ တန်း၊ ၁၀ တန်း)

• စာစီစာကုံး အထူးတန်းခွဲများ

ဂုဏ်ထူးမြန်မာစာ နည်းပြ

၁၈၈ (၃)ထပ်၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊

ရန်ကုန်မြို့။

ဖုန်း ၃၇၅၅၀၉၊ ၃၇၂၂၃၇၊ ၀၉ ၅၀ ၁၂၆၁၁



မထက်ယမင်းအောင်



မသည်မြတ်အောင်



မသော်သော်ဟန်

ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ပညာရေး ဘော်ဒါ

၂၀၁၆ ခုနှစ်တွင် ပေါ်ထွန်းခဲ့သော ဤကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ပညာရေးဘော်ဒါမှ









၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းကြိုတင် အပ်နှံထားပါမှသာ နှစ်စဉ်နှစ်တိုင်းကဲ့သို့ နေရာအတွက် စိတ်ချရမည်။

စုံစမ်းအပ်နှံရန်...

• ခြံအမှတ် ၂၀ (A)+၂၀ (B) ဝေဠုဝန်လမ်းမကြီး၊ ဌက္ကိုတဲအိမ်ရာ၊ (ORANGE SUPER MART ညာဘက်) သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း ၀၁ ၅၇၀၀၂၂၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉၄ ၂၀၁၃၀၇၂၇

DECO-LAND GROUP

DECO

ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Cast Coated
Duplex
Grey Chip Board
Triplex Paper
Yaeni Paper
Ivory Board
Medium Paper
Test Liner
Kraft Liner
PEC Coated

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Perfume Card
Pearlesent Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 01 684292, 684405~08